# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ (ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၁၃၀)


# ပြည်ထောင်စုလွတ်လပ်ရေးအတွက် အရေးကြီးလှတဲ့ ရှမ်းပြည်နယ်နေ့ဟာ တိုင်းရင်းသားအားလုံးနဲ့သက်ဆိုင်

**နိုင်ငံတော်သမ္မတဦးထင်ကျော်က နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာ**

**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)**

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ဒီကနေ့ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ကျရောက်တဲ့ နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာကတည်းက သမိုင်းအထောက်အထားအခိုင်အမာနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ပြီး တိုင်းရင်းသားလူမျိုးစုအားလုံးတို့ အေးအတူပူအမျှ အခြေချနေထိုင်လာခဲ့ကြတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ထင်ရှားစွာရပ်တည်ခဲ့ပါတယ်။ မြေပေါ်မြေအောက် သယံဇာတများ ကြွယ်ဝခဲ့တဲ့မိမိတို့နိုင်ငံဟာ ၁၈၈၅ ခုနှစ်မှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ရေးရာဝန်ကြီးနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆီရမ်ရိ(ပ်)မြို့အတွင်းရှိ ကျေးလက်ဒေသလူနေမှုဘဝများနှင့် ခမာ အတတ်ပညာ၏ ရတနာတစ်ပါးဖြစ်သည့် ဘန္တေဆရီကျောင်းတော်ကြီးကို သွားရောက်ကြည့်ရှုလေ့လာသည်။

**ကြည့်ရှုလေ့လာ**

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် နံနက်ပိုင်းတွင် ဆီရမ်ရိ(ပ်)မြို့နယ် ကျေးလက်ဒေသရှိ ကျေးလက်လူနေမှုဘဝပုံစံများ၊ ၎င်းတို့၏ ရိုးရာလက်မှုပညာထုတ်ကုန်များနှင့် မိရိုးဖလာ လုပ်ငန်းထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်တို့ ကမ္ဘောဒီးယားနိုင်ငံမှ ချစ်ကြည်ရေးခရီးပြန်လည်ရောက်ရှိလာရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)



# ဒီမိုကရေစီကိုလိုလားလျှင် မတူကွဲပြားသည့်သဘောထားများ ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်သည်ကို ယုံကြည်ရန်လို

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အစရင်ရှိပြီး MPC မှ NRPC သို့ ပြောင်းလိုက်ရသည့် အခြေခံအကြောင်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးသည် မည်သို့မျှ ခွဲ၍မရပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ လက်နက်ကိုင်တိုက်ခဲ့သည့် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ရုံမဟုတ်ပါကြောင်း၊ ထို့ထက်ပိုပြီး ကျယ်ပြန့်ပါကြောင်း၊ မိမိတို့နိုင်ငံ တစ်နိုင်ငံလုံး ပြန်လည်သင့်မြတ်ရေး ဆိုသည်မှာ မတူကွဲပြားသည့် သဘောထားများကို သင့်မျှစေရန်လိုပါကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ❐




မြန်မာ့အလင်း

# ဝံသာနု ရက္ခိတ တရားဟူသည်

မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အားလုံး စည်းစည်းလုံးလုံးနေရမည်၊ တစ်ဦးနှင့်တစ်ဦး၏ ယဉ်ကျေးမှုကို လေးစားရမည်၊ တန်ဖိုးထားရမည်၊ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ထိန်းသိမ်း၊ ကိုယ်ဂုဏ်ယူသလို တခြားပုဂ္ဂိုလ်များ၏ ယဉ်ကျေးမှု၊ တခြားသူများ လုပ်ထုံးလုပ်နည်းများကို အထင်သေးရန် မရှိပါကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့ ပြည်ထောင်စု၏ ဂုဏ်သိက္ခာဆိုသည်မှာ မိမိတို့ နိုင်ငံသူနိုင်ငံသားများအားလုံး၏ ဂုဏ်သိက္ခာပင် ဖြစ်ပါကြောင်း ဖေဖော်ဝါရီလ ၅ ရက်က ကျင်းပခဲ့သည့် မွန်အမျိုးသားနေ့အကြို ညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်သည်။ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကား စသည်ဖြင့် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြခြင်းကြောင့် ပြည်ထောင်စုနိုင်ငံဟူ၍ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဤနေရာတွင် မတူကွဲပြားခြင်းဆိုသည်မှာ သီးခြားဂုဏ်ရည်ဝိသေသလက္ခဏာများ အသီးသီးပိုင်ဆိုင်ထားကြခြင်းသာဖြစ်ပြီး ဝိရောဓိအသွင်ဆောင်သော ကွဲပြားခြားနားသည့် အနက်အဓိပ္ပာယ်ကို ဖော်ဆောင်ခြင်းမဟုတ်သည်ကိုလည်း သတိချပ်ကြရမှာဖြစ်သည်။ တိုင်းရင်းသားလူမျိုးများဟု ဆိုရာတွင်လည်း လက်ရှိကမ္ဘာ့မြေပုံပေါ်တွင် မြန်မာနိုင်ငံဟူ၍ ခေါ်ဆိုတည်ရှိနေသည့် နိုင်ငံနယ်နိမိတ်ပိုင်နက် ဤရေ ဤမြေပေါ်တွင် သမိုင်းတင်နိုင်သည့် ခေတ်ကာလများမှစ၍ အတူတကွ နေထိုင်လာကြသော လူမျိုးများကို ဆိုခြင်းဖြစ်သည်။ သီးခြားဂုဏ်ရည်နှင့် ဝိသေသလက္ခဏာများ အသီးသီးပိုင်ဆိုင်ထားကြသည့် တိုင်းရင်းသား လူမျိုးများ၏ သိပ်သည်းခိုင်မာလှစွာသော စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုနိုင်ငံ၏ အဓိကအကျဆုံးသော အင်အားဖြစ်သည့်အလျောက် တစ်မြေတည်းနေ တစ်ရေတည်းသောက်သော ညီအစ်ကိုမောင်နှမ စိတ်ထားမျိုးဖြင့် အမြဲထာဝရစည်းလုံးညီညွတ်ရေးကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းသွားကြရမည်လည်းဖြစ်သည်။

"လူမျိုးဆိုသည်မှာ သုခ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်ခုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူ ပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနု ရက္ခိတ တရားသည် တည်နေပေ၏" ဟူ၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၂၀-၁-၁၉၄၆) ရွှေတိဂုံဘုရားအလယ်ပစ္စယံ ပြည်သူ့ညီလာခံကြီးတွင်ပြောကြားသော မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ရာ ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါပုံကို ထင်ဟပ်လျက်ရှိသည်။ အဆိုပါ မိန့်ခွန်းတွင်ပင် အမျိုးသားအရေးကိစ္စ၏ အဓိပ္ပာယ်သည် ခေတ်အားလျော်စွာ ပြုပြင်ပြောင်းလဲလျက်ရှိသည်ကို သိရှိသင့်ကြကြောင်း၊ မိမိအမျိုးကိုသာ တစ်ဖက်သတ်စိတ်ထားနှင့် ကြီးပွားစေလိုသော ဆန္ဒရှိ၍ ဖက်ဆစ်ဝါဒကြောင့် ဂျာမန်လူမျိုးတို့ ပျက်စီးရပုံကို မြင်ရကြောင်း၊ ဂျာမနီပြည်တွင် ဂျာမန်တို့၏ ပြင်းပြသော မျိုးချစ်စိတ်ကို လမ်းကောင်းသို့ မပို့ဘဲ လမ်းမှားသို့ ပို့သော ဖက်ဆစ်ဝါဒီလူစုကြောင့် အတိဒုက္ခရောက်ကြရကြောင်း၊ သို့အတွက် မိမိတို့သည် မိမိတို့၏ ဝံသာနုစိတ်ကို အလွဲသုံးစားမပြုဘဲလျက်(ဝါ) မျိုးချစ်စိတ်ကို အတိဒုက္ခရောက်အောင် အသုံးမပြုဘဲလျက် အမြင်ကျယ်ကျယ်နှင့် သဘောကြီးစွာ ဆောင်ရွက်သင့်ကြကြောင်း ယင်းခေတ်ကာလ၏ ခေတ်ပြိုင် ကမ္ဘာ့သမိုင်းဖြစ်ရပ်များနှင့် နှိုင်းယှဉ်ကာ လမ်းညွှန်မိန့်ကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာ ဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေး ကြိုးပမ်းနေသည့်အလျောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ နှစ်သစ်ကူးပွဲတော်များ၊ အမျိုးသားနေ့၊ ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်များ ကျင်းပလာကြပြီဖြစ်ရာ ယင်းတို့မှာ အပြန်အလှန်ဂုဏ်ယူ၊ လေးစား၊ တန်ဖိုးထားအပ်သည့် ယဉ်ကျေးမှုစံနှုန်းများ၊ ပြည်ထောင်စု၏ အားများပင်ဖြစ်သည်။ အေးအတူ ပူအမျှ ကောင်းတူ ဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင်တည်နေသည့် ဝံသာနုရက္ခိတ စိတ်ခွန်အားများဖြင့်ပင် ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




ငြိမ်းချမ်းချစ်ကြည်၊
တွဲလက်ညီ၊
ပြည်ထောင်စုသား
သွေးချင်းများ။
တန်းတူညီမျှ . . .
အခွင့်အရေးရ၊
ငြိမ်းချမ်းသာယာ . . .
ပြည်ထောင်စုမှာ ။

ထင်သာမြင်သာပြုပြင်စရာ

## အင်းတော်မြို့ မြို့မအမကကျောင်းရှေ့လမ်း ရှင်းလင်းစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြို့မအမကကျောင်းရှေ့လမ်းသည် ယာဉ်အသွားအလာများသဖြင့် မူလတန်းကျောင်းသူ ကျောင်းသားများအတွက် ယာဉ်အန္တရာယ်များလှကြောင်းတွေ့မြင်ရသည်။

ယင်းမူလတန်းကျောင်းအနီး လမ်း၏ ဝဲ/ယာနေရာများတွင် ကားဝပ်ရှော့နှင့် ကားဂိတ်များ နေရာယူထားသဖြင့် လမ်းမှာ ကျဉ်းမြောင်းနေပြီး ယာဉ်သွားယာဉ်လာ၊ ကျောင်းသွား ကျောင်းလာများအတွက် အန္တရာယ်များလှကြောင်း သိရသည်။အဆိုပါကျောင်းရှေ့လမ်းသည် ရွှေဘို- မြစ်ကြီးနားသွားမဟာဗျူဟာလမ်းဖြစ်၍ လူစီးမှန်လုံယာဉ်များ၊ ယာဉ်ငယ်များ၊ ဆီသယ်ယာဉ်များ၊ ကုန်တင်ယာဉ်များ နေ့စဉ်ယာဉ်စီးရေ နေ့ည ၂၀၀ ခန့် ဖြတ်သန်းသွားလာနေသဖြင့် မြို့မမူလတန်းကျောင်းသူ ကျောင်းသားကလေးငယ်များအတွက် အန္တရာယ်များလှကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

သို့ပါ၍ အဆိုပါကျောင်းရှေ့လမ်းလေးအား အများပြည်သူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

**လူအောင်(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၆-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ ရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၁၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၆ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၀ · ၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၀ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

ထို့ပြင် ခမာရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများအနက် ကျောက်ဆစ်ပညာဖြင့် တန်ဆာဆင်မှုရာနှုန်း အများဆုံးအဖြစ် စံတင်ထားသည့် ဘန္တေဆရီ ကျောင်းတော်ကြီးကို သွားရောက်ကြည့်ရှုလေ့လာသည်။

**မှတ်တမ်းဝင်**

ဘန္တေဆရီကျောင်းတော်ကို ၁၉၁၄ ခုနှစ်က ပြင်သစ်အရှေ့အလယ်ပိုင်းဘာသာ လေ့လာရေးသိပ္ပံမှ သုတေသနပြုပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့်အတွက် အန်ကောဒေသတွင် ပထမဦးဆုံး ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့် အဆောက်အအုံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**ရာနှုန်းအများဆုံးအဖြစ် စံတင်ထား**

ဘန္တေဆရီကျောင်းတော်ကို ဒုတိယမြောက် သူရိယာဝါမန်မင်းအုပ်စိုးစဉ် အေဒီ ၉၄၄-၉၆၈ အတွင်း အပြီးဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ဘန္တေဆရီကျောင်းတော်သည် ခမာရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများအနက် ကျောက်ဆစ်ပညာဖြင့် တန်ဆာဆင်မှုရာနှုန်းအများဆုံးအဖြစ် စံတင်ထားသည်။ ထို့ကြောင့် ခမာမြို့ဟောင်း အန်ကောသုန်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ဆီရမ်ရိ(ပ်)မြို့ရှိ ရိုးရာလက်မှုပညာထုတ်ကုန်များနှင့် မိရိုးဖလာလုပ်ငန်းထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစဉ်**

(သတင်းစဉ်)



# ကြည့်ရှုလေ့လာ

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဆီရမ်ရိ(ပ်)မြို့ အတွင်းရှိ ခမာအတတ်ပညာ၏ ရတနာတစ်ပါးဖြစ်သည့် ဘန္တေဆရီ ကျောင်းတော်ကြီး၌ ကြည့်ရှုလေ့လာစဉ်**

(သတင်းစဉ်)

ဝန်းကျင်ရှိ ရှေးဟောင်းအဆောက်အအုံများကိုကျော်လွန်၍ အတန်အလှမ်းကွာဝေးသော ဘန္တေဆရီသို့ သုတေသီနှင့် ကမ္ဘာလှည့်ခရီးသည်များ မဖြစ်မနေသွားရောက် လေ့လာရသောနေရာအဖြစ် ဝင့်ထည်လျက်ရှိသည်။

**ထူးခြားသောဝိသေသကို ပိုင်ဆိုင်**

ထို့ပြင် ဘန္တေဆရီကျောင်းတော်ကို **“ခမာအမျိုးသမီးတို့၏ရဲတိုက်”**ဟု တင်စားခြင်း ခံရသည့်အပြင် ၎င်း၏ ဗိသုကာလက်ရာနှင့် အနုပညာလက်ရာများသည် ပြိုင်ဘက်ကင်း၍ ထူးခြားသော ဝိသေသကို ပိုင်ဆိုင်ထားသည့်အတွက် **“ခမာအတတ်ပညာ၏ ရတနာတစ်ပါး”** ဟုလည်း တင်စားကြသည်။

**ထုလုပ်ထား**

ယင်းအဆောက်အအုံကို အတွင်းအုတ်တံတိုင်း အပါအဝင် တံတိုင်းသုံးထပ်ဖြင့် ဝန်းရံထားပြီး ကျုံးဖြင့်ကာရံထားသည်။ မုခ်ဦး ငါးခုပါဝင်ပြီး အတွင်းမုခ်ဦး၊ အလယ်မုခ်ဦး၊ မဟာရံတံတိုင်း သုံးခုအတွက် မုခ်ဦး သုံးခု စုစုပေါင်း မုခ်ဦးငါးခု ရှိသည်။ ဒုတိယနှင့် တတိယ မဟာရံတံတိုင်းအတွင်း ပိဋကတ်တိုက်အပါအဝင် သျှိုဝနှင့်၊ ဗိဿနိုးနတ်မင်းကြီးများဆိုင်ရာ ဟိန္ဒူအယူဝါဒအတွက် ရည်ရွယ်တည်ဆောက်ထားသည့် အဆောက်အအုံများဖြင့် ဖွဲ့စည်းထားပြီး ထိုအဆောက်အအုံများကို ဒူးတစ်ဖက်ထောင်လျက်ရှိသော လူကိုယ်နှင့် တိရစ္ဆာန်ဦးခေါင်းပုံ စိတ်ကူးယဉ်သတ္တဝါများက စောင့်ရှောက်နေဟန် ထုလုပ်ထားသည်။

နံရံများရှိ ဂျီသြမေထရီဒီဇိုင်းပုံ ကျောက်ကနုတ်ပန်းများ၊ မုခ်ဆောင်များ၏ မကာန်းခံတွင်း၌ ခြသေ့်နှင်းနေဟန်ပုံများ၊ ရာမယဏဆိုင်ရာ ရုပ်လုံးများနှင့် ဒဿဂီရိက ကေလာသတောင်ကို လှုပ်ခါနေပုံများကို တွေ့ရသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဆီရမ်ရိ(ပ်)မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့်ထွက်ခွာရာ နေပြည်တော်သို့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လွတ်လပ်ရေးရရှိဖို့အတွက် ဗြိတိသျှကိုလိုနီအစိုးရနဲ့ဆွေးနွေးပြီး လွတ်လပ်ရေးကို ပြည်မ၊ တောင်တန်း အတူတကွရယူလိုကြောင်း ဆန္ဒဖော်ထုတ်ဖို့ ရှမ်းပြည် လူထုခေါင်းဆောင်များနဲ့ တောင်တန်းဒေသမှ ခေါင်းဆောင်များကို စုစည်းကာ ရှမ်းပြည်နယ်၊ ပင်လုံမြို့မှာ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှုရရှိအောင်ကြိုးပမ်းခဲ့ပါတယ်။ ရှမ်းတိုင်းရင်းသားများဟာ တောင်တန်းဒေသတိုင်းရင်းသားများဖြစ်ကြတဲ့ ချင်း၊ ကချင်တို့နဲ့အတူ ပြည်မနဲ့အတူတကွ လွတ်လပ်ရေးကို အရယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ချမှတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ ပင်မမဏ္ဍိုင်ဖြစ်တယ်ဆိုတာကိုထင်ရှားစေခဲ့တဲ့ ပင်လုံစာချုပ်ကို ချုပ်ဆိုပြီး လွတ်လပ်ရေးရယူရန်ဆုံးဖြတ်နိုင်ခဲ့တဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ ပြုလုပ်ကျင်းပလာခဲ့တာဟာ ယခုဆိုလျှင် နှစ်ပေါင်း (၇၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုလွတ်လပ်ရေးအတွက် အရေးကြီးလှတဲ့ ရှမ်းပြည်နယ်နေ့ဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၊ မြန်မာတစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့နေ့ဖြစ်ကြောင်း အလေးအနက်ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ရေးရရှိပြီးနောက် အတိတ်သမိုင်းမှာ မိမိတို့တိုင်းရင်းသားညီရင်းအစ်ကို မောင်ရင်းနှမများအကြား အကြောင်းအမျိုးမျိုးကြောင့် သံသယများ၊ ပဋိပက္ခများပေါ်ပေါက်ခဲ့ရတဲ့အတွက် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းတည်ငြိမ်မှုများကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။ လွတ်လပ်ပင် လွတ်လပ်သော်ငြား လက်နက်ကိုင်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရဲ့ဒေသအချို့မှာ လွတ်လပ်ရေးရဲ့အသီးအပွင့်ကို တင်းပြည့်ကျပ်ပြည့်ခံစားနိုင်ခြင်းမရှိဘဲ အနာဂတ်ပျောက်ဆုံးခဲ့ရပြီး အေးငြိမ်းမှုကင်းဝေးခဲ့ရတာဟာ စိတ်မချမ်းမြေ့ဖွယ်ရာဖြစ်ပါတယ်။

**အထူးအရေးကြီး**

ယနေ့အချိန်အခါမှာ တိုင်းရင်းသားသွေးချင်းများအနေနဲ့ သံသယများနဲ့ပဋိပက္ခများချုပ်ငြိမ်းပပျောက်ပြီး ရေရှည်တည်တံ့တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရရှိဖို့နဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဖို့နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပခြင်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံဖွံ့ဖြိုးမှုများလည်း ဆယ်စုနှစ်များစွာ နောက်ကျကျန်ရစ်ခဲ့ရတာကိုလည်း အထင်အရှားတွေ့မြင်ခဲ့ကြရပြီးဖြစ်ပါတယ်။ ဒါကြောင့် စုပေါင်းတွေ့ဆုံ၊ စုပေါင်းဆွေးနွေး၊ စုပေါင်းအဖြေရှာကြမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို တိုင်းရင်းသားပြည်သူအားလုံးက မျက်မှောက်ပြုကြဖို့ အထူးအရေးကြီးလှပါတယ်။

**လက်တွဲပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံရဲ့ နယ်မြေဒေသအသီးသီးမှာ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့စားဝတ်နေမှုပြည့်စုံရေး၊ လုံခြုံမှုရှိရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် တောင်ပေါ်မြေပြန့်၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုအစိုးရနဲ့အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာမှာ တိုင်းရင်းသားပြည်သူအားလုံးကလည်း ပင်လုံစိတ်ဓာတ်အရင်းခံပြီး ညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်းနဲ့ ရှမ်းပြည်နယ်နေ့အခါသမယမှာ ရှမ်းတိုင်းရင်းသားအားလုံးသာမက မြန်မာတစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူအားလုံး အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# ဒီမိုကရေစီစနစ်အောက်တွင် အစိုးရသည် တတ်နိုင်သမျှ အခြေခံအားဖြင့် ပြည်သူများ၏ စိတ်လုံခြုံမှုကိုပေးရကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြား



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေး ကျင်းပစဉ်

❐ *ရှေ့ဖုံးမှ*

မတူကွဲပြားသည့် သဘောထားဆိုသည်မှာ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရအကြားမှာသာ ပြဿနာရှိခြင်း မဟုတ်ပါကြောင်း၊ မတူကွဲပြားသည့် သဘောထားများဆိုသည်မှာ မိမိတို့နိုင်ငံတစ်ဝန်းတွင် ပုံစံအမျိုးမျိုးနှင့်ရှိပါကြောင်း၊ နိုင်ငံရေးအရ မတူကွဲပြားသည့် သဘောထားများ၊ တိုင်းရင်းသားများအရေးအရ မတူကွဲပြားသည့် သဘောထားများ၊ ဘာသာရေးအရ မတူကွဲပြားသည့် သဘောထားများ၊ လူမှုရေးအရ မတူကွဲပြားသည့် သဘောထားများဆိုသည့် မတူကွဲပြားသည့် သဘောထားအမျိုးမျိုးရှိပါကြောင်း။

**ဆွေးနွေးပွဲကိုသာ တောင်းဆိုခဲ့**

အမှန်တကယ် မိမိတို့ ဒီမိုကရေစီကိုလိုလားလျှင် မတူကွဲပြားသည့်သဘောထားများကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်သည်ကို ယုံကြည်ရန်လိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုလိုပြောရခြင်းမှာ စကားသက်သက်အရ ပြောခြင်းမဟုတ်ပါကြောင်း၊ အလုပ်နှင့်သက်သေထူခဲ့ပြီးပြီဖြစ်ပါကြောင်း၊ နှစ် ၃၀ နီးပါး ဒီမိုကရေစီအတွက် လှုပ်ရှားခဲ့သည့်အချိန်တွင် မိမိတို့ ဆွေးနွေးတိုင်ပင်ပြီး အချင်းချင်းအကြား မတူကွဲပြားသည့် ပြဿနာများကို သဘောထားများမှ ထွက်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းနိုင်မည်ဆိုသည့် ယုံကြည်ချက်ဖြင့် မိမိတို့ရပ်တည်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းယုံကြည်ချက်မှ လုံးဝမသွေဖည်ခဲ့ပါကြောင်း၊ တစိုက်မတ်မတ်ဆွေးနွေးပွဲကိုသာ တောင်းဆိုခဲ့ပါကြောင်း။

**ပြည်ထောင်စုကြီးကို ငြိမ်းချမ်းစေချင်**

မိမိတို့အဖွဲ့ချုပ်အနေဖြင့် အတိုက်အခံအဖွဲ့ဟုပြောပြော၊ လူနည်းစုအဖွဲ့ဟုပြောပြော မည်သို့ပင်ပြောစေကာမူ ရပ်တည်ခဲ့သည့် အချိန်တစ်လျှောက်လုံးတွင် ညှိနှိုင်းအဖြေရှာရန်သာ တောင်းဆိုခဲ့ပါကြောင်း၊ မည်သည့်အခါကမျှ ဘယ်လိုပုံစံမျိုးနှင့်မျှ အကြမ်းဖက်မှုလုပ်ရန် မစဉ်းစားခဲ့ပါကြောင်း၊ အင်အားသုံးပြီး လုပ်ရန်လည်း မစဉ်းစားခဲ့ပါကြောင်း၊ မိမိတို့ သုံးမည့်အင်အားမှာ စိတ်ဓာတ်အင်အားသာဖြစ်ပါကြောင်း၊ စိတ်ဓာတ်အင်အားဖြင့် ပြည်သူလူထု၏ ထောက်ခံမှုအင်အားကိုသာ အားကိုးခဲ့ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုကြီးကို တကယ်ငြိမ်းချမ်းစေချင်ပါကြောင်း၊ ငြိမ်းချမ်းရေးကို မည်သည့်အတွက် လိုချင်တာလဲဆိုလျှင် မိမိတို့ နိုင်ငံသူ နိုင်ငံသားများ စိတ်လုံခြုံရန်အတွက် လိုချင်ခြင်းဖြစ်ပါကြောင်း၊ စိတ်လုံခြုံမှုမရှိဘဲ မည်သို့မျှ ချမ်းသာမှုရနိုင်မည် မဟုတ်ပါကြောင်း၊ စိတ်မလုံခြုံဘဲနှင့် စိတ်ချမ်းသာရန် မဖြစ်နိုင်ပါကြောင်း၊ စိတ်လုံခြုံမှုရှိရန် ငြိမ်းချမ်းရေးလိုအပ်ပါကြောင်း၊ တိုးတက်ရေးလည်း လိုအပ်ပါကြောင်း၊ ဘာဖြစ်လို့လဲဆိုလျှင် စိတ်လုံခြုံပြီး ကိုယ်မှာမလောက်မငဖြစ်နေလျှင် စိတ်ချမ်းသာမှု၊ တကယ့် လုံခြုံမှုဆိုသည်မှာ မဖြစ်နိုင်ပါကြောင်း၊

**နှလုံးသွင်းထားစေလို**

မိမိတို့က စစ်မှန်သည့်လုံခြုံမှုဆိုသည်မှာ ကိုယ့်ဘဝအတွက် မလိုအပ်သည့် စိုးရိမ်ပူပန်မှုများမှ ကင်းဝေးနိုင်မှုဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်း စိုးရိမ်ပူပန်မှုများ ရှိမည်ဖြစ်ပါကြောင်း၊ ယင်းမှာ အစိုးရတစ်ခုအနေဖြင့် ဖယ်ရှားပေးနိုင်မည် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီစနစ်အောက်တွင် အစိုးရသည် တတ်နိုင်သမျှ အခြေခံအားဖြင့် ပြည်သူများ၏ စိတ်လုံခြုံမှုကို ပေးရပါကြောင်း၊ ထို့ကြောင့် စိတ်လုံခြုံမှုကို ထိခိုက်စေသည့် ကိစ္စရပ်များကို ဖယ်ရှားပေးရန်သည် အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ တစ်ဦးချင်းစီ၏ စိတ်ချမ်းသာမှုအတွက် မိမိတို့အနေဖြင့် မည်သို့မျှ အာမခံနိုင်မည် မဟုတ်ပါကြောင်း၊ ယင်းမှာ လူ့လောကကြီးတွင် မဖြစ်နိုင်ပါကြောင်း၊ ယခုမိမိတို့ UPDJC သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး အဓိကကျသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ဒီငြိမ်းချမ်းရေးဖြစ်စဉ်သည် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ တည်ငြိမ်ရေး၊ တိုးတက်ရေးနှင့် ပြည်သူပြည်သားများ၏ စိတ်လုံခြုံရေး၊ ကိုယ်လုံခြုံရေးအတွက် အင်မတန်အရေးကြီးသည့် လမ်းစဉ်ဖြစ်၍ မိမိတို့ ယခုလို အစည်းအဝေးများ လုပ်သည့်အခါ ဒီဟာကို စိတ်ထဲတွင် နှလုံးသွင်းထားစေလိုပါကြောင်း။

**ပြည်ထောင်စုကြီး ပေါ်ထွန်းလာရန် လုပ်နေခြင်းဖြစ်**

မိမိတို့ လုပ်နေတာသည် တစ်စုတစ်ဖွဲ့အတွက် လုပ်နေခြင်း မဟုတ်ပါကြောင်း၊ အစုအဖွဲ့အများကြီးကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များရောက်နေပါကြောင်း၊ မိမိ ဒီမှာလုပ်နေခြင်းသည် NLD အတွက် လုပ်နေခြင်း မဟုတ်ပါကြောင်း၊ အစိုးရအတွက်လည်း လုပ်နေခြင်းမဟုတ်ပါကြောင်း၊ မိမိတို့၏ ပြည်ထောင်စုကြီး ပေါ်ထွန်းလာရန် လုပ်နေခြင်းဖြစ်ပါကြောင်း၊ ဒီအတိုင်း စိတ်ထဲတွင် ထားပါကြောင်း၊ အားလုံး ဒီအထဲမှာ စေတနာနှင့် ရောက်လာသည့် ကိုယ်စားလှယ်များသည်လည်း ဒီအတိုင်း နှလုံးသွင်းထားကြမည်ဟု ယုံကြည်ပါကြောင်း။

**ပေးရကျိုးနပ်မည်ဖြစ်**

မိမိတို့သည် ယခုလိုဆွေးနွေးပွဲများ တက်ရောက်သည့်အခါ ကိုယ့်ဘက်က ဘာများပေးနိုင်မလဲ၊ ကိုယ့်ဘက်ကနေပြီး အဆင်ပြေရန်အတွက် ဘယ်လိုနည်းဖြင့် ပံ့ပိုးနိုင်မလဲဆိုသည်ကို အဓိကစဉ်းစားကြပါဟု မိမိအမြဲတမ်းတိုက်တွန်းပါကြောင်း၊ ငါတို့ဘက်က ဒီကနေ ဘယ်လောက်ရအောင် ယူလိုက်မလဲဆိုသည့် စိတ်ဓာတ်ဖြင့် ချဉ်းကပ်၍ မရပါကြောင်း၊ အားလုံးကလိုချင်စိတ်ရှိကြပါကြောင်း၊ ပထမပေးကြည့်ရန် လိုပါကြောင်း၊ ပေးကြည့်တော့မှ ပေးသည့်အတွက် ပေးရကျိုးမနပ်ဘူးလား၊ နပ်သလားဆိုသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏အတွေ့အကြုံအရ ပေးရကျိုးနပ်မည်ဖြစ်ပါကြောင်း။

**စိတ်ဓာတ်ဖြင့် လုပ်မည်**

တကယ်စေတနာနှင့် ပေးလျှင် ပေးရကျိုးနပ်ပါကြောင်း၊ ကိုယ့်ကိုပြန်လိုချင်သဖြင့် ပေးလျှင်တော့ ကိုယ်မျှော်မှန်းသလို ဖြစ်ချင်မှ ဖြစ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆိုလျှင် ပေးရကျိုးမနပ်ဘူးဟု စိတ်ထဲတွင် ဖြစ်နိုင်ပါကြောင်း၊ အစကတည်းက မျှော်မှန်းချက်က တစ်ခုခုလိုချင်၍ မဟုတ်ဘဲ ကိုယ့်ယုံကြည်ချက်အရ ကိုယ့်မှာ တတ်နိုင်သလောက် ကိုယ်ကနေပြီး ပေးဆပ်ချင်၍၊ ပံ့ပိုးချင်၍ ဆိုသည့် စိတ်ဓာတ်ဖြင့် လုပ်မည်ဆိုလျှင် မအောင်မြင်နိုင်ဘူးဆိုသည်မှာ မရှိပါကြောင်း။

မိမိတို့ ဆွေးနွေးသည့်အခါ အားလုံးသည် အပြုသဘောဆောင်သည့် စိတ်ဓာတ်ဖြင့် ဆွေးနွေးပေးကြပါဟု တိုက်တွန်းလိုပါကြောင်း၊ အခု ဒီအစည်းအဝေး စသည့်အချိန်နှင့် အစည်းအဝေးပြီးသွားသည့်အချိန်ကြားထဲတွင် မိမိတို့သည်ငြိမ်းချမ်းရေးအတွက် တိုးတက်မှုဖြစ်စေမည့် ခြေလှမ်းတချို့ကို တိတိကျကျ ပြတ်ပြတ်သားသားလှမ်းရန် ဆုံးဖြတ်ချက်များချပြီးပြီဆိုသည့် အဖြစ်မျိုးကို ဖြစ်စေချင်ပါကြောင်း၊ အားလုံးကိုလည်း ဒီအတိုင်းပဲ၊ ဒီလိုစိတ်ဓာတ်ဖြင့် ဒီအစည်းအဝေးကိုဝိုင်းပြီး ပံ့ပိုးပေးကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် UPDJC ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ဆက်လက်ဆောင်ရွက်**

ယင်းနောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

**ဆွေးနွေးခဲ့**

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ရက်သတ်မှတ်ခြင်း၊ ကိုယ်စားလှယ်ကိစ္စ၊ အခြေခံမူများ ဖော်ထုတ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**အားလုံးက သဘောတူ**

ယနေ့အစည်းအဝေးနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ ကျင်းပနိုင်ဖို့ ရည်မှန်းဆောင်ရွက်မယ်ဆိုတာ အားလုံး သဘောတူပါတယ်။ နောက်သဘောတူဆုံးဖြတ်တာကတော့ ညီလာခံကိုယ်စားလှယ်နဲ့ပတ်သက်လို့ မူလနိုင်ငံရေးဆွေးနွေးမှု မူဘောင်မှာ ပါဝင်တဲ့အတိုင်း ၇၀၀ နဲ့ ကျင်းပသွားဖို့ သဘောတူတယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေ လက်မှတ်ရေးထိုးခြင်းမပြုသေးတဲ့ အဖွဲ့တွေ ညီလာခံမှာ လက်မှတ်ထိုးလာနိုင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ကြိုးပမ်းဆောင်ရွက်သွားဖို့ သဘောတူတယ်။ ပထမရည်မှန်းချက်ကတော့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေ လက်မှတ်ထိုးလာဖို့၊ ညီလာခံတက်ရောက်နိုင်ဖို့ကို ဒီကာလမှာ အတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်သွားမယ်ဆိုတာ အားလုံးက သဘောတူပါတယ်"ဟု ပြောသည်။

ကရင်အမျိုးသားအစည်းအရုံးမှ ပဒိုမန်းငြိမ်းမောင်ကလည်း "လူမျိုးအလိုက် ဆွေးနွေးပွဲမှာ ကရင်ကတော့ ပြီးသွားပြီ။ ကရင်က ထွက်ရှိလာတဲ့ အခြေအနေကို အကုန်လုံးလက်ခံအောင် ကျွန်တော်တို့ ကရင်အမျိုးသားတွေက ကြိုးပမ်းခဲ့တဲ့အတွက် အကုန်လုံး တော်တော်လေး ကျေနပ်မှုရှိတယ်လို့ ပြန်ကြားရတယ်။ အခုမကြာခင်မှာဆိုရင် ပအိုဝ်းနဲ့ ရှမ်းမှာလုပ်မယ်။ တိုးတက်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးမှု အကုန်လုံးကောင်းပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်သူတွေကိုပြောချင်တာကတော့ ငြိမ်းချမ်းရေးက တကယ်လိုချင်ရင် လွယ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ ကရင်တွေက နှစ်ပေါင်း ၆၀ ကျော် စစ်တိုက်ခဲ့တဲ့ လူမျိုးတစ်မျိုးဆိုတော့ ငြိမ်းချမ်းရေးက စစ်မြေပြင်မှာ အဖြေရှာလို့ မရပါဘူး။ အခု ကျွန်တော်တို့ စားပွဲဝိုင်းမှာ ရောက်လာတာ သုံးနှစ်ရှိပါပြီ။ အခု လူမျိုးအလိုက် ဆွေးနွေးပွဲကို ကျွန်တော်တို့ ကျင်းပနိုင်ခဲ့ပြီ။ ငြိမ်းချမ်းရေး တကယ်လိုချင်ရင် တိုင်းပြည်ကို ပြောချင်တာကတော့ စစ်မြေပြင်မှာ မရှိပါဘူး။ ငြိမ်းချမ်းရေးက တကယ်လိုချင်ရင် စားပွဲဝိုင်းမှာပဲ ရှိပါတယ်"ဟု ပြောသည်။

**သတ်မှတ်အတည်ပြု**

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်မှ ခွန်မြင့်ထွန်းက "ကျွန်တော်တို့ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို လာမယ့်ဖေဖော်ဝါရီလ ၁၆ ရက်ကနေ ၂၀ ရက်နေ့အထိ ကျင်းပပါမယ်။ နေရာကိုတော့ ဟိုပုံးမြို့မှာ ငါးရက်တာ ကျင်းပဖို့ သတ်မှတ်အတည်ပြုနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့မနက်ပိုင်းမှာ လာမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပနိုင်ဖို့ ကိစ္စတွေနဲ့ စပ်လျဉ်းပြီး အဓိကဆွေးနွေးတာဖြစ်ပါတယ်။ အဓိက ကတော့ လက်ရှိသွားနေတဲ့ လုပ်ငန်းစဉ်ဟာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ပြဋ္ဌာန်းချက်အတိုင်းပဲ သွားတာဖြစ်ပါတယ်။ ဇန်နဝါရီလထဲမှာ ကရင်ပြည်နယ်မှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လူမျိုးအလိုက် ကျင်းပခဲ့ပါတယ်။ အဲ့ဒီကနေပြီးတော့ ခေါင်းစဉ်ကြီး လေးခုထွက်လာပါပြီ။ တနင်္သာရီတိုင်းဒေသကြီးမှာ ဒေသအလိုက်ကို ခေါင်းစဉ်လေးခုဆွေးနွေးတာ ထွက်လာပါပြီ။ ဆက်ကျင်းပနိုင်မယ့် အဆင်သင့်ဖြစ်မယ့် နေရာတွေကို ဒီနေ့မှာ ဆုံးဖြတ်တာရှိပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံဟာ တစ်နှစ်ကို နှစ်ကြိမ် ပြုလုပ်ဖို့ ရှိပါတယ်။ ဒါကြောင့်မို့ အခုညီလာခံကတော့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ သတ်မှတ်ထားတယ်။ အားလုံးပါဝင်ညှိနှိုင်းတဲ့အတွက် အဲ့ဒီရက်ဝန်းကျင်ပေ့ါ။ ညီလာခံလို့ပြောတဲ့အတွက် ညီလာခံရဲ့အင်္ဂါရပ်နဲ့ ညီဖို့ဆိုရင် ညီလာခံကိုယ်စားလှယ်ဆိုတာရှိပါတယ်။ ညီလာခံကိုယ်စားလှယ်တွေကတော့ NCA လက်မှတ်ရေးထိုးထားတဲ့ သူတွေနဲ့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ သူတွေထဲကပဲ ဖြစ်ပါတယ်။ အဆုံးအဖြတ် ပေးမယ်ဆိုရင်လည်း ညီလာခံကိုယ်စားလှယ်တွေကပဲ အဆုံးအဖြတ်ပေးရမယ့် အနေအထားမှာရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံ အနေနဲ့လည်း လက်မှတ်မထိုးရသေးတဲ့ သူတွေ အမြန်ဆုံးလက်မှတ်ထိုးပြီး ပါဝင်နိုင်ဖို့ကိုလည်း အားသွန်ခွန်စိုက်လုပ်ဖို့ ပြောထားတာရှိတဲ့အတွက် ငြိမ်းချမ်းရေးကော်မရှင်ဘက်ကလည်း ဒါကို ဆက်ပြီး ဆောင်ရွက်သွားမှာပါ"ဟု ပြောခဲ့သည်။

**(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ထို့နောက် ဟားခါးမြို့ မြို့ကွက်သစ် နေရာချထားမှု အခြေအနေအား သွားရောက်ကြည့်ရှု စစ်ဆေးရာ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအိုင်ဇက်ခင်က မြို့ကွက်သစ် ဖော်ထုတ်ခဲ့မှု၊ မြို့ကွက်သစ်လမ်းများ အဆင့်မြှင့်တင်ရန် လိုအပ်နေမှုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက မြို့ကွက်သစ်အနီး ထင်းရှူးပင်များအား ခုတ်ယူခြင်းမပြုရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ယင်းနောက် ဆုတောင်းပြည့်တောင်သို့ ရောက်ရှိပြီး တောင်အနီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဒေသနှင့်သင့်လျော်သည့် သစ်ပင်များစိုက်ပျိုးရန် မှာကြားသည်။

**ဆောင်ရွက်**

ထို့နောက် ဟားခါးမြို့ ရှုခင်းသာ View Point သို့ ရောက်ရှိကြပြီး ဟားခါးမြို့ ဖွံ့ဖြိုးတိုးတက်မှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဟားခါးမြို့ ရှုခင်းသာသို့ လာရောက်ကြသူများ လေ့လာနိုင်ရန် ချင်းရိုးရာတူရိယာများ ပြသထားမှု၊ အပန်းဖြေ နားနေနိုင်ရန် ထိုင်ခုံများနှင့် အားကစားပစ္စည်းများ ထားရှိမှု၊ View Point မှ မြင်တွေ့နိုင်သည့် ဟားခါးမြို့အလှ မြင်ကွင်းများနှင့် ရှုခင်းသာမျှော်စင် ဆောက်လုပ်ရန် သတ်မှတ်ထားသော မြေနေရာတို့ကို ပြသကြပြီး ဒုတိယသမ္မတက ပြည်သူများနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်အပန်းဖြေလေ့လာနိုင်သည့် နေရာတစ်ခုဖြစ်အောင် ဆောင်ရွက်ကြရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူနိုင်ငံသားများအတွက် ဟားခါး ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့က ကောင်းချီးမင်္ဂလာ တောင်းခံပေးသည့် အထူးဆုတောင်းပွဲသို့ တက်ရောက်ကြပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥက္ကဋ္ဌထံ အလှူငွေများလှူဒါန်းခဲ့သည်။

ထို့နောက် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျခဲ့သည့် ရန်းတောင်အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်းတောင်ပြိုကျမှုကြောင့် တော်လှန်ရေးကန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရန်းတောင် စိမ်းလန်းစိုပြည်ရေးနှင့် ရေဝေရေလဲဧရိယာ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် ရေရှည်လုံခြုံစိတ်ချရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျ အလေအလွင့်မရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသခံများအတွက် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများဖြစ်ရန်လိုကြောင်း၊ ရန်းတောင် မြေဆီလွှာထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်ပင်များနှင့် သြစတြေးလျမြက်များကိုပါ စိုက်ပျိုးကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ဟားခါးနည်းပညာတက္ကသိုလ် တည်ဆောက်ရန် လျာထားသည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟားခါးပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြကာ တိုးချဲ့လူနာဆောင်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား နွေးနွေးထွေးထွေး လိုက်လံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ သည်။

**(သတင်းစဉ်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့ မြို့ကွက်သစ်နေရာချထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

# မုံရွာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လွှတ်တော်သို့ လာရောက်လေ့လာ

**မုံရွာ ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၆ ရက်တွင် မုံရွာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လွှတ်တော်သို့ လာရောက်လေ့လာခဲ့ကြသည်။

မုံရွာတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ ၊ ဌာနမှူး ဒေါ်ခင်သန်းဌေးက "အခုလို လွှတ်တော်ကြီးကို လာရောက်လေ့လာခွင့်ရလို့ အလွန်ဝမ်းမြောက်မိပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ တွေ့ဆုံခွင့်ရရှိခဲ့လို့လည်း ဝမ်းသာပါတယ်။ နေပြည်တော်ကို အရင်ကတည်းက ရောက်ဖူးပါတယ်။ စာစစ်မှူးချုပ်ဘဝနဲ့ လွှတ်တော်လမ်းတွေကို ဖြတ်သွားဖြတ်လာနဲ့ သွားလာခဲ့ဖူးတယ်ဆိုတော့ နေပြည်တော်လမ်းတွေနဲ့ သိပ်မစိမ်းပါဘူး။ လွှတ်တော်ကိုတော့ ဒီတစ်ကြိမ်ဟာ ပထမဆုံးအဖြစ်ရောက်ဖူးတာပါ။ မုံရွာအနေနဲ့ကတော့ သိပ်ပြီးအသစ်အဆန်းတွေ မရှိတာကြောင့် ကျွန်မတပည့်လေးတွေ ကလေးတွေကို ဗဟုသုတ အသစ်အဆန်းရရှိစေချင်ပါတယ်။



ဒေါ်ခင်သန်းဌေး



မအိမွန်ကျော်



မောင်မြင့်ဇော်အေး

လွှတ်တော်မှာ ဆောင်ရွက်နေတဲ့ လုပ်ငန်းဆောင်တာတွေ၊ ဆောင်ရွက်ချက်တွေကို ကလေးတွေအားလုံး မြင်တွေ့ပြီး သူတို့ကတစ်ဆင့် ပြည်သူအားလုံးဆီကို ပျံ့နှံ့စွာရောက်ရှိ၊ သိရှိ သွားစေချင်ပါတယ်။ ဒီအတွက်ကြောင့်လည်း လေ့လာရေးခရီးအတွက် ကလေးတွေကို သေသေချာချာ ခေါ်လာခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတော်အတွက် တကယ့်ကို စေတနာထား လုပ်ဆောင်နေတယ်ဆိုတာ ခုနက အစည်းအဝေးမှာ ကျွန်မတို့ ကောင်းကောင်း သတိထားမြင်တွေ့ခဲ့ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ကျွန်မအနေနဲ့ မုံရွာကို ပြန်ရောက်တဲ့အခါ အခုလို သိရှိလေ့လာခဲ့ရသမျှအားလုံးကို ကျွန်မကလေးတွေကို ပြန်လည်ဖြန့်ဝေပေးမှာပါ"ဟု ပြောသည်။

မုံရွာတက္ကသိုလ် ရုက္ခဗေဒမဟာတန်း ပထမနှစ်မှ မအိမွန်ကျော်က "လွှတ်တော်ကြီးကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ပဲဂုဏ်ယူပါတယ်။ နေပြည်တော်ကို လေ့လာရေးခရီး လာရောက်ရတာလည်း အလွန်ပျော်ပါတယ်။ လမ်းတွေကအစ အခု ဒီလွှတ်တော်ကြီးထဲရောက်တဲ့အထိ စိတ်ကြည်နူးဖို့ကောင်းပါတယ်။ သမီးတို့ဇာတိမှာ ဒီလောက်ခမ်းနားတဲ့ အဆောက်အအုံမျိုးလည်း မရှိတဲ့အတွက် မြင်တွေ့ရတာတွေကို အံ့သြကျေနပ်မိပါတယ်"ဟု ပြောသည်။

မုံရွာတက္ကသိုလ် ရုက္ခဗေဒ ဂုဏ်ထူးတန်းမှ မောင်မြင့်ဇော်အေးက "လွှတ်တော်ကြီးကို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီလိုမျိုး လာရောက်လေ့လာခွင့်ရဖို့ဆိုတာ အိပ်မက်တစ်ခုလိုပါပဲ ၊ ရောက်ခွင့်ရရှိခဲ့တဲ့အတွက်လည်း အလွန်ကျေနပ်ပါတယ်။ ရောက်ရောက်ချင်းမှာကိုပဲ ပြည်သူ့လွှတ်တော်အခမ်းအနားကျင်းပဖို့ ပြင်ဆင်နေပုံကို ကြည့်ပြီး ရင်သပ်ရှုမောဖြစ်မိပါတယ်။ အလွန်လည်း ဝမ်းသာပါတယ်။

"ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တွေ့တဲ့အခါမှာ ကျွန်တော်တို့ အရင်တုန်းက သေသေချာချာ အသေးစိတ်မသိခဲ့တဲ့ အရာတွေ ၊ ကိစ္စတွေကို သိလာရပါတယ်။ နိုင်ငံတော်တိုးတက်ဖို့အတွက် အလုပ်လုပ်ရတာ ဒီလိုပါလားလို့လည်း နားလည်လာမိတယ်။ ပြောင်းလဲမှုတွေဆိုတာလည်း တဖြည်းဖြည်းနဲ့မှ ပြောင်းလဲရမယ်၊ ချက်ချင်းကြီးတော့ အကောင်အထည်ဖော်ဖို့ မလွယ်ဘူးဆိုတာလည်း သိခဲ့ရပါတယ်။ ကျွန်တော်တို့အားလုံး တစ်တပ်တစ်အားအနေနဲ့ ကျောင်းသားထုရော၊ ပြည်သူလူထုကပါ ပါဝင်ပြီးတော့ ကူညီဆောင်ရွက်မှသာ နိုင်ငံတော်ကြီး တိုးတက်မယ်ဆိုတာကို ပိုပြီးတော့ သိရှိခဲ့ရပါတယ်။

"နေပြည်တော်ကို အရင်ကတည်းက ခဏခဏရောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် လွှတ်တော်ထဲကို ရောက်ရှိခဲ့တာမျိုး မရှိပါဘူး။ အခုလို လွှတ်တော်ထဲ ရောက်လာတဲ့အခါ ဝမ်းသာမိတယ်"ဟု ပြောသည်။

တောက်ပသည့်အပြုံး၊ စိတ်ဝင်တစားရှိသည့်မျက်နှာနှင့် လွှတ်တော်ပရိဝုဏ်အတွင်း မြင်မြင်သမျှကို လေ့လာစူးစမ်းနေကြသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၏ စူးစမ်းလေ့လာမှုနှင့် အားတက်သရော ရှိမှုတို့ကြောင့် လွှတ်တော်အဆောက်အအုံ၏ ခမ်းနားမှုသည် ပိုမိုအသက်ဝင် တောက်ပလျက် ရှိနေခဲ့ပါကြောင်း ။ ။

**အောင်နိုင် (သတင်းစဉ်)**

# ရန်ကုန် ငါးမြို့နယ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းစတင်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ်တွင် ဝက်သက်ရောဂါဖြစ်ပွားမှုကပ်အသွင် လျော့ချနိုင်ရေး ဝက်သက်ရောဂါ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိကြောင်း သာကေတမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ်ဖြစ်သည့် ကြည့်မြင်တိုင်၊ သာကေတ၊ လှိုင်သာယာ၊ အင်းစိန်နှင့် တွံတေးမြို့နယ်များတွင် ဖေဖော်ဝါရီ ၆ ရက်မှ ၂၀ ရက်အထိ ဝက်သက်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ သာကေတမြို့နယ်တွင် ဝက်သက်ရောဂါဖြစ်ပွားမှုမှာ လောလောဆယ် ၁၃ ဦးရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရမည့် ကလေးအရေအတွက်မှာ ၃၇၉၆၂ ဦးရှိကြောင်း၊ ဝက်သက်ကာကွယ် ဆေးထိုးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၈၇ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝက်သက်ရောဂါလက္ခဏာရပ်များမှာ ဖျားနာခြင်း၊ ခန္ဓာကိုယ်အနှံ့အပြားတွင် အနီစက်၊ အနီရောင်အဖုအပိမ့်များထွက်ခြင်း(အရည်ကြည်ဖုများမဟုတ်ပါ) ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ မျက်လုံးနီလျက် မျက်ဝတ်ထွက်ခြင်းတို့ ဖြစ်ကြောင်း၊ ဝက်သက်ရောဂါဖြစ်ပွားပြီးနောက် အဆုတ်ရောင်ခြင်း(နမိုးနီးယား)၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ပွားခြင်း၊ ဦးနှောက်ရောင်ရမ်းခြင်းစသည့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားတတ်ပြီး အသက်ဆုံးရှုံးနိုင်ကြောင်း သိရသည်။

ဝက်သက်ရောဂါ သံသယလူနာတွေ့ရှိပါက ကျန်းမာရေးစောင့်ရှောက်မှု အမြန်ဆုံးခံယူနိုင်ရန် နီးစပ်ရာ ကျန်းမာရေးဌာနသို့ သတင်းပို့ဆောင်ရွက်သင့်ကြောင်းလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ ကလေးမိဘများအနေဖြင့် မိမိတို့ နေထိုင်ရာရပ်ကွက်များအလိုက် ကာကွယ်ဆေးထိုးခြင်း စုရပ်များသို့ သွားရောက်ကာ ထိုးနှံပေးကြရန်လည်း တိုက်တွန်းထားသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**မီးဖိုမီး အသုံးပြုလျှင်**

(၁) လူစောင့်ထားပါ။

(၂) လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။

(၃) မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပါ။

(၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။

(၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

မီးသတ်ဦးစီးဌာန

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပညာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြား



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မုံရွာတက္ကသိုလ် ရက္ခဗေဒဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ ရင်းနှီးစွာတွေ့ဆုံပြီး ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မုံရွာတက္ကသိုလ် ရက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါ်ခင်သန်းဌွေး ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၄၀ နှင့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်ခင်ထွေး ဦးဆောင်သည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၄၀ တို့အား သီးခြားစီ တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယင်းတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအဖွဲ့သည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး စတုတ္ထနေ့ကျင်းပနေမှုကို လာရောက်ကြည့်ရှုလေ့လာကြခြင်းဖြစ်ပြီး အစည်းအဝေးပြီးဆုံးချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးဝင်းနိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပါကစ္စတန်အစ္စလာမ့်စ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းနိုင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မက္ကဆီကိုပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ကိုးကြိမ်မြောက်အစည်းအဝေး သုံးရက်ကြာပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ ကိုးကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင်ကျင်းပလျက်ရှိပြီး ယနေ့ကျင်းပသည့်ဆွေးနွေးပွဲတွင် နှစ်ဖက်တပ်များနှင့် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း (SOP)နှင့် JMC အတွက် လိုအပ်သည့်ဘတ်ဂျက်အကြောင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။



JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် (JMC-U) ၏ ကိုးကြိမ်မြောက် အစည်းအဝေး နှုတ်ခွန်းဆက်စကားပြောကြားစဉ်

အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာ၌ JMC-U အနေဖြင့် NCA ပါအတိုင်း စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ၊ ပစ်ခတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သဘောတူစာချုပ်တွင်ပါသော ကတိကဝတ်များအား လိုက်နာဆောင်ရွက်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုသွားရန်၊ တပ်ဖွဲ့ဝင်များ နယ်မြေဒေသအတွင်း ခရီးသွားလာမှုကို NCA အခန်း(၃) အပိုဒ် ၈ ပါအတိုင်း တပ်ဖွဲ့ဝင်များ ခရီးသွားလာမှုနှင့် ပတ်သက်ပြီး လွတ်လပ်စွာ ခရီးသွားလာခွင့်အား လိုက်နာရန်နှင့် တည်ဆဲဥပဒေကို လေးစားလိုက်နာရန်၊ ယခုအခါတွင် NCA အခြေခံမူနံပါတ်(၁) ပါအတိုင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆွေးနွေးနေပြီဖြစ်ကာ ယင်းဆွေးနွေးပွဲများမှ တစ်ဆင့် ခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားများလိုအပ်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် အချင်းချင်းအကြား ပစ်ခတ်တိုက်ခိုက်မှုများမဖြစ်ပွားအောင် စောင့်ထိန်းကြရန် JMC အနေဖြင့်လည်း တာဝန်ယူရသော နယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်မှုများအား ပူးပေါင်းဆောင်ရွက်သွားရန်။

အဓိကအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် တိုက်ပွဲများဖြစ်ပွားခဲ့သည့် အချို့နယ်မြေဒေသများတွင် မြေမြှုပ်မိုင်းများရှိသည့်အပြင် မငြိမ်းချမ်းသေးသော နယ်မြေဒေသများလည်းရှိနေကြောင်း ယင်းတို့အား နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီး မြေမြှုပ်မိုင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရေး၊ နှစ်ဖက်ညှိနှိုင်းကာ တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်၊ မကြာမီကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ ဒုတိယအကြိမ် ကျင်းပတော့မည်ဖြစ်သဖြင့် ထိုအစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်စေရန် JMC အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ပူးတွဲဆောင်ရွက်သွားရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် ဆက်လက်၍ အရပ်သားကိုယ်စားလှယ်များအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ငြိမ်းတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

စောအိုင်းဇက်ဖိုးက ယခုအခါတွင် JMC-U အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) တို့ကို ဖွဲ့စည်းနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ( NCA)၊ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၊ နှစ်ဖက်တပ်များ လိုက်နာရမည့်ကျင့်ဝတ် (COC) တို့နှင့်ပတ်သက်သည်များကို နယ်မြေဒေသများတွင် ရှင်းလင်းပွဲများကျင်းပကာ ဆောင်ရွက်နေပြီးဖြစ်ကြောင်း ထိုရှင်းလင်းပွဲများတွင် ဒေသခံ JMC-S အဖွဲ့များအပြင် အရပ်သားအဖွဲ့များပါပါဝင်သည့်အတွက် ပြည်သူလူထုအနေဖြင့် JMC / NCA /COC တို့အား သဘောပေါက်နားလည်မှုများ ရှိလာပြီဖြစ်ကြောင်း၊

တစ်ဖက်နှင့်တစ်ဖက် အဖွဲ့အစည်းများအကြား ယုံကြည်မှုပျက်ပြားစေသည့် အကြောင်းအရာများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး ယုံကြည်မှုတည်ဆောက်ရန်အတွက် NCA ပါအချက်အတိုင်း ညှိနှိုင်းသွားရန်လိုကြောင်း၊ လက်ရှိတွင် JMC ၌ စိန်ခေါ်မှုများရှိနေပြီး အချို့ကိစ္စများတွင် နယ်မြေပိုင်းခြားသတ်မှတ်မှုရရှိပြီးသော်လည်း သဘောထားကွဲပြားမှုများ ရှိနေသေးသည်ဟု ယူဆရကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းကြားတွင် ပုံမှန်ဆက်သွယ်ရေးကိုတိုးမြှင့်ပြီး တစ်ဖက်နှင့်တစ်ဖက် နားလည်ယုံကြည်မှုရှိလာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်းနှင့် JMC တာဝန်ဖြစ်သည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနေချိန်တွင် တိုက်ပွဲများမဖြစ်အောင် ထိန်းသိမ်းကြရမည်ဖြစ်သောကြောင့် ဖြစ်ပေါ်နေသည့်ပဋိပက္ခများကို လက်နက်ကိုင် အကြမ်းဖက်ပြီး မဖြေရှင်းဘဲ ပူးတွဲပြီး ညှိနှိုင်းဖြေရှင်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏အစည်းအဝေးတွင် JMC ၏ မူဝါဒလမ်းညွှန်ချက်အတိုင်း ရေးဆွဲထားသည့်ဘတ်ဂျက်ကိစ္စအား အတည်ပြုခြင်း၊ တပ်ပိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (SOP) ကိစ္စအား ဆွေးနွေးအတည်ပြုခြင်း၊ နော်ဝေနိုင်ငံ၏ စီစဉ်မှုဖြင့် JMC အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လေ့လာမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်း၊ နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့ (NPA) ၏အစီအစဉ်ဖြင့် မိုင်းရှင်းလင်းရေးသင်တန်း ပြုလုပ်မည့်ကိစ္စဆွေးနွေးခြင်း၊ နှစ်ဖက်တပ်များအကြား နယ်မြေသတ်မှတ်မှုနှင့် မိုင်းရှင်းလင်းမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်းတို့ကို ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "အဓိကထားဆွေးနွေးမှာက တပ်ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP) နဲ့ ဘတ်ဂျက်အကြောင်းဆွေးနွေးမယ်။ ဒီနေ့တော့ မပြတ်သေးဘူး။ SOP က ၁၀ ခုလောက်တော့ အတည်ပြုပြီးပြီ။ နောက်ထပ် ၃၀၊ ၄၀ လောက် ရေးရမယ်။ နောက်ထပ် အလုပ်အဖွဲ့ ရေးထားတဲ့ အတည်ပြုရမယ့် SOP တွေရှိမယ်။ ဘတ်ဂျက်နဲ့ဆိုင်တဲ့ကိစ္စလေးတွေ ဆွေးနွေးမယ်" ဟု ပြောသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## မှုခင်းအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံဥသျှောင်ရပ်ကွက် အကွက်(၅၀၈) မဟာမုနိဘုရားကြီးအရှေ့မုခ် ၈၁ လမ်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ဦးစီးရဲတပ်ဖွဲ့ဝင်များက UD Counter မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးလုပ်ငန်းများကို ပြည်သူများအား လှည့်လည်ရှင်းလင်းဟောပြောပြသခဲ့သည်။

မှုခင်းအသိပညာပေးယာဉ်ပေါ်တွင် မှုခင်းအသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးခြင်း၊ လူကုန်ကူးမှုအန္တရာယ်အသိပညာပေးခြင်း၊ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်ဆောင်ရွက်မှုများနှင့် မှုခင်းဖော်ထုတ်မှုများ စသည့်ဓာတ်ပုံမှတ်တမ်းများအားပြသထားပြီး လာရောက်ကြည့်ရှုသည့်ပြည်သူများအား သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက အသေးစိတ်ရှင်းလင်းပြောပြကာ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အဆိုပါပြပွဲသို့ ပြည်သူစုစုပေါင်း ၃၀၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အစိုးရ၏မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ပြည်သူများ ပြန်လည်သိရှိနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် နေ့စဉ်ဖော်ပြပေးပြီး ပြည်သူ့ကိုယ်စားပြုသတင်းစာအဖြစ် ရပ်တည်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မိမိတို့အစိုးရသည် ပြည်သူက ရွေးချယ်လိုက်သည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် အစိုးရ၏မူဝါဒများနှင့် ဆောင်ရွက်ချက်များကို ပြည်သူများ ပြန်လည်သိရှိနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများတွင် နေ့စဉ်ဖော်ပြပေးပြီး ပြည်သူ့ကိုယ်စားပြု သတင်းစာအဖြစ် ရပ်တည်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မြေပုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏ **တိုင်းရင်းသားသတင်းမီဒီယာများ အပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်က မည်သို့ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်း၊ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူ့ကိုယ်စားပြုသတင်းစာများအဖြစ်သို့ ရောက်ရှိနိုင်ရန် မည်သို့သောပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထိုသို့ ဖြေကြားလိုက်ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ သတင်းစာ (၃၉) စောင် ထုတ်ဝေခွင့်ပြုခဲ့ပြီး ချင်းတိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာသုံးစောင်လည်း ပါဝင်ပါကြောင်း၊ ဂျာနယ် (၄၇၆) စောင် ခွင့်ပြုခဲ့ပြီး တိုင်းရင်းသားဘာသာဂျာနယ်စောင်ရေ (၄၀)၊ မဂ္ဂဇင်း (၃၇၀) အုပ်ခွင့်ပြုခဲ့ပြီး တိုင်းရင်းသားဘာသာမဂ္ဂဇင်းခုနစ်စောင် ပါဝင်ပါကြောင်း၊ ယခုအချိန်အထိ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အထွေထွေပုံနှိပ်လုပ်ငန်းများနှင့် သတင်းအေဂျင်စီလုပ်ငန်းများအတွက် အသိအမှတ်ပြုလက်မှတ် လျှောက်ထားသူ ၃၄၃၁ ဦးအနက် ၃၄၂၉ ဦးကို ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်၍ စာမူများ ကြိုတင်စိစစ်သည့်စနစ်ကို ပယ်ဖျက်ခဲ့ပြီးနောက် လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့် ရရှိခဲ့ပါကြောင်း၊ လွတ်လပ်၍ အမှီအခိုကင်းသောမီဒီယာများထွက်ပေါ်လာစေရေး၊ မြန်မာမီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ UNDP,



မြေပုံမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း

UNESCO, IMS, DW Akademic, Action Aid, Article 19, USAID အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂနှင့် တိုင်းရင်းသားမီဒီယာများပူးပေါင်း၍ Conference, Seminar,Workshop,Dialogue များ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဆွေးနွေးပွဲများ၊ ညီလာခံများမှတစ်ဆင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာနယ်ပယ်အသီးသီးတွင် လက်ရှိကြုံတွေ့နေရသည့် ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အခက်အခဲများ၊ စိန်ခေါ်မှုများကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေး အဖြေရှာခဲ့ကြပါကြောင်း။

တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအနေဖြင့်လည်း BNI (Burmese News International) ကို နိုင်ငံအတွင်း မီဒီယာလုပ်ကိုင်ခွင့်၊ တိုင်းရင်းသား မီဒီယာညီလာခံများ ကျင်းပပြုလုပ်ခြင်းများကို အားပေးကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တိုင်းရင်းသားပုံနှိပ်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများအနေဖြင့် ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) တွင် တိုင်းရင်းသားတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုသတင်း၊ ဓာတ်ပုံ၊ ဆောင်းပါးများကို မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာတို့ဖြင့် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ရောင်စုံစာမျက်နှာလေးမျက်နှာဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းထုတ်ဝေဖြန့်ချိပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ လက်ရှိတွင်လည်း တိုင်းရင်းသားစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနှင့် စာအုပ်အရောင်းပွဲတော်တို့ကို ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ စာပေဗဟိုနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများမှ ကိုယ်စားလှယ် ၁၆၆ ဦး တက်ရောက်ခဲ့ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# မြို့နယ်ချင်းဆက် လမ်းအဆင့်နှင့်လမ်းနယ်နိမိတ်ရရှိနိုင်မှုသည် အနည်းဆုံး ပေ ၁၀၀ ရှိရမည်ဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၏ **နိုင်ငံ့ဝန်ထမ်းခန့်ထားရေး၊ အလုပ်နေရာပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးကိစ္စများတွင် အဂတိကင်းစင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကိုသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ အငြိမ်းစားခံစားခွင့်ပြုခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တစ်ပြေးညီ လိုက်နာကျင့်သုံးနိုင်ရန် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ဖြင့် ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၂ ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရာ၌ နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများနှင့်အညီ အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများရရှိစေရန် ရည်ရွယ်၍ ရေးဖြေစစ်ဆေးရာ၌ ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်လိုသည့် အရင်းခံအကြောင်းကို ဖော်ထုတ်ပြသနိုင်မည့် မေးခွန်းပုံစံအဖြစ် ပြောင်းလဲခဲ့သည့်အပြင် ပြည်သူ့ဝန်ထမ်းများအား ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်သူ ဟူသည့် စိတ်ဓာတ်မျိုးထားရှိနိုင်ရန်အတွက် ထိရောက်စွာလေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်၍ ပြည်သူ့ဝန်ထမ်းအကယ်ဒမီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်၌ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ် ၁ ကို ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၆၈ တွင် ဝန်ထမ်း၏ ပြုလုပ်မှု၊ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှု တစ်ခုခုနှင့်စပ်လျဉ်း၍ အရေးယူရန်ရှိပါက ဥပဒေကြောင်းအရ ဌာနဆိုင်ရာ အရေးယူသင့်သည့် အမှုကိစ္စဖြစ်သည် သို့မဟုတ် ဥပဒေကြောင်းအရ အရေးယူရမည့်အပြင် ဌာနဆိုင်ရာ အရေးယူရန်လည်း တစ်ပြိုင်တည်း ပူးတွဲအရေးယူရန်လိုအပ်သည့် အမှုကိစ္စဖြစ်သည်ကို ရှေးဦးစွာ ဆုံးဖြတ်ရမည်။ ဥပဒေကြောင်းအရ အရေးယူရမည့်အမှုကိစ္စဖြစ်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိချက်အရ ဝန်ထမ်း၏ ပြုလုပ်မှု၊ ကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှုသည် ဥပဒေကြောင်းအရ အရေးယူရမည့် အမှုကိစ္စ ဖြစ်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးအေးချို၏ **ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ အင်းမ - ဆင်မြီးဆွဲလမ်း (အရှည် ၁၆ မိုင် ၆ ဖာလုံ) နှင့် အင်းမ - အင်ငူလမ်း (အရှည် ၇ မိုင်) တို့အား ဖောက်လုပ်နေမှုကို တာဝန်ယူနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအောက်သို့ လွှဲပြောင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ**



ဒုတိယဝန်ကြီး
ဦးလှကျော်

မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မူဝါဒ သတ်မှတ်ချက်အရ ဝန်ကြီးဌာနအပိုင် လမ်းအဖြစ် လွှဲပြောင်းလက်ခံရာ၌ အနည်းဆုံး မြို့နယ်ချင်းဆက်လမ်းအဆင့်နှင့် လမ်းနယ်နိမိတ်ရရှိနိုင်မှုသည် အနည်းဆုံးပေ ၁၀၀ ရှိရမည်ဖြစ်ပြီး လမ်းနယ်နိမိတ်သတ်မှတ်ချက်အတွက် မြေယာလျော်ကြေးကိစ္စ ကင်းရှင်းပြီးပြတ်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဦးစီးဌာနပိုင် အင်းမ-ဆင်မြီးဆွဲ လမ်းနှင့် အင်းမ - အင်ငူ လမ်းတို့သည် ကျေးရွာချင်းဆက်လမ်းများဖြစ်၍ လမ်းနယ်နိမိတ်အကျယ်မှာ ပေ ၁၀၀ မရှိသည့်အတွက် ဝန်ကြီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းလက်ခံနိုင်ခြင်း မရှိကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားထားပါကြောင်း၊ ထို့ကြောင့် သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲလမ်းနှင့် အင်းမ - အင်ငူလမ်း အရှည်ခုနစ်မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ **နိုင်ငံတော်၏ သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းထားသည်ဆိုသော** MICA (Myanmar International Cooperation Agency) **သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ** MICA **အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသောစက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ယနေ့အစည်းအဝေးတွင် ဆွေးနွေးသည်။



ပဲခူးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအေးချို

အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းတို့က အဆိုအား ထောက်ခံဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်က MICA သည် ၂၀၁၆ ခုနှစ် ဇွန်လ ၆ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ စိစစ်ချက်အရ ကျေးလက်ဒေသ မဟာဗျူဟာ မူဘောင်နှင့်အညီ ဖွဲ့စည်းသည်ဆိုသော်လည်း အဆိုပါမဟာဗျူဟာမူဘောင်အပိုဒ် ၂၂ ပါ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ဖြစ်သည်ဟု မဆိုနိုင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပမှခန့်ထားသော ဝန်ထမ်းများ ရောထွေးပါဝင်ခြင်း၊ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားခြင်းမဟုတ်သည့်အပြင် ပြည်ထောင်စုအစိုးရ၏ တရားဝင်ဖွဲ့စည်းတာဝန်ပေးအပ်သည့် အမိန့်ရရှိခြင်းလည်း မရှိပါကြောင်း၊ ဥပဒေတစ်ရပ်ရပ်ဖြင့်ဖွဲ့စည်းပြီး ဘတ်ဂျက်ကိုလည်း နိုင်ငံတော်သို့ တင်ပြသုံးစွဲခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ MICA သည် နိုင်ငံတော်ဘတ်ဂျက်တွင် အသုံး၊ အသွင်း မရှိသည့်အပြင် ရငွေသုံးငွေအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့တင်ပြ၍ ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင်ချပေးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ရသုံးငွေစာရင်း၌လည်း မည်မျှရှိသည်ကို ပွင့်လင်းမြင်သာစွာ ပြသနိုင်ခြင်းမရှိပါကြောင်း၊ MICA သည် ဥပဒေတစ်ရပ်ရပ်ဖြင့် တရားဝင်အဖွဲ့အစည်းမဟုတ်သည့်အပြင် ငွေစာရင်းများလည်း ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ရည်ရွယ်ချက်များကိုလည်း အကောင်အထည်မဖော်နိုင်ခြင်း၊ လုပ်ငန်းများ လွဲချော်လုပ်ဆောင်နေသောကြောင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက MICA နှင့် စပ်လျဉ်းပြီး အထောက်အထားအချက်အလက်များ ရှာဖွေသည့်အခါတွင် လွယ်လွယ်ကူကူမဟုတ်ဘဲ အင်မတန်ခက်ခဲသည်ကိုလည်း တွေ့ရပါကြောင်း၊ MICA နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် မတ်လ ၂၂ ရက်စွဲဖြင့် ထုတ်ပြန်ချက် (၃/၂၀၁၆) တစ်ခုတည်းကိုသာ သက်သေခံအထောက်အထားအဖြစ် တွေ့ရပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်ကို အခြေခံပြီး သုံးသပ်ကြည့်ပါကလည်း အဆိုရှင်အဆိုပြုသကဲ့သို့ ဖျက်သိမ်းသင့်သည်ကို ခိုင်ခိုင်လုံလုံတွေ့ရပါကြောင်း၊ မျက်မြင်သက်သေခံချက် အားနည်းသော အမှုအခင်းမျိုးတွင် တရားရုံးအနေဖြင့် ပတ်ဝန်းကျင်အထောက်အထား သက်သေခံချက်များအပေါ်တွင် အခြေခံစဉ်းစားဆုံးဖြတ်ရသည့် ဥပမာအတိုင်း MICA ၏ သတင်းထုတ်ပြန်ချက်နှင့် ငါးဖမ်းရေယာဉ်များကိစ္စရပ်များ၌ ဥပဒေနှင့် ညီညွတ်စွာ မလုပ်ဆောင်နိုင်ခဲ့သည်မှာ ထင်ရှား၍ အဆိုမှာ တရားမျှတ မှန်ကန်မှု ရှိသည်ကို ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

# အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (ရန်ကုန်)အိမ်ရာများ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(ရန်ကုန်) အိမ်ရာများ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းမိသားစုများ၊ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်နှင့် တပ်မတော်အပေါ် တာဝန်ကျေပွန်ခဲ့သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအပေါ် တပ်မတော်အနေဖြင့် လိုအပ်ချက်များကို မျက်ခြည်မပြတ် စောင့်ကြည့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ရာတွင် လျှပ်စစ်မီးနှင့် ရေ ကောင်းစွာရရှိပြီး အလုပ်အကိုင်၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစား၍ အဆင်ပြေဆုံးဖြစ်အောင် လုပ်ဆောင်ပေးနေကြောင်း၊ စစ်မှုထမ်းဟောင်းများအားလုံးအတွက် ပြည့်စုံလုံလောက်မှု မရှိသေးသော်လည်း ပြည့်စုံလုံလောက်သည်အထိ ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တော်စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏အကျိုးကို လက်ရှိတပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်မှုထမ်းများနှင့် မိသားစုဝင်များက ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အိမ်ရာနေထိုင်ခွင့်လက်မှတ်များနှင့် အခန်းသော့များအား စစ်မှုထမ်းဟောင်းများနှင့် မိသားစုကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် အိမ်ရာတွင်နေထိုင်မည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်တို့က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောက မီးဖိုချောင်သုံးပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။ ထို့နောက် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ခဲ့ကြသည့် ဆောက်လုပ်ရေးကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယနေ့ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်သည့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတိုက်ခန်း စုစုပေါင်း ၈၅ ခန်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လ၌ ပထမအကြိမ်အဖြစ် အခန်း ၁၃၈ ခန်းအား နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်မှုထမ်းဟောင်းမိသားစုများ၊ အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)

---

***ပြည်သူ့လွှတ်တော်မှ***

တစ်နည်းအားဖြင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် အစိုးရမူဝါဒများကို ဘယ်လိုဘယ်နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို ပြည်သူများအား အစီရင်ခံသည့်နေရာတွင် သတင်းစာမှတစ်ဆင့် ဆောင်ရွက်နေသည့် သဘောဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက် နိုင်ငံပိုင်မီဒီယာများ၏ဖော်ပြမှု တင်ဆက်မှုများသည် အစိုးရဝါဒဖြန့်ပုံစံသဘောမျိုးမဟုတ်ဘဲ ပြည်သူနှင့် အစိုးရကြား အပြန်အလှန် ထိတွေ့ဆက်ဆံနေသည့် ကြားခံယန္တရားသဖွယ် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ သတင်းတိကျမှု၊ ခိုင်မာမှုမျိုးများကို ပိုမိုလုပ်ဆောင်၍ ပြည်သူ့အကျိုးပြုသတင်းများကို အမြန်ဆုံးဖော်ပြနိုင်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများမှ မိမိတို့၏ သဘောထားအမြင်များကို လွတ်လပ်စွာ မြင်တွေ့နိုင်စေရေးအတွက် နိုင်ငံပိုင်သတင်းစာတစ်ခုဖြစ်သည့် ကြေးမုံသတင်းစာတွင် သတင်းစာ၏ အာဘော်မဟုတ်ဘဲ ပြင်ပစာရေးသူ၏အမြင်ကို ဖော်ပြပေးသည့် ပြည်သူ့သဘောထားစင်မြင့်ဆိုသည့် ကဏ္ဍအသစ်တစ်ရပ်ကို အပတ်စဉ်ဖော်ပြပေးနေခြင်းသည် ပြည်သူ၏ သဘောထားများကို ဖော်ပြပေးနေခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်မည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်ရင်ပြင်ကဲ့သို့သော ကဏ္ဍအသစ်ဖြင့် လူငယ်စာပေဝါသနာရှင်များ ပေါ်ထွန်းလာရေး၊ အနာဂတ်စာပေပညာရှင်များ ပေါ်ထွန်းလာရေးနှင့် ကလေးအရွယ်ပါမကျန် စာဖတ်ဝါသနာပါရှိရေးအတွက် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူနှင့် အစိုးရကြား ပေါင်းကူးဆောင်ရွက်ပေးမည့် မီဒီယာဗဟုဝါဒကျင့်သုံးပြီး ပြည်သူများ သတင်းအမှန်၊ ဖြစ်ရပ်အမှန်သိစေရန်၊ ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်နှင့် အကိုးအကားပြုစေနိုင်သည့် ခိုင်မာသော သတင်းအချက်အလက်များ ဆောင်ရွက်ပေးမည့် ပြည်သူအတွက် အသိပညာပေးမှုများကိုပါ ထည့်သွင်းဆောင်ရွက်ပေးလျက်ရှိသည့် သတင်းစာများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၏ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းရေးဆိုင်ရာဥပဒေအား ပြင်ဆင်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ရှင်းလင်းဖြေကြားရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့အား ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကိုလေ့လာသုံးသပ်ပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည့်ပြည့်စုံစုံရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် လမ်းညွှန်တာဝန်ပေးအပ်ခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်များနှင့် ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးပါက ၎င်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၏ **ရွှေတောင်အမှတ် (၁) အထည်စက်ရုံ၏ အနာဂတ်စီမံကိန်းကို အကောင်အထည်ဖော်သည့် အချိန်နှင့် စီမံကိန်းပြီးစီးချိန်တို့တွင် ဒေသခံပြည်သူလူထုအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မှု အခြေအနေများကို ပြည့်စုံစွာသိရှိလိုခြင်း**မေးခွန်းကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပထမအဆင့်အနေဖြင့် အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်) ကို ပြောင်းလဲလာသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နည်းပညာနှင့် စက်ပစ္စည်းများ အဆင့်မြှင့်တင်၍ အရည်အသွေးမြင့်မားသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်ရုံရှိ အချောကိုင်ဌာနအား ဂျပန်နိုင်ငံ ဆုယမိုတိုကုမ္ပဏီလီမိတက်နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိကာ ကုမ္ပဏီအနေဖြင့် Feasibility Study ပြုလုပ်လျက်ရှိပြီး မကြာမီ စီမံကိန်းဆောင်ရွက်မည့်အသေးစိတ်အစီအစဉ်နှင့် စီမံကိန်းကာလတို့ကို ညှိနှိုင်းသတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် စက်ရုံဧရိယာရှိ မြေလွတ် ၁၂၇ ဧကအား Specialized Textile and Garment Zone ( STGZ)အဖြစ် ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ စက်မှုဇုန်တွင် ချည်မျှင်နှင့် အထည်လုပ်ငန်း၏ Supply Change အတွက် ဒေသခံလုပ်ငန်းရှင်များ အပါအဝင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ဆောင်ရွက်သွားမည်ဖြစ်ရာ စက်ရုံကိုအမှီပြု၍ ရွှေတောင်ဒေသတွင် အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်မှုဇုန်တစ်ခု ဖြစ်ပေါ်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရုံသာမက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)နှင့်အတူ ပေါ်ထွန်းလာမည့် အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်မှုဇုန်ရှိ ပြည်တွင်း၊ ပြည်ပနှင့် ဒေသခံလုပ်ငန်းများအကြား ကုန်ထုတ်လုပ်မှုကွင်းဆက်များ ချိတ်ဆက်မိပြီး မြန်မာနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်က **ပြည်သူလူထု အား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက် ထည့်သွင်းလျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို** တင်သွင်းရာ မကွေးတိုင်းဒေသကြီး ထီးလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လင်းဦးက ထောက်ခံသဖြင့် အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏ သဘောတူညီမှုကိုရယူရာ လွှတ်တော်က သဘောတူညီသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်** လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

---

## ဒုတိယအကြိမ် ရောဝတီတိုင်းဒေသကြီး လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကိုယနေ့ နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ဦးစီးကျင်းပသည်။

ပထမဦးစွာ ကြယ်ပွင့်ပြ မေးခွန်းသုံးခုကို မေးမြန်းဖြေကြားရာဟသ်ာတမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအချို့၏ ဌာနပိုင်အဆောက်အအုံမြေ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား လွှဲပြောင်းရောင်းချငှားရမ်းရာတွင် ပွင့်လင်းမြင်သာမှုမရှိခဲ့သည်ကိုတွေ့ရှိပါသောကြောင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် ဟသ်ာတမြို့နယ် မဲဆန္ဒနယ် (၂) ဦးအောင်ကိုကိုဦး၏ မေးခွန်းကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့် ဖြေကြားချက်ကို ဖြေကြားခဲ့သည်။ ကျုံပျော်မြို့နယ် ကညင်ဆိုင်ကျေးရွာအုပ်စုနှင့် မဲဂရက်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများသည် ပုဂ္ဂလိကပိုင်အမည်ပေါက် ငါးမွေးကန်ကြောင့် နှစ်စဉ်လယ်ယာမြေများ ရေလွှမ်းမိုး၍ ပျက်စီးဆုံးရှုံးနေရခြင်းအပေါ် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်ပေးမည့် အခြေအနေများ သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် ကျုံပျော်မြို့နယ် မဲဆန္ဒနယ် (၁)ဒေါ်သီတာ၏ မေးခွန်းနှင့် ကြံခင်းမြို့နယ် အုတ်တွင်းအုပ်စု ပိုးစုချောင်းပေါ်ရှိ သရက်ခုံတံတားအား ပြန်လည်တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့် ကြံခင်းမြို့နယ် မဲဆန္ဒနယ်(၂) ဦးကျော်မျိုးလင်း၏ မေးခွန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးဘဟိန်းက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ပထမနေ့အစည်းအဝေးတွင် တင်သွင်းသည့် မြောင်းမြမြို့နယ် မဲဆန္ဒနယ်(၂) ဒေါ်ခိုင်ဇင်ဦး၏ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများတွင် တရားသူကြီးအချို့၏ အဂတိလိုက်စားမှုများကိုတိုက်ဖျက်၍ မှန်မှန်ကန်ကန်စီရင်ချက်ချမှတ်စီရင်နိုင်ပါရန်နှင့် တရားရေးကဏ္ဍကို တာဝန်ရှိသူများမှ ထိန်းကျောင်းတည့်မတ်ပေးပါရန် တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် ရေကြည်မြို့နယ် မဲဆန္ဒနယ်(၁)ဦးမျိုးညွန့်နှင့် ကြံခင်းမြို့နယ်မဲဆန္ဒနယ်(၁)ဦးသော်ဇင်ဝင်းတို့က ဆွေးနွေးပြီး ယင်းအဆိုကို ဆက်လက်ဆွေးနွေးရန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ရက်သတ်မှတ်ကြေညာကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူ မြောင်းမြမဲဆန္ဒနယ်၏ မိတ်ဆွေသုံးဦး၊ ကောလင်းမြို့နယ်မှ ဦးဝင်းဗိုလ် ဦးဆောင်သည့်အဖွဲ့ဝင် ၄၁ ဦး၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ NLD အလုပ်အမှုဆောင် ဦးမြင့်ဦး ဦးဆောင်သည့် ပါတီဝင် ၅၇ ဦး၊ မုံရွာတက္ကသိုလ် ရက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်သန်းဌေး ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၂၃ ဦး၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ MPA သင်တန်းနှင့် Dip.Dsသင်တန်းတို့မှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနီနီအောင် ဦးဆောင်သည့် ဆရာ၊ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၂၉ ဦး စုစုပေါင်း ၃၅၃ ဦးတို့သည် ယနေ့နံနက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးမြင့်ဆွေ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

◆ *ကျောဖုံးမှ*

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋက ဆရာတော်ကြီးများ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ကြွရောက်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် အထူးလေယာဉ်ရရှိရေး၊ ဆရာတော်ကြီးများ လိုက်ပါစီးနင်းသည့်အခါ အဆင်ပြေချောမွေ့စေရေးတို့ကို ဆောင်ရွက်ပေးစေလိုကြောင်း။

နေပြည်တော်၌ ခေတ္တသီတင်းသုံးမည့် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် သီတင်းသုံးနေထိုင်ရန်အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်သာယာလှပစေရေးတို့ကို အထူးဂရုပြု ဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့ပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်း။

ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ စနစ်တကျ ဆက်လက်လှူဒါန်းနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်လိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိရအောင် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် စနစ်တကျ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ဆောင်ရွက်ရမည်ဖြစ်ပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများလည်း ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဘွဲ့ဆက်ကပ်မည့်အခြေအနေ၊ သံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်အရေအတွက်၊ အခမ်းအနားကျင်းပမည့်နေ့၌ ဆောင်ရွက်မည့် အစီအစဉ်များ၊ အခမ်းအနားကျင်းပမည့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆရာတော်ကြီးများ ပင့်ဆောင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ နေရာချထားမည့်အစီအစဉ်များနှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လုံခြုံရေးအစီအမံများအား လည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေးနှင့် အခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးဆပ်ကော်မတီ၊ ကြိုဆိုပင့်ဆောင်နေရာချထားရေးနှင့် အခမ်းအနားသို့ ပင့်ဆောင်ရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဆွမ်းဆန်စိမ်း လောင်းလှူရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများက အကြံပြုချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်ချက်များကို မှာကြားပြီး အခမ်းအနားကျင်းပမည့်နေ့ မတိုင်မီ လုပ်ငန်းများအားလုံး စနစ်တကျ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**(သတင်းစဉ်)**

# ထိုင်း-မြန်မာ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ တွေ့ဆုံညှိနှိုင်းဖလှယ်ပွဲ ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်တို့ကြား နယ်စပ်ကုန်သွယ်ရေး မြင့်မားလာစေရန်နှင့် ဒေသခံပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန်အတွက် နှစ်နိုင်ငံချစ်ကြည်ရေး စီးပွားရေးဆိုင်ရာ တွေ့ဆုံညှိနှိုင်းဖလှယ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က မြိတ်မြို့ Grand Jade ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲတွင် နယ်စပ်ကုန်သွယ်ရေးစခန်း (မြိတ်) မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပရာကျွတ်ခီရီခန်-မြိတ် ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု တိုးတက်မြင့်တင်ရေး အသင်းဥက္ကဋ္ဌ မစ္စတာဝီရတ်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ထိုင်း-မြန်မာ နှစ်နိုင်ငံမှ ကိုယ်စားလှယ်များက ထိုင်းနိုင်ငံနှင့် တနင်္သာရီတိုင်းဒေသကြီးတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှုလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ချစ်ကြည်ရေးကိုအခြေခံပြီး ဒေသတွင်းဖွံ့ဖြိုး တိုးတက်မှုများပူးတွဲဖော်ဆောင်ရေး ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံညှိနှိုင်းပွဲသို့ ပရာကျွတ်ခီရီခန်ခရိုင်မှ တာဝန်ရှိသူနှင့် စီးပွားရေးလုပ်ငန်းရှင် ၇၀၊ မြိတ်ခရိုင်မှ တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ **ခိုင်ထူး(မြိတ်)**

● *ကျောဖုံးမှ*

စစ်တမ်းကောက်ယူနေကျဖြစ်ပြီး ယခုနှစ်တွင် ဧရာဝတီလင်းပိုင်ရေယာဉ်အမှတ် ၀၀၁ အသစ်ဖြင့် ဖွင့်ပွဲပြုလုပ်ကာ အဆိုပါဖွင့်ပွဲသို့ ငါးလုပ်ငန်းဦးစီးဌာနနှင့် WCS သားငှက်ထိန်းသိမ်းရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ မြစ်ကြောင်းအတွင်း လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့၊ ရေအရင်းမြစ်ဌာန စသည့်ဌာနများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး တက်ရောက်ခဲ့ကြသည်။

### နှစ်စဉ် စစ်တမ်းကောက်

"နှစ်စဉ်ခရီးရှည်ကို တစ်နှစ်မှာ တစ်ခေါက် ဆောင်ရွက်တယ်။ ထိန်းသိမ်းမှု ဇရိယာအတွင်းက တစ်လနှစ်ကြိမ် ဆောင်ရွက်တယ်။ ဖေဖော်ဝါရီလပိုင်းမှာတော့ ခရီးရှည်ပေါ့။ မန္တလေးကနေ ဗန်းမော်အထိ အဓိကကတော့ ဧရာဝတီလင်းပိုင်အရေအတွက်ကို နှစ်စဉ် စစ်တမ်းကောက်တဲ့သဘောပါ။ ၁၀ ရက်ကြာထွက်မှာပါ" ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ပြောသည်။

### စာရင်းကောက်ယူ

နိုင်ငံတကာနည်းလမ်းအတိုင်း(7×50 mm)မှန်ဘီလူးဖြင့် မြစ်ပြင်တစ်လျှောက်စဉ်ဆက်မပြတ်ရှာဖွေခြင်း၊ GPS စနစ်,Depth Meter, Sounder ကိရိယာများနှင့် အကောင်းဆုံးကင်မရာများ အသုံးပြုကြောင်း၊ သင်္ဘော၏ ဦးပိုင်းတွင် ဝဲဘက်၊ ယာဘက်၊ အလယ်ဘက်နှင့် ပဲ့ပိုင်းတွင် အဖွဲ့လေးဖွဲ့နေရာယူ၍ တစ်ဖွဲ့လျှင် မိနစ် ၃၀ စီ စောင့်ကြည့်လူလဲစနစ်ဖြင့် စာရင်းကောက်ယူကြောင်း သိရသည်။

### နှစ်စဉ်လေ့လာ

မန္တလေးနှင့် ဗန်းမော်ကြား နှစ်စဉ်လေ့လာတွေ့ရှိရသည့် ဧရာဝတီလင်းပိုင်စာရင်းမှာ ၂၀၁၂ ခုနှစ်တွင် ၆၇ ကောင်၊ ၂၀၁၃ ခုနှစ်တွင် ၅၁ ကောင်၊ ၂၀၁၄ ခုနှစ်တွင် ၆၃ ကောင် ၂၀၁၅ တွင် ၅၈ ကောင်၊ ၂၀၁၆ တွင် ၆၅ ကောင်ဖြစ်ပြီး ယခုနှစ်အတွက် စစ်တမ်းကောက်ယူရန် စတင်ထွက်ခွာခြင်းဖြစ်ကြောင်း သိရသည်။

## အများအားဖြင့် သာယာမည်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပြီး၍ ဒေသခံ ၁၅၀၀၀ ခန့်ကို ကျန်းမာရေး စောင့်ရှောက်နိုင်မည်

**ရွှေကျင် ဖေဖော်ဝါရီ ၆** ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့ပြီး ဆေးရုံသစ်ဖွင့်လှစ်နိုင်သည့်အတွက် ပဒဲကောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ ၁၅၀၀၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံဖွင့်ပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရွှေ၊ ရွှေကျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးက ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးက ဆေးရုံဖွင့်လှစ်နိုင်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး တိုက်နယ်ဆေးရုံဆောက်လုပ်သည့် ဇင်ချောင်းကုမ္ပဏီမှ တာဝန်ရှိသူက ဆေးရုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ရွှေကျင်မြို့နယ် ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာစောသက်လျှာအောင်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား လေးသန်းကျော်နှင့် ခဲယမ်းများ သိမ်းဆည်းရမိ



**မောင်တော ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက စိတ်ကြွရူးသွပ်ဆေးပြား လေးသန်းကျော်နှင့် ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ကျော်ကျော်မင်း ဦးစီးပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် ညနေ ၆ နာရီခန့်တွင် မောင်တောမြို့နယ် ဇောခိကုန်းစစ်ဆေးရေးစခန်း၌ အလယ်သံကျော်ကျေးရွာမှ မောင်တောမြို့ဘက်သို့ မောင်းနှင်လာသည့် ကလူကာအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်၌ သံဃာနှစ်ပါးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည်။

ကွင်းဆက်သတင်းအရ ယင်းနေ့ ည ၇ နာရီခန့်တွင် မောင်တောမြို့နယ်ရှိ ရွှေဇဟိုလ်ကျောင်းကို ဆက်လက်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၃၄၂၅၀ ကို လည်းကောင်း၊ ကျောင်းဧည့်ဆောင်ရှိ မောင်လင်းအောင်ရွှေ နေထိုင်သည့် အခန်းခုတင်ပေါ်မှ ဘူးဖြင့်ထည့်ထားသည့် ၅ ဒသမ ၅၆ ကျည် ၅၅ တောင့်၊ ၇ ဒသမ ၆၂ ကျည် ၃၉ တောင့်၊ မျက်မှန်အိတ်ဖြင့်ထည့်ထားသည့် ၉၁ လက်ပစ်ဗုံးတစ်လုံးနှင့် ဖျူးစ်တစ်ခုတို့ကိုလည်းကောင်း ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၂၄၂၅၀ နှင့် ခဲယမ်းများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တရားဥပဒေအရအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တိမ်းရှောင်နေသူ မောင်လင်းအောင်ရွှေအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ- မောင်ဖိုးဇော်**

# နီပေါသို့ တရားမဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို ဖမ်းဆီး

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၆**

နီပေါနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၃၇ဦးကို ခတ္တမန္ဒူသာမယ်ဒေသမှ ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များကို ပြောခဲ့ သည်။

ဖမ်းဆီးခံနိုင်ငံသားများနှင့်ပတ်သက်ပြီး သက်သေခံချက်တစ်ခုကို ထုတ်ပြန် သွားမည်ဖြစ်ကြောင်း ဆိုရှူခက်တီရဲစခန်းရှိ ဒုတိယရဲမှူး ဆိုမန်ဒရာဆင်းန် ရတ်သာက ဒေသတွင်းမီဒီယာသို့ ပြောကြားခဲ့သည်။

ဖမ်းဆီးခံရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများသည် လွန်ခဲ့သည့်လအနည်းငယ် က အိန္ဒိယ-နီပေါ၊ ခါကာဘီတာ-ပန်နစ်တန်ကီ နယ်စပ်ဂိတ်မှ တစ်ဆင့် နီပေါနိုင်ငံအတွင်း ဝင်ရောက်ခဲ့ကြပြီး ရက်ကန်းလုပ်ငန်း၊ အဝတ်အထည် လက်မှုလုပ်ငန်း ကဲ့သို့သော အသေးစားစီးပွားရေးလုပ်ကိုင်နေသူများဖြစ်ကြောင်း၊ ၎င်းတို့သည် ပြည်ဝင်ခွင့် အထောက်အထားများမပြနိုင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# သမ္မတပူတင်အား လက်ခံနိုင်ဖွယ်မရှိ ပြောဆိုမှတ်ချက်ချမှုအပေါ် တောင်းပန်ရန် Fox News ချန်နယ်ကို ရုရှားအစိုးရအဖွဲ့ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၆**

ရုရှားအစိုးရအဖွဲ့သည် Fox News သတင်းချန်နယ်မှ အစီအစဉ်တင်ဆက်သူတစ်ဦးအား အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် အင်တာဗျူးအမေးအဖြေပြုလုပ်စဉ် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်ပတ်သက်၍ လက်ခံနိုင်ဖွယ်မရှိသည့် ပြောဆိုမှတ်ချက်ချခဲ့မှုအတွက် Fox News သတင်းချန်နယ်က ဝန်ချတောင်းပန်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။



ထရန့်နှင့် အင်တာဗျူးအမေးအဖြေပြုလုပ်ရာတွင် Fox News အစီအစဉ်တင်ဆက်သူဘီလ်အိုရီလီက သမ္မတပူတင်အား လူသတ်သမားတစ်ဦးအနေဖြင့် ဖော်ပြပြောဆိုမှု ပြုလုပ်ခဲ့သည်။ ၎င်းသည် အမေရိကန်သမ္မတ ထရန့်က အဘယ့်ကြောင့် ၎င်း၏ဆွေးနွေးဘက် ရုရှားသမ္မတပူတင်အား လေးစားကြောင်း အပြည့်အဝရှင်းပြစေလိုရန် အားထုတ်ခဲ့သည်။

ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့က Fox ရုပ်မြင်သံကြားကုမ္ပဏီသည် ထိုသို့သော မှတ်ချက်ချပြောဆိုမှုမျိုးဖြင့် အစီအစဉ်တင်ဆက်မှုပြုလုပ်ခဲ့သည်ကို ရုရှားအစိုးရအဖွဲ့က လက်မခံနိုင်ကြောင်းနှင့် ရုရှားခေါင်းဆောင်အား စော်ကားရာရောက်သည်ဟု ယူဆကြောင်း၊ ပွင့်ပွင့်လင်းလင်း ပြောဆိုရမည်ဆိုလျှင် အဆိုပါ ရုပ်မြင်သံကြားကုမ္ပဏီမှ ဝန်ချတောင်းပန်မှုကို ပြန်လည်ရရှိရန်ကိုသာ ပိုမိုလိုလားကြောင်း သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

သမ္မတပူတင်အပေါ် ပြုလုပ်ခဲ့သည့် မှတ်ချက်ချမှုနှင့်ပတ်သက်၍ ရိုက်တာသတင်းဌာနမှ မေးမြန်းမှုများကို Fox News သတင်းချန်နယ်နှင့် အိုရီလီထံမှ တုံ့ပြန်ဖြေကြားခြင်း မရှိသေးကြောင်း သိရသည်။ အလားတူ အင်တာဗျူးတစ်ခုတွင် သမ္မတပူတင်အပေါ် စွပ်စွဲပြောဆိုမှုများနှင့်ပတ်သက်၍ မှတ်ချက်ချပြောဆိုရာတွင် ထရန့်သည် အမေရိကန်နိုင်ငံကိုယ်တိုင်သည် ပင်လျှင် အမှားပြုလုပ်မှု များစွာရှိခဲ့သည်ဖြစ်ရာ မည်မျှအပြစ်ကင်းစင်နိုင်မည်နည်းဟူ၍ မေးခွန်းထုတ်ခဲ့သည်ဟု ဆိုသည်။

**(ရိုက်တာ)**

# အီရန်၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု ထရန့်အား အကဲစမ်းခြင်းမဟုတ်ဟုဆို



**တီဟီရန် ဖေဖော်ဝါရီ ၆**

အီရန်၌ မကြာသေးမီက ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုများသည် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်အား ထိုသို့ စမ်းသပ်နေကြောင်း အသိပေးလိုက်ခြင်း မဟုတ်သလို ထရန့်အား အကဲစမ်းခြင်းလည်းမဟုတ်ကြောင်း အီရန်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

အီရန်သည် ပြီးခဲ့သည့်ရက်သတ္တပတ်က တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုအသစ်တစ်ရပ်ကို ပြုလုပ်ခဲ့ပြီး ထိုစမ်းသပ်မှုသည် အမေရိကန်က အီရန်အား နောက်ထပ်ပိတ်ဆို့မှုများ ပြုလုပ်လာအောင် လမ်းကြောင်းပေးနေသည်ဟု ထရန့်က တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အီရန်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုများ လျော့ပါးစေရန် ၂၀၁၅ ခုနှစ်က ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချုပ်ဆိုခဲ့သည့် နျူကလီးယားအစီအစဉ်ကို မလေးမခန့်ပြုလုပ်နေခြင်းသည် မီးနှင့်ကစားနေခြင်းပင်ဖြစ်ကြောင်း ထရန့်က တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာရန်ကွာစီမီက အီရန်၏ ဒုံးကျည်စမ်းသပ်မှုသည် အမေရိကန်သမ္မတသစ်ကို အသိပေးလိုခြင်းကြောင့် စမ်းသပ်ရခြင်းမဟုတ်ကြောင်း တပ်စ်နင်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ၂၀၁၅ခုနှစ် စာချုပ်ချုပ်ဆိုခဲ့ချိန်မှ စတင်ကာ အီရန်သည် တိုက်ချင်းပစ်ဒုံးကျည်အမြောက်အမြားကို စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ သို့သော် နောက်ဆုံးသိရှိရသည့် ယခုနှစ် ဇန်နဝါရီ ၂၉ ရက်က စမ်းသပ်မှုမှာ သမ္မတသစ်အိမ်ဖြူတော်သို့ ဝင်ရောက်ပြီးနောက် ပထမဆုံးသော စမ်းသပ်မှုဖြစ်သည်။ သမ္မတသစ် ဒေါ်နယ်ထရန့်အနေဖြင့် မဲဆွယ်စည်းရုံးစဉ်ကာလအတွင်း အီရန်၏ နျူကလီးယားအစီအစဉ်များကို ရပ်တန့်အောင်ကြိုးစားမည်ဟု ကတိပေးအပ်ခဲ့သည်ဖြစ်ရာ ယခုစမ်းသပ်မှုသည် ထရန့်အား မခံချိမခံသာဖြစ်စေခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ တရုတ်ပေးမည်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၆**

တရုတ်နိုင်ငံသည် ယွမ်ငွေသန်း ၁၁၀ (အမေရိကန်ဒေါ်လာ ၁၆ သန်း) တန်ဖိုးရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီများအား နှစ်ကြိမ်ခွဲကာ ဆီးရီးယားသို့ ပေးအပ်သွားမည့် သဘောတူညီချက်နှစ်ခုကို ယမန်နေ့က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းသဘောတူညီချက်ကို တရုတ်နိုင်ငံသံရုံးနှင့် ဆီးရီးယားနိုင်ငံ စီမံကိန်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မရှင် (အိုင်စီစီ)တို့က ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ နှစ်နိုင်ငံအဖွဲ့အစည်းများကိုယ်စား ဆီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကီချင်ကျန်နှင့် အိုင်စီစီဥက္ကဋ္ဌ အစ်မက် ဆဗူနီတို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ယင်းအကူအညီများအား မကြာမီ ပေးအပ်သွားမည်ဖြစ်ကြောင်း ကီကပြောခဲ့သည်။

တရုတ်နိုင်ငံက စစ်ဘေးဒဏ်ခံ ဆီးရီးယားသို့ ကူညီထောက်ပံ့ခွင့်ရသည့်အတွက် ဝမ်းသာကြောင်း၊ တရုတ်နှင့် ဆီးရီးယားနှစ်နိုင်ငံ ပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရန်အတွက် ထိုသို့ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း ဒမတ်စကတ်မြို့ အိုင်စီစီရုံးချုပ်၌ ပြုလုပ်သော လက်မှတ်ရေးထိုးပွဲတွင် ကီကပြောခဲ့သည်။

ဆီးရီးယားနိုင်ငံမြောက်ပိုင်းကို ဆီးရီးယားတပ်ဖွဲ့က အနိုင်ယူခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံအခြေအနေမှာ အကောင်းဘက်သို့ တိုးတက်လျက်ရှိသည်ဟု သံအမတ်ကြီးက ပြောကြားခဲ့သည်။ ထို့ပြင် ၂၀၁၇ ခုနှစ်တွင် ငြိမ်းချမ်းရေး ပြန်လည်ယူဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အမေရိကန်၏ ပိတ်ဆို့မှုများစာရင်းတွင် တရုတ်ကုမ္ပဏီနှစ်ခု ပါဝင်နေ

**ပေကျင်း ဖေဖော်ဝါရီ ၆**

အီရန်ကိုပစ်မှတ်ထားလျက်ရှိသည့် အမေရိကန်၏ ပိတ်ဆို့မှုစာရင်းတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် အခြားလုပ်ငန်းများ ပါဝင်နေသည့်အတွက် တရုတ်နိုင်ငံကို ကိုယ်စားပြုဖော်ပြမှုများစွာ ပြုလုပ်ရန်ရှိနေကြောင်း တရုတ်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ပိတ်ဆို့မှုစာရင်းတွင် တရုတ်ကုမ္ပဏီနှစ်ခုပါဝင်နေပြီး တရုတ်နိုင်ငံသားသုံးဦးပါဝင်နေကာ ၎င်းတို့ထဲတွင် တစ်ဦးမှာ အမေရိကန်ဘဏ္ဍာရေးဌာန၏ ပြောကြားချက်အရ ကျင်စီရန်ဟွာအမည်ရှိ တရုတ်နိုင်ငံသားတစ်ဦးဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အမေရိကန်၏ ထိုသို့ပိတ်ဆို့မှုများက တရုတ်နှင့်အမေရိကန်ကို သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# အာဖဂန်အရှေ့ပိုင်းနှင်းတောင်ပြိုကျမှု သေဆုံးသူ ၅၀ ရှိလာ

**ကဘူးလ် ဖေဖော်ဝါရီ ၆**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ နူရစ်စတန်နီပြည်နယ်တွင် နှင်းတောင်ပြိုကျမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၀ အထိ ရှိလာပြီဖြစ်ကြောင်း၊ ထို့ပြင် ဒဏ်ရာရသူများလည်း ၁၀ ဦးထက်မနည်း ရှိခဲ့ကြောင်း အာဖဂန်နစ္စတန် သတင်းမီဒီယာများတွင် ယမန်နေ့ကဖော်ပြခဲ့သည်။

နူရစ်စတန်နီပြည်နယ်ရှိ ဒေသခံတစ်ဦးက နူရစ်စတန်နီပြည်နယ် ဘာ့ဂ်ျအီမက်တယ်ဒေသရှိ ရွာတစ်ရွာအနီးတွင် နှင်းတောင်ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ နှင်းတောင်ပြိုကျမှုကြောင့် လူအများအပြား သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆက်သွယ်ရေးလမ်းများလည်း ပိတ်ဆို့သွားကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ဘေးဒုက္ခရောက်နေသည့် ဒေသခံပြည်သူများကို ကူညီရန် သွားရောက်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်အဖွဲ့ထားခဲ့သည့် ပေါက်ကွဲပစ္စည်းများ တူရကီရှင်းလင်း

**အန်ကာရာ ဖေဖော်ဝါရီ ၆**

တူရကီစစ်ဘက်နှင့် ဆီးရီးယားအစိုးရထောက်ခံအဖွဲ့များသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့ထားရှိခဲ့သည့် ပေါက်ကွဲစေတတ်သော ပစ္စည်း ၃၆၈၀ နှင့် မြေမြှုပ်မိုင်း ၅၅ ခုကို ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

တူရကီရဲတပ်ဖွဲ့သည် ပြည်တွင်းတွင် အိုင်အက်စ်အကြမ်းဖက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်ဟု သံသယရှိသူ ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း တူရကီနိုင်ငံသတင်းမီဒီယာက ဖော်ပြခဲ့သည်။

တူရကီရဲတပ်ဖွဲ့သည် ယမန်နေ့က မြို့တော်အန်ကာရာတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟု သံသယရှိသူ ၆၀ ဦးကို ဖမ်းဆီးခဲ့ရာ ဖမ်းဆီးခံရသူအများစုမှာ နိုင်ငံခြားသားများ ဖြစ်ကြောင်း၊ တူရကီနိုင်ငံအလယ်ပိုင်း ကွန်ညာပြည်နယ်တွင်လည်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်ဟု သံသယရှိသူ ၃၀ ကို ဖမ်းဆီးခဲ့ကြောင်း၊ တူရကီနိုင်ငံအတွင်းရှိ အခြားပြည်နယ်ငါးခုတွင်လည်း အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်ဟု သံယသရှိသူ ၁၀ ဦးကို ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

တူရကီစစ်ဌာနချုပ်မှ တူရကီစစ်ဘက်က ယမန်နေ့များက ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ အခြေစိုက်စခန်းများ၊ ညွှန်ကြားရေးဌာနများ၊ လက်နက်သိုလှောင်ရုံများနှင့် ကာကွယ်ရေးအဆောက်အအုံများ စသည့်နေရာများကို တိုက်ခိုက်ခဲ့ပြီး အိုင်အက်စ်အဖွဲ့ဝင် ၃၃ ဦးကို ချေမှုန်းခဲ့ကြောင်း ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**



# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၆

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစောခင်မောင်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကြားဖြတ်ရွေးကောက်ပွဲ၌ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ သဘောထားနှင့် လုပ်ငန်းစဉ်များအကြောင်းကို တင်ပြဆွေးနွေးခွင့်ပေးတာကြောင့် မြန်မာပြည်တစ်ဝန်းလုံး၌ရှိကြသော ရဟန်း၊ ရှင်၊ လူ၊ တိုင်းရင်းသားအပေါင်းတို့အား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေဟု ပဏာမနိဒါန်းလွှာဖြင့် နှုတ်ခွန်းဆက်မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နိဒါန်းလွှာများ**

အကျွန်ုပ်တို့နေထိုင်သော မြန်မာပြည်သည် ရှေးအစဉ်အဆက်က ပဒေသရာဇ်နိုင်ငံရေးစနစ်၊ ကိုလိုနီနယ်ချဲ့နိုင်ငံရေးစနစ်၊ ဖက်ဆစ်ဝါဒ နိုင်ငံရေးစနစ်နှင့် ဆိုရှယ်လစ်နိုင်ငံရေးစနစ်များ အမျိုးမျိုးကျူးကျော်အုပ်စိုးထားမှုကြောင့် လွတ်လပ်ရေး၊ မျှတရေး၊ ငြိမ်းချမ်းရေးများ တစ်နည်း နိုင်ငံရေး၊ ခံစားခွင့်အာဏာစက်များ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုစဉ်က အကျွန်ုပ်တို့တိုင်းရင်းသားအားလုံးတို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက်ကို အသက်ပေါင်းများစွာ စတေးခဲ့ကြရသည်။ အေဒီ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ရောက်ရှိမှသာ တစ်မျိုးသားလုံးတို့၏ အခွင့်အရေးသည်ရရှိကြသည်။ တစ်နည်း အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်ကြီးဖြစ်လာပြီး ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့သည်။

လောက၌ လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများအလေးထားရမည်။ မထီမဲ့မြင်မပြုရ။ လေးစားလိုက်နာပြုပြင်ခြင်းဖြင့် လူသားတို့၏ အကျင့်သိက္ခာကို လေးမြတ်တန်ဖိုးထားရမည်။ အခွင့်အရေး မဖျက်ဆီးရ၊ ရက်စက်ကြမ်းကြုတ်ခြင်း မပြုရ။ လွတ်လပ်စွာ ဖွင့်ဟပြောဆိုနိုင်မှု၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်မှု၊ လွတ်လပ်စွာ အသက်မွေးမြူနိုင်မှုရှိရမည်။ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းလည်း ကင်းရမည်။ မတရားသဖြင့်ခံစားရသော အကြမ်းဖက်ခြင်းမျိုးမဖြစ်စေဘဲ လူသားတို့၏ လိုလားတောင့်တချက်အပြည့်အဝဖြစ်သော ငြိမ်းချမ်းရေးကို တစ်နည်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုတိုင်းပြည်ကို ရယူခံစားနိုင်စေမည့် နိုင်ငံတစ်နိုင်ငံ ပေါ်ပေါက်စေရန် ကောင်းမွန်မြင့်မြတ်သော ဆန္ဒဖြင့် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီအနေဖြင့် ရဲရင့်စွာ ထုတ်ဖော်ကြွေးကြော်ကြေညာခဲ့ခြင်းဖြစ်သည်။

အကျွန်ုပ်တို့သည် ညီညွတ်ရေးနှင့် တည်တံ့ခိုင်မြဲရေးတရားတို့ကို အစဉ်တစိုက် ဦးထိပ်ပန်ဆင်ခဲ့ကြသည်။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားတော်များ တည်တံ့ခိုင်မြဲစေရန်အလို့ငှာ နိုင်ငံသားတိုင်း၏ အခွင့်အရေးရှိသော နိုင်ငံရေးဆိုင်ရာလွှတ်တော်သို့ အကျွန်ုပ်တို့ “ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ”က ဤကြားဖြတ်ရွေးကောက်ပွဲတွင် ရဲဝံ့စွာ ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။ အကျွန်ုပ်တို့၏ပါတီသည်

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

(ခ) အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူဝါဒ ဦးတည်ချက် စသည်တို့ဖြင့် တည်ထောင်ထားသောပါတီကြီးတစ်ရပ်ဖြစ်သည်။ ဤသည်မျှမကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သောပါတီကြီးဖြစ်သည်။

အကျွန်ုပ်တို့ပါတီသည်

- မညှဉ်းဆဲခြင်း (အဟိံသာ)
- အမှန်ကိုသာပြောဆိုခြင်း(သစ္စဘာသန)
- မခိုးဝှက်ခြင်း(အထေယျ)
- မြတ်သောအကျင့် ကျင့်ခြင်း (ဗြဟ္မစရိယ)
- မိမိအတွက် မသိမ်းပိုက်ခြင်း (အပရိဂ္ဂဟ)တည်းဟူသော လူသားတို့၏ ကျင့်ဝတ်ငါးဖြာကိုလည်း လေးစားလိုက်နာသောပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာထိန်းသိမ်းရေး၏ မြင့်မြတ်တန်ဖိုးရှိသောဘဝကို တည်ထောင်ရေးအတွက်လည်း လမ်းညွှန်ပြသောပါတီတစ်ရပ်ဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများအတွက်ကို အနစ်နာခံနိုင်သူများအဖြစ် ကြိုးစားအားထုတ်ဆောင်ရွက်ကြသည့် ပါတီဖြစ်သည်။

**အခြေခံမူဝါဒများ**

အကျွန်ုပ်တို့ပါတီ၏ အခြေခံမူဝါဒများမှာ ဖော်ပြသည့်အတိုင်းဖြစ်သည်။

၁။ ကရင်အမျိုးသားတို့၏ ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ဓလေ့ထုံးတမ်းစသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားမည်။

၂။ လွတ်လပ်မှုနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရပိုင်ခွင့်များနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်းအတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သောလူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံးအတွင်း၌ သက်ဝင်လှုပ်ရှားလာအောင် ကြိုးပမ်းဆောင်ရွက်မည်။

၃။ စစ်မှန်သော (ဖက်ဒရယ်)ပြည်ထောင်စုကြီးတည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှုရရှိရေးအတွက် အစွမ်းကုန်ဆောင်ရွက်မည်။

၄။ ကြီးနိုင်ငယ်ညှဉ်း မူဝါဒကို ဆန့်ကျင်သော ကရင်တစ်မျိုးသားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သောဘဝကို ဖန်တီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

၅။ မည်သူမျှ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ ကရင်တစ်မျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးနှင့် အကျိုးစီးပွားတို့ကို တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

၆။ ကရင်တစ်မျိုးသားလုံး၏ ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံဆောင်ရွက်မည်။

၇။ ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာစသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

**ရည်မှန်းချက်**

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်း ရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို သုံးသပ်ရှုမြင်တတ်ကြသည်။ ယနေ့ အပြည်ပြည်ဆိုင်ရာကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ ရောဂါဘေးထူပြောမှုနှင့် ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ရမှုတို့သည် မမှန်ကန်သော နိုင်ငံရေးမူဝါဒ၊ နည်းလမ်းမမှန်သော ဖွံ့ဖြိုးရေးစီမံကိန်းကြောင့် ဖြစ်ကြရသည်ဆိုသည်မှာ ငြင်းဆန်ရန်ခက်ခဲကြပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်း၌ ပဋိပက္ခနှင့်ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ တစ်နည်း လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲလာခြင်း ဖြစ်သည်။ လူမှုရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီးဖြစ်လာသည်။ ထိုသို့မဖြစ်အောင် အကျွန်ုပ်တို့ပါတီကြီးက **“ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် အတူ ကရင်အမျိုးသားတို့သည် တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းပြည်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စသည်တို့ကို တည်ဆောက်ရန်အတွက် ”** ရည်မှန်းချက်ကြီးမားစွာထားရှိသောပါတီကြီးဖြစ်တယ်။

**ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်**

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည်

၁။ ကရင်လူမျိုးတို့၏ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဖော်ဆောင်သွားရန်။

၂။ “ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ”သည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဖော်ဆောင်ရန်။

၃။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၌ ကရင်တစ်မျိုးသားလုံး၏ အရေးကို ပါဝင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝင်ရောက်ယှဉ်ပြိုင်မည်။

၄။ “ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ” သည် ကရင်ပြည်နယ်ကိုအခြေခံပြီး ဖွဲ့စည်းတည်ထောင်မည့်အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းစသည်တို့အထိ တိုးချဲ့ဖွဲ့စည်းပြီး ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်မည်။

၅။ ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်လာစေရန် နည်းလမ်းရှာဖွေပြီး ဆောင်ရွက်မည်။

၆။ ပြည်သူတို့၏ စီးပွားရေးနှင့် လူမှုရေးတို့ကို မိမိတို့ဆန္ဒသဘောထားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

၇။ အမုန်းမစွက်၊ အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို တည်ဆောက်မည်ဟု ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ချမှတ်အတည်ပြုထားသည့်ပါတီဖြစ်သည်။

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၏ သဘောထားနိဂုံး**

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားအချက်အလက်များမှာ-

၁။ လူသားတို့၏အခွင့်အရေးကို လေးစားမည်။

၂။ အကြမ်းမဖက်ခြင်းတရား(အဟိံသ)၊ မှန်ကန်မှုတရား(Truth)၊ တရားမျှတခြင်း(Justice)တို့ကို လေးစားမည်။

၃။ တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမှုများကို လိုက်နာမည်။

၄။ မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းဖြင့် ပူးပေါင်းဆောင်ရွက်သောမှုကို လိုက်နာမည်။

၅။ မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့အစဉ်အလာများကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်မှုကို လိုက်နာမည်။

၆။ လူသားတိုင်း ကြောက်ရွံ့ခြင်းမှကင်းဝေးအောင် မှန်ကန်မှု (Truth)၊ အကြမ်းမဖက်မှု (Ahimsa) တရားနှင့် တရားမျှတခြင်းများ တိုင်းပြည်၌ ထွန်းကားအောင် ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မည်။

၇။ မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ အမြတ်ထုတ်ခေါင်းပုံဖြတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်းနှင့် ဖိနှိပ်ခြင်းများပြုလာသူဟူသမျှ ကင်းဝေးရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သောနည်းလမ်းဖြင့် အောင်မြင်စွာဆင်နွှဲနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်မည်။

၈။ ကြီးနိုင်ငယ်ညှဉ်းမပြုခြင်းကို လိုက်နာပြီး လူသားမဆန်သော လူမှုပစ်ပယ်မှုကို ရှောင်ကြဉ်မည်။

၉။ အရာခပ်သိမ်းကို လေးစားမှု၊ တရားမျှတမှုဖြင့် ဆက်ဆံမည်။

၁၀။ မိမိ၏အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ အသိပညာသတ္တိသုံးမျိုးဖြင့် လူမှုဆင်းရဲမှုကင်းအောင် တည်ဆောက်မည်။

၁၁။ ဖိနှိပ်ချုပ်ချယ်မှုကို အပင်ပန်းခံ၊ အနစ်နာခံခြင်းဖြင့် အောင်မြင်မှုရောက်အောင် တည်ဆောက်မည်။

၁၂။ ကရင်အမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့အစဉ်အလာများကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားများနှင့်အတူ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေးနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဟူသော သဘောထားကို အကောင်အထည်ဖော်မည်။

၁၃။ အမျိုးသား အကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးမည့်တိုက်ဖျက်ဝါးမျိုမည့် နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့်အယူအဆနှင့် မှားသောနိုင်ငံရေးအယူဝါဒတို့ကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

၁၄ ။တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာစသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

၁၅။ ကိုယ်ကျိုးမပါသော အများအကျိုးသက်သက်ဖြင့် အမုန်းမစွက် အကြမ်းမဖက်သော ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကို လက်ကိုင်ထားလျက် စစ်မှန်သော(ဖက်ဒရယ်)ပြည်ထောင်စုနိုင်ငံတော်ကြီးကို အတူတကွ ပူးပေါင်းတည်ဆောက်မည်ဟူသော သဘောထား နိုင်ငံရေးမူများကိုထားလျက် လောက၌မည်သည့် အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာခံစားခွင့်၊ သုံးစွဲခွင့်ရှိသည်ဟူသောအခွင့်အရေးအတွက် လူတိုင်းသည် အကျိုးကျေးဇူးကို ခံစားနိုင်ခွင့်၊ လူ့အသိုက်အဝန်းအတွက် လွတ်လပ်စွာ တိုးတက်နိုင်သော အခွင့်အရေးများကို မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ

(က) လွတ်လပ်ရေး

(ခ) ညီညွတ်ရေး

(ဂ) မျှတရေး ဟူသော ဒီမိုကရေစီ တရားတော်မြတ်သုံးပါးကို နှလုံးသွင်းကြကာ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်ရာ၌ ဒီမိုကရေစီကျင့်စဉ်ကောင်း ပြည့်စုံထွန်းကားစေနိုင်ရန်အတွက် အကျွန်ုပ်တို့၏ “ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ” ကတာဝန်ယူဆောင်ရွက်ပေးပါမည်။ ကတိတရားလည်း ပြုပါသည်။ ရဟန်း၊ ရှင်၊ လူ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်စိတ်ကျန်းမာချမ်းသာကြပါစေ။

# မြန်မာနိုင်ငံအဆင့်မြင့်ဆေးပညာရှင်များမွေးထုတ်ပေးလျက်ရှိသော ဆေးတက္ကသိုလ် (၁) ရန်ကုန်နဝရတ်ရတုအခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များထဲတွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့် ဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသော ဆေးတက္ကသိုလ်(၁) ရန်ကုန် နှစ် ၉၀ ပြည့် နဝရတ်ရတုအခမ်းအနားကို အဆိုပါဆေးတက္ကသိုလ်(၁)ဝင်း မြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၅ ရက် ညပိုင်းက ကျင်းပခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ နှစ် ၉၀ ပြည့် နဝရတ်အခမ်းအနား ဖြစ်မြောက်အောင် ပြင်ဆင်ချိန် အများကြီး မရလိုက်ပါဘူး။ ပြင်ဆင်ချိန် တစ်လလောက်ပဲရခဲ့တာပါ။ တစ်လလောက် အတွင်းမှာ ကျောင်းပရေးကော်မတီအနေနဲ့ အားစိုက်အင်စိုက် တော်တော်လေးလုပ်ကြရပါတယ်။ အထူးသဖြင့် နှစ် ၉၀ ပြည့်တာကို ကျွန်တော်တို့ကို သတိပေးပြီး လမ်းညွှန်မှုပေးတဲ့ ဆရာကြီး ဦးညွန့်သိန်းကို အထူးပဲကျေးဇူးတင် ပါတယ်။ နှစ် ၉၀ ပြည့်ကျင်းပဖို့ စဉ်းစားတဲ့အချိန်မှာ သိပ်လည်း ကပ်နေတယ်၊ အခက်အခဲတွေလည်း အများကြီးရှိနိုင်တယ်ဆိုတော့ အဆင်မပြေမှာ၊ စည်စည်ကားကားမဖြစ်မှာ၊ ကျောင်းရဲ့ ဂုဏ်အင်္ဂါနဲ့မညီမှာကို စိုးရိမ်ပြီး အချိန်ယူစဉ်းစားခဲ့ကြတယ်။ ဝန်ကြီးဆီကလမ်းညွှန်မှု နာခံရပါတယ်။ ဝန်ကြီးကလည်း အားပေးပါတယ်။ နှစ် ၁၀၀ ပြည့်ပွဲအတွက်လည်း အခုကတည်းက ပြင်ဆင်မှတော်ကာကျမယ်လို့ တွေးမိပါတယ်။ ဒါကြောင့် ဒီနှစ် ၉၀ ပြည့် ကျင်းပခြင်းဟာ နှစ် ၁၀၀ ပြည့်အတွက် အရှိန်အဟုန် တစ်ခုရမယ်လို့ ယူဆပြီး ဒီအခမ်းအနားကို အကောင်အထည် ဖော်ခဲ့တာဖြစ်ပါတယ်။ ဝိုင်းဝန်းပြီး အကောင်အထည်ဖော်ပေးခဲ့ကြတဲ့ ကျောင်းသားဟောင်းများအသင်း၊ လက်ရှိကျောင်းသားအသစ်တွေ၊ ဆရာ ဆရာမအဟောင်းအသစ်တွေ၊ ဝန်ထမ်းတွေ အားလုံးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်"ဟု ပါမောက္ခ ဒေါက်တာ ဇော်ဝေစိုး (ပါမောက္ခချုပ် ဆေး-၁၊ ရန်ကုန်)က ပြောသည်။



ဆေးတက္ကသိုလ်(၁) ရန်ကုန်ကို ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မြန်မာအစိုးရဆေးကျောင်း(Burma Government Medical School) အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး Licentiate of Medical Practitioner (LMP) လေးနှစ်သင်တန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် LMP ကို ရပ်ဆိုင်းခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် ပထမဆုံး M.B., B.S (Bachelor of Medicine and Bachelor of Surgery) ဘွဲ့ကိုစတင်ချီးမြှင့်ပေးခဲ့သည်။ ယင်း M.B.,B.S ဘွဲ့ချီးမြှင့်ပေးသည့်နှစ်မှာပင် ဆေးကောလိပ် (Medical College) အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် ရန်ကုန်ဆေးကောလိပ်၏ M.B.,B.S ဘွဲ့ကိုဗြိတိသျှဆေးကောင်စီ (British Medical Council)က အသိအမှတ်ပြုခဲ့သည်။ ယင်းနောက် ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်းသင်တန်းများရပ်စဲခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်ပညာရေးစနစ်သစ်ဥပဒေအရ ရန်ကုန်တက္ကသိုလ်လက်အောက်ခံဆေးပညာဌာနဆေးတက္ကသိုလ်(၁) ရန်ကုန် အဖြစ်ပြောင်းလဲခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် Institute of Medicine- 1 မှ University of Medicine -1 Yangon အဖြစ် အမည်ပြောင်းလဲခဲ့သည်မှာယနေ့တိုင်ပင်ဖြစ်ကြောင်း ဆေးတက္ကသိုလ်(၁) မှတ်တမ်းများအရ သိရသည်။

ယခုကျင်းပသော ဆေးတက္ကသိုလ်(၁)၏ နှစ် ၉၀ ပြည့် နဝရတ်ရတုအခမ်းအနားတွင် ဓာတ်ပုံနှင့် ပန်းချီပြခန်းများဖွင့်လှစ်ခြင်း၊ အထိမ်းအမှတ်ရတုရွှတ်ဆိုခြင်း၊ ဆရာကြီး(ယခင်ပါမောက္ခချုပ်ဟောင်း)များဖြစ်သည့် ပါမောက္ခ ဒေါက်တာတင်အောင်ဆွေ၊ ပါမောက္ခဒေါက်တာမောင်မောင်စိန်၊ ပါမောက္ခ ဒေါက်တာမြဦးနှင့် ပါမောက္ခ ဒေါက်တာကျော်မြင့်တို့က အထိမ်းအမှတ်စကားများပြောကြားပြီး ဖွဲ့အငြိမ့်ဖျော်ဖြေမှုများနှင့် အတူ ကျောင်းသီချင်းများဖြင့် ညှော်ခံဖျော်ဖြေခဲ့ကြသည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်အနေဖြင့် နှစ်ပေါင်း ၉၀ အတွင်း လက်ရှိအချိန်ထိ ဆေးပညာဘွဲ့ ၁၆၁၁၁ ဦး၊ ဒီပလိုမာဘွဲ့ ၁၆၂၉ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၉၅၅ ဦး၊ ပါရဂူဘွဲ့ ၈၄ ဦးနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ ၃၀၅ ဦးကို အောင်မြင်စွာ မွေးထုတ်ပေးခဲ့ပြီး နောင်အနာဂတ်မျိုးဆက်သစ်ဆေးပညာရှင်များကိုလည်း လက်ဆင့်ကမ်းဆက်လက်မွေးမြူနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ရေယာဉ်များ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရန် ရှောင်တခင်စစ်ဆေး



**ဗန်းမော် ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ရေယာဉ်များကို စနစ်တကျ စစ်ဆေးနိုင်ရန်အတွက် ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရ မြို့နယ်ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ကို ဇန်နဝါရီ ၃၀ ရက်က ဖွဲ့စည်းခဲ့ပြီးနောက် ခရီးသည်တင်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များအား ရှောင်တခင်စစ်ဆေးမှုများကို အဆိုပါအဖွဲ့က ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဗန်းမော်မြို့နယ် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ ရက်က ရုပ်ပြေး ရေယာဉ်ဆိပ်ကမ်း၌ ဗန်းမော်မှ ကသာသို့ ထွက်ခွာမည့် ခရီးသည်တင် ရုပ်ပြေးရေယာဉ်ကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ မြေနုတပ်ကလေးဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားထားသော ကုန်တင်ရေယာဉ် ၁၅ စင်းကိုလည်း စစ်ဆေးခဲ့ကြသည်။ စစ်ဆေးရာတွင် ရေယာဉ်လိုင်စင်၊ ရေယာဉ် မောင်းလိုင်စင်များ စုံလင်စွာရှိ မရှိ၊ ရေယာဉ်လိုင်စင်နှင့် ရေယာဉ်မောင်းလိုင်စင်များ သက်တမ်းလွန်နေခြင်း ရှိ မရှိ၊ ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ပြေးဆွဲ မောင်းနှင်ခြင်း ရှိ မရှိနှင့် ရေယာဉ်ကြံ့ခိုင်မှုရှိ မရှိစသည့် စသည့်အချက်များကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို အဖွဲ့ခေါင်းဆောင်အဖြစ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းဦး၊ အဖွဲ့ဝင်များအဖြစ် ရဲအုပ်ဇော်ကိုကို၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရောဝတီ)မှ ပြည်နယ်မန်နေဂျာ ဦးတင့်လွင်၊ ခရိုင် မီးသတ်တပ်ဖွဲ့ မှူးဦးစိုးမင်းခိုင်နှင့် မြို့နယ် ပုဂ္ဂလိကရေယာဉ်အသင်းဥက္ကဋ္ဌ ဦးလှရွှေတို့ ပါဝင်၍ ဖွဲ့စည်းထားကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ရခိုင်ပြည်နယ် ရက္ခပူရသာသနလင်္ကာရအသင်းစာမေးပွဲ စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် ဒုတိယအကြိမ် ရက္ခပူရ သာသနလင်္ကာရအသင်း စာမေးပွဲ စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်း ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အသင်းကြီး၏ သြဝါဒါစရိယ ဆရာတော်ဖြစ်သော စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ဆရာတော်၊ မြန်မာနိုင်ငံ ဓမ္မာစရိယစာစစ်အဖွဲ့ဥက္ကဋ္ဌ ပဲခူးမြို့ မင်းကျောင်းဆရာတော်နှင့် ရက္ခပူရ သာသနလင်္ကာရအသင်း ဦးဆောင်ဆရာတော်များအဖွဲ့ဥက္ကဋ္ဌ၊ အေးချမ်းသာယာ တောရဆရာတော်တို့က သြဝါဒကထာချီးမြှင့်ပေးကြသည်။

ဆက်လက်၍ စာအောင်ဆုနှင့် အောင်လက်မှတ်များကိုဆက်ကပ်ကြရာ မူလတန်း၊ ဥပစာတန်း၊ ပထမအဆင့်နှင့် ဒုတိယအဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော သံဃာတော်များအား ပြည်နယ်ဝန်ကြီးနှင့် အလှူရှင်များက စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မူလတန်း၊ ဥပစာတန်း၊ ပထမအဆင့်နှင့် ဒုတိယ အဆင့်တို့တွင် စာအောင်သံဃာတော်များအား အသင်းဥက္ကဋ္ဌနှင့် အလှူရှင်များက စာအောင်ဆုနှင့် စာအောင် လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါပွဲသည် ပထမအကြိမ် စာမေးပွဲနှင့် နှိုင်းယှဉ်လျှင် စာဖြေသံဃာများတိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ ပထမအကြိမ် တွင် စစ်တွေစာစစ်ဌာန တစ်ခုတည်းသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် စစ်တွေ စာစစ်ဌာနအပြင် မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲမြို့များတွင်လည်း စာစစ်ဌာနများ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ပထမအကြိမ်တွင် စာဖြေသံဃာ ၃၆၅ ပါး ဖြေဆိုခဲ့ရာ ၂၀၇ ပါး အောင်မြင်ခဲ့ပြီး ဒုတိယအကြိမ်တွင် စ ာဖြေသံဃာ ၅၂၉ ပါး ဝင်ရောက်ဖြေဆိုရာ၌ ၂၄၅ ပါး အောင်မြင်သည်ကို တွေ့ရပါကြောင်းပြည်နယ် ရက္ခပူရသာသနလင်္ကာရအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးက ပြောကြားခဲ့သည်။

**တင်ထွန်းပြန်/ဆက်)**

# ပြည်ထောင်စုနေ့အကြိုကာလ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပနိုင်ရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင်နှင့်အဖွဲ့သည် ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်သွားလာနိုင်ရန် မှုခင်းများ မဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်မှုအနေဖြင့် ရပ်ကွက် အသီးသီး၌ ရှောင်တခင်ပိတ်ဆို့စစ်ဆေးခြင်း၊ ဟိုတယ်ဇုန်နယ်မြေအတွင်းရှိ ဟိုတယ်များ၊ ရပ်ကွက်အတွင်းရှိ တည်းခိုခန်းများ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးခြင်း၊ ရပ်ကင်း၊ ဝပ်ကင်း၊ မီးဆိုင်း ယာဉ်တန်းလှည့်ကင်းများ ဖြင့် လှည့်လည်ပတ်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များမှ လက်နက်အပြည့်အစုံဖြင့် ပိတ်ဆို့စစ်ဆေးဆောင်ရွက်မှုများကို ဖေဖော်ဝါရီလဆန်းမှစ၍ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



**ရဲရဲ (ပျဉ်းမနား)**

# မုံရွာမြို့၌ ဆီးချိုသွေးချိုရောဂါ ကြိုတင်ကာကွယ်မှုများ ဟောပြော

**မုံရွာ ဖေဖော်ဝါရီ ၆**

လူတိုင်း ဆီးချိုသွေးချိုရောဂါဖြစ်နိုင်သလို ဆီးချိုသွေးချိုရောဂါကြောင့် ကမ္ဘာပေါ်တွင် တစ်မိနစ်လျှင် ခြောက်ယောက်နှုန်း သေဆုံးနေရာ မြန်မာနိုင်ငံတွင်လည်း ဆီးချိုသွေးချိုရောဂါသည် စိုးရိမ်စရာကောင်းလောက်အောင် ဖြစ်ပွားနေကြောင်း ဆီးချိုသွေးချို အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ဖေဖော်ဝါရီ ၆ ရက်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဆီးချိုသွေးချိုရောဂါအကြောင်း သိကောင်းစရာများ ဟောပြောပွဲတွင် ပြောကြားသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံတွင်ဆီးချိုသွေးချိုရောဂါသည် စိုးရိမ်စရာကောင်းလောက်အောင် ဖြစ်ပွားနေသည့်အတွက် ကြိုတင်ကာကွယ်မှုများ၊ မှန်ကန်သော ဘဝနေထိုင်မှုများကို ဟောပြောခဲ့ပြီး တက်ရောက်လာသူများအား ဆီးချိုသွေးချိုနှင့် သက်ဆိုင်သော ကျန်းမာရေးစစ်ဆေးမှုများ၊ လက်ကမ်းစာစောင်များ၊ ဆေးဝါးများနှင့် လက်ဆောင်ပစ္စည်းများကိုဝန်ဆောင်မှုပေးခဲ့ကြောင်း တွေ့ရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ၂၀၁၆ ခုနှစ်အတွင်း သက်ငယ်မုဒိမ်းမှု ၆၇၁ မှုနှင့် အရွယ်ရောက်သက်ကြီး မုဒိမ်းမှု ၄၂၉ မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၆**

၂၀၁၆ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး၌ မုဒိမ်းမှုပေါင်း ၁၁၀၀ ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ ထိုအမှုများတွင် အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှု ၆၇၁ မှု၊ အရွယ်ရောက်ပြီး သက်ကြီးမုဒိမ်းမှု ၄၂၉ မှုဖြစ်ကြောင်း သိရသည်။

ယခုအခါ သက်ငယ်မုဒိမ်းမှုများကို ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိရာ သက်ငယ်မုဒိမ်းမှုအား အနှစ် ၂၀ အထိ ပြစ်ဒဏ်ပေးလျက်ရှိကြောင်း သိရသည်။ လူမှုပတ်ဝန်းကျင်တွင် သက်ငယ်မုဒိမ်းမှုများကြောင့် ပြုကျင့်ခံရသူ မိန်းကလေး၏ တစ်ဘဝလုံးနစ်မွန်းသကဲ့သို့ လူမှုပတ်ဝန်းကျင်တွင် လူတောမတိုးဝံ့ဘဲ စိတ်ပိုင်းဆိုင်ရာတွင်လည်း ဒဏ်ရာအနာတရရရှိနေမှာ မလွဲတော့ပေ။ သို့ပါ၍ သက်ငယ်မုဒိမ်းမှုများကို ထိုက်တန်သော ပြစ်ဒဏ်(သို့) သေဒဏ်ပေးရန် တောင်းဆိုမှုများပင် ရှိလာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုလျော့နည်းပပျောက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် တောရွာများအရောက် ပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပညာပေးလုပ်ငန်းများ မည်သို့ပင်ဆောင်ရွက်ပေးနေသော်လည်း ကာမဘီလူးများကြောင့် အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှုများ၊ အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှုများ ဖြစ်ပွားလျက်ရှိသည်။ ထိုသို့ဖြစ်ပွားလျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေ၌ အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှု ၂၈ မှု၊ အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှု ၁၅ မှု စုစုပေါင်း ၄၃ မှု ဖြစ်ပွားခဲ့သည်။

ထို့ပြင် ကချင်ပြည်နယ်၌ သက်ငယ်မုဒိမ်းမှု ၁၄ မှု၊ သက်ကြီးမုဒိမ်းမှု ၂၀ စုစုပေါင်း ၃၄ မှု ဖြစ်ပွားခဲ့သည်။ ကယားပြည်နယ်၌ သက်ငယ်မုဒိမ်းမှု လေးမှု၊ သက်ကြီးမုဒိမ်းမှု နှစ်မှု စုစုပေါင်းခြောက်မှု၊ ကရင်ပြည်နယ်၌ သက်ငယ်မုဒိမ်းမှု ၁၀ မှု၊ သက်ကြီးမုဒိမ်းမှု ရှစ်မှု စုစုပေါင်း ၁၈ မှု၊ ချင်းပြည်နယ်၌ သက်ငယ်မုဒိမ်းမှု ငါးမှု၊ သက်ကြီးမုဒိမ်းမှုလေးမှု စုစုပေါင်း ကိုးမှု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၆၄ မှု၊ သက်ကြီးမုဒိမ်းမှု ၄၆ မှု စုစုပေါင်းအမှု ၁၁၀ ၊ တနင်္သာရီတိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၁၅ မှု၊ သက်ကြီးမုဒိမ်းမှု လေးမှု စုစုပေါင်း ၁၉ မှု၊ ပဲခူးတိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၅၀ မှု၊ သက်ကြီးမုဒိမ်းမှု ၂၃ မှု ပေါင်း ၇၃ မှု၊ မကွေးတိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၄၇ မှု၊ သက်ကြီးမုဒိမ်းမှု ၃၁ မှု စုစုပေါင်း ၇၈ မှု၊ မန္တလေးတိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၇၅ မှု၊ သက်ကြီးမုဒိမ်းမှု ၅၃ မှု စုစုပေါင်း ၁၂၈ မှု၊ မွန်ပြည်နယ်၌ သက်ငယ်မုဒိမ်းမှု ၃၁ မှု၊ သက်ကြီးမုဒိမ်းမှု ၂၂ မှု စုစုပေါင်း ၅၃ မှု၊ ရခိုင်ပြည်နယ်၌ သက်ငယ်မုဒိမ်းမှု ၂၄ မှု၊ သက်ကြီးမုဒိမ်းမှု ၂၁ မှု စုစုပေါင်း ၄၅ မှု၊ ရန်ကုန်တိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၁၆၀ မှု၊ သက်ကြီးမုဒိမ်းမှု ၆၉ မှု စုစုပေါင်း ၂၂၉ မှု၊ ရှမ်းပြည်နယ်၌ သက်ငယ်မုဒိမ်းမှု ၅၃ မှု၊ သက်ကြီးမုဒိမ်းမှု ၁၃ မှု စုစုပေါင်း ၆၆ မှု၊ ဧရာဝတီတိုင်းဒေသကြီး၌ သက်ငယ်မုဒိမ်းမှု ၉၁ မှု ၊ သက်ကြီးမုဒိမ်းမှု ၉၈ မှု စုစုပေါင်း ၁၈၉ မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာအရ အရွယ်မရောက်သေးသူ သက်ငယ်မုဒိမ်းမှု ၆၇၁ မှု၊ အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှု ၄၂၉ မှု စုစုပေါင်း ၁၁၀၀ မှု ဖြစ်ပွားခဲ့၍ တိုင်းဒေသကြီးအလိုက် ရန်ကုန်တိုင်းဒေသကြီးတွင် သက်ငယ်မုဒိမ်းမှု အများဆုံးဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# မုံရွာမြို့ ယင်းမာမြိုင် သီလရှင်စာသင်တိုက်ဝင်းရှိ သုံးထပ်ကျောင်းတိုက်တစ်လုံးမီးလောင်



**မုံရွာ ဖေဖော်ဝါရီ ၆**

မုံရွာမြို့ ချမ်းမြသာစည်ရပ်ကွက် ယင်းမာမြိုင်လမ်း ယင်းမာမြိုင် သီလရှင်စာသင်တိုက်၌ ဖေဖော်ဝါရီ ၆ ရက် နံနက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ရေသယ်ယာဉ်သုံးစီး၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ရကြောင်း မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဇော်ထံမှ သိရသည်။

"မီးလောင်ရတဲ့ အကြောင်းရင်းကို ရှာလိုက်တော့ မီးက တငွေ့ငွေ့လောင်တဲ့မီးဆိုတာ ကျောင်းတိုက်က သီလရှင်တွေ မေးမြန်းချက်တွေအရ သိရပါတယ်။ မီးက မြေတိုက်က စလောင်တာဆိုတော့ အိပ်နေတဲ့သီလရှင်တွေ ကြမ်းပြင်ပူလာမှ မီးလောင်တယ်ဆိုတာ သိရတယ်လို့ ဆိုပါတယ်။ မီးလောင်တဲ့အဆောက်အအုံက မြေပေါ်နှစ်ထပ် မြေအောက်တစ်ထပ်ပါ။ မီးလောင်တာကို ကြမ်းပြင်ပူမှ သိတာဆိုတော့ မီးလောင်နေတာဟာ တငွေ့ငွေ့အစိုင်အခဲကစပြီး လောင်တယ်လို့ သုံးသပ်မိပါတယ်။ အောက်က မီးလောင်ပြီး အိပ်နေတုန်း ကြမ်းပြုတ်မကျတာ ကံကောင်းတာပါ" ဟု မုံရွာမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီညီဇော်က ပြောပြသည်။

မီးလောင်မှုကြောင့် သီလရှင်ရှစ်ပါး သီတင်းသုံးသော ပရိယတ္တိလင်္ကာရ ၃၆ ပေပတ်လည် သွပ်မိုးပျဉ်ခင်း RC သုံးထပ်ကျောင်းတိုက်တစ်လုံး ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

## လာဘ်ငွေလက်ခံရယူခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံး ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ) ထွေးထွေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံးသို့ ကျမ်းကျိန်လွှာ သွားရောက်ဆောင်ရွက်ရာတွင် ငွေကြေးတောင်းခံခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံး ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ) ထွေးထွေးသည် သေဆုံးသူကျောင်းဆရာမ(ငြိမ်း)၏ ကလေးဝမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အပ်နှံစုဆောင်းခဲ့သည့် ငွေထုတ်ယူနိုင်ရန်အတွက် ကလေးဝမြို့နယ်တရားရုံးသို့ ကျမ်းကျိန်လွှာပြုလုပ်ရန် လာရောက်သော ညီအစ်မသုံးဦးထံမှ ငွေကျပ်နှစ်သိန်း တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံး ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ) ထွေးထွေးကို ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ ကလေးဝမြို့နယ်တရားရုံး၌ ဖေဖော်ဝါရီ ၆ ရက်က တရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# လောက်ကိုင်မြို့နယ်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်က လောက်ကိုင်မြို့ ထင်ပါကျိုင်းကျေးရွာအုပ်စု ဆီအောကျေးရွာအဝင်၌ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် သာဟုန်းမောင်းနှင်ပြီး ရန်လီတုန်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၅ ဒသမ ၉၅ ကီလို၊ ဘိန်းညိုမှုန့်အလေးချိန် ၉ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က နယ်မြေခံတပ်မတော်သားများနှင့် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လောက်ကိုင်-ချင်းရွှေဟော် သွားကားလမ်း ချင်းရွှေဟော်မြို့အဝင်၌ လောက်ကိုင်ဘက်မှ ချင်းရွှေဟော်ဘက်သို့ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် ရှန်ရှောက်အဲထံမှ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀၅ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# တောင်ငူ၌ လူသတ်မှုဖြစ်ပွားပြီး ၁၃ နာရီအတွင်း ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**တောင်ငူ ဖေဖော်ဝါရီ ၆**

တောင်ငူမြို့ (၁၄) ရပ်ကွက် သာသနာ့ဗိမာန်ဟောင်းတောင်ဘက် ရန်ကုန်ကျောင်းရှေ့ မြစည်းခုံဘုရား ဈေးလမ်းပေါ်၌ ဖေဖော်ဝါရီ ၅ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က အမျိုးသမီးတစ်ဦး ဓားထိုးခံရမှုဖြစ်ပွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ဦး ဦးဆောင်သည့်အဖွဲ့က သွားရောက်စစ်ဆေးရာ အမျိုးသမီးတစ်ဦး ဒဏ်ရာများရရှိကာ စိုးရိမ်ရသောအခြေအနေဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားကြောင်း ကနဦး သတင်းအရ သိရသည်။

သက်ဆိုင်ရာ ရဲတပ်ဖွဲ့မှ အုပ်စုသုံးစုခွဲ၍ ပိတ်ဆို့ရှာဖွေဖော်ထုတ်ခဲ့ရာ ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီခန့်တွင် တောင်ငူမြို့ (၁၁)ရပ်ကွက် ကျုံးပတ်လမ်းရှိ ရွှေဝါစက်သုံးဆီ အရောင်းဆိုင်ရှေ့လမ်းပေါ်၌ ဦးတိပွား(ခ)တင်အောင်စိုး (၃၅ နှစ်)ကို ဖမ်းဆီးရမိခဲ့သည်။

သေဆုံးသူမှာ မဥမ္မာခိုင်(ခ) ရချီတာ(၂၃ နှစ်) (၁၂) ရပ်ကွက် မြစည်းခုံဘုရားလမ်း တောင်ငူမြို့နေသူဖြစ်ပြီး ဦးတိပွား(ခ) တင်အောင်စိုးနှင့် စက်ဘီးအတူစီးလာရင်း ကျောင်းရှေ့ဝံသာနုလမ်းပေါ်သို့ အရောက်တွင် စကားများရန်ဖြစ်ကြကာ အမျိုးသမီးကို အမျိုးသားက ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း တောင်ငူမြို့အမှတ်(၂) ရဲစခန်းမှ သိရသည်။ အဆိုပါဖြစ်စဉ်အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# လှိုင်မြစ်အတွင်း သဲတင်စက်လှေမီးလောင်မှုဖြစ်ပွား၍ ကမ်းကပ်ရန်ကြိုးစားစဉ် နစ်မြုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာနံဘေးရှိ လှိုင်မြစ်အတွင်း၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က သဲတင်စက်လှေတစ်စင်း မီးလောင်မှုဖြစ်ပွားကာ ကမ်းကပ်ရန်ကြိုးစားစဉ် နစ်မြုပ်သွားကြောင်း သိရသည်။

သဲကျင်း ၁၀ ကျင်း တင်ဆောင်ထားသော အလျား ၆၈ ပေ၊ အနံပေ ၂၀ နှင့်အနက် ငါးပေရှိသော ဇမ္ဗူလင်းသဲတင်စက်လှေမှာ အင်းစိန်ရွာမဘက်မှ လှိုင်မြို့နယ်အတွင်း မြစ်ကြောင်းအတိုင်း မောင်းနှင်လာရာ အိတ်ဇောမှမီးပွားများ သစ်သားထုပ်တန်းကိုကပ်ငြိ၍ မီးကူးစက်လောင်ကျွမ်းပြီး လှိုင်သာယာ ရှမ်းချောင်းကျေးရွာ ဆိပ်ကမ်းသို့ ဆိုက်ကပ်ရန်ကြိုးစားစဉ် နစ်မြုပ်သွားခဲ့သည်။**(ယာပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ စက်လှေမောင်း ဦးဇော်ကြီး(၃၇နှစ်) ကမ်းနားလမ်း တောင်ဒဂုံဆိပ်ကမ်းမြို့နယ်နေသူအား လှိုင်သာယာမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သန်းဦး(လှိုင်သာယာ)၊ ဓာတ်ပုံ-မျိုးမင်းသိန်း**



# နယ်စပ်စီးပွားရေးပိုမိုလွယ်ကူစေရန် တက်ဟုန်းကုန်သည်ကြီးများအသင်းရုံးခွဲ နေပြည်တော်တွင်ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးနိုင်ငံတစ်ခုဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုအများဆုံးဖြစ်သည့် တရုတ်နိုင်ငံမှ စီးပွားရေးကူးသန်းရောင်းဝယ်မှု ပိုမိုအားကောင်းစေရန် ရည်ရွယ်ကာ တက်ဟုန်းကုန်သည်ကြီးများအသင်း ရုံးခွဲကို နေပြည်တော်ရှိ Grand ACE Villa တွင် ယနေ့ ညနေ ၅နာရီက ဖွင့်လှစ်ခဲ့သည်။

နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အပြန်အလှန် ကုန်စည်စီးဆင်းကြရာ နိုင်ငံများဖြစ်ကြပြီး အချင်းချင်း ပိုမိုရင်းနှီးစေရန်၊ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ချိတ်ဆက်မှု၊ ကုန်သည်များအချင်းချင်း ဆက်သွယ်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်ကာ ရုံးခွဲကို လာရောက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး၊ ရွှေလီနိုင်ငံတော် အထူးအလေးပေး စီးပွားရေးတံခါးဖွင့် စမ်းသပ်ဇုန်ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာဝမ်ကျွင့်ချမ်းက ပြောကြားသည်။

အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးများအဖြစ် ဆောင်ရွက်ကြရန်အတွက် တက်ဟုန်းပြည်နယ်ခွဲတစ်ခုလုံးရှိ ကုန်သည်ကြီးများက မျှော်လင့်ကြပြီး မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များနှင့်လည်း ချိတ်ဆက်ရန် နည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း မစ္စတာ ဝမ်ကျွင့်ချမ်းက ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားပြီး နိုင်ငံအချင်းချင်း၊ ဒေသအချင်းချင်း ပူးပေါင်းကာ စီးပွားရေးတိုးတက်အောင် ပိုမိုဆောင်ရွက်နိုင်တော့မည်ဖြစ်ခြင်းကြောင့် ဝမ်းမြောက်ကြောင်း ပြောကြားသည်။

"တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်းအနေနဲ့ မြန်မာနိုင်ငံမှာရုံးခွဲဖွင့်တာ အခုအကြိမ်က လေးခုမြောက်ရှိပါပြီ။ ပထမဆုံးအနေနဲ့ ၂၀၁၂ ခုနှစ်မှာ မန္တလေးမြို့ထဲမှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၅ခုနှစ်မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွေမှာလည်း ရုံးခွဲတွေ ဖွင့်လှစ်ထားပါတယ်။ နေပြည်တော်မှာ လာရောက်ဖွင့်လှစ်ရတာကတော့ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်ရာမှာဖြစ်ဖြစ်၊ ကုန်သည်အချင်းချင်း တွေ့ဆုံရာမှာဖြစ်ဖြစ် နေပြည်တော်က အရေးကြီးတဲ့ နေရာတစ်ခုဖြစ်တာကြောင့် ဖွင့်လှစ်ရတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က ပြောကြားသည်။




အဆိုပါအခမ်းအနားတွင် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ အတူတကွချစ်ခင်ရင်းနှီးစွာ နေထိုင်ခြင်း အထိမ်းအမှတ်၊ အတူတကွ ဖွံ့ဖြိုးတိုးတက်လိုသည့် ဆန္ဒများကို ဖြည့်ဆည်းသည့်အနေဖြင့် နေပြည်တော်ရှိ ပြည်သူ့ဆေးရုံများနှင့် စာသင်ကျောင်းများအတွက် တက်ဟုန်းပြည်နယ်ခွဲမှ အလှူငွေ ငွေကျပ် သိန်း ၂၀၀ ကိုပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

# ကသာမြို့နယ်အတွင်း ထိန်းသိမ်းထားရှိသော ယာဉ်ယန္တရားများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ကသာ ဖေဖော်ဝါရီ ၆**

ကသာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခရီးစဉ်၌ တွေ့ရှိထိန်းသိမ်းထားသော ယာဉ်ယန္တရားများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



ကသာမြို့နယ်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ ခွင့်ပြုချက်မရှိဘဲ နေရာရွှေ့ပြောင်းခြင်း၊ သယ်ယူခြင်း၊ ပျောက်ဆုံးပျက်စီးခြင်းမရှိရေး စက်ယန္တရားများအား တရားဝင် ဟုတ် မဟုတ် သက်ဆိုင်ရာများမှ တင်ပြရန် မှာကြားချက်အရ ထိန်းသိမ်းထားရှိသော ယာဉ်ယန္တရားများအား သက်ဆိုင်ရာမှ ထုတ်ပေးထားသည့် စာရွက်စာတမ်းများအရ ပိုင်ဆိုင်မှု အထောက်အထား တင်ပြနိုင်သော ဖြိုးအောင်မြင်သူနှင့် ကြွယ်ဝသောနိုင်ငံ ကုမ္ပဏီပိုင် ဘက်ဟိုးကိုးစီးနှင့် ဆက်စပ်ပစ္စည်းများ၊ ဦးစိုးဝင်း ပိုင်ဆိုင်သော တိုယိုတာအမျိုးအစား ယာဉ်အမှတ် 4F/--- ၊ 4F/--- ဘက်ဟိုး မော်တော်ယာဉ်နှစ်စီး၊ ဆီဘောက်ဆာတင် ယာဉ်တွဲသုံးတွဲအား မူလပိုင်ရှင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျန်ဆီဘောက်ဆာတင်တွဲ ခုနစ်တွဲ မတင်ပြနိုင်၊ တွဲကား ၁၃ တွဲ မတင်ပြနိုင်၊ ဘက်ဟိုးယာဉ်နှစ်စီး မတင်ပြနိုင်၊ မြေသယ်ယာဉ် အစိမ်းရောင်တစ်စီး လိုင်စင် သက်တမ်းဆောင်ရွက်ပြီးမှ ရွှေ့ပြောင်းရန်နှင့် ကျောက်တောင်ဖောက်စက် ယာဉ်/ယန္တရားများအား ရက်ပေါင်း ၃၀ အတွင်း စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်မှု မရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကသာမြို့နယ် သတင်းမီဒီယာများအဖွဲ့မှ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါယာဉ်များနှင့် ပတ်သက်၍ အနီရောင်၊ အဝါရောင်၊ အစိမ်းရောင် အမှတ်အသားများဖြင့် အရောင်ခွဲခြား သတ်မှတ်ထားကြောင်း သိရသည်။ အရောင်သတ်မှတ်ချက်များမှာ "ဆီဘောက်ဆာယာဉ်ခုနစ်စီး အနီရောင်နဲ့ အစိမ်းရောင်သုံးစီး၊ transporter နောက်တွဲယာဉ် တစ်စီးအနီရောင်၊ ၁၂ စီး အစိမ်းရောင်၊ ဘက်ဟိုးယာဉ် နှစ်စီး အဝါရောင်၊ ကိုးစီးအစိမ်းရောင်၊ air man စက်တစ်လုံးအဝါရောင်တို့ ဖြစ်ကြောင်း" ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ပြောပြသည်။

အနီရောင် အမှတ်အသားသည် အထောက်အထားမပြနိုင်၍ တရားစွဲဆိုပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ဖြစ်ပြီး အဝါရောင်အမှတ်အသားသည် အထောက်အထား မူရင်းများပြည့်စုံစွာဖြင့် တစ်လအချိန်အတွင်း ပြန်လည်တင်ပြရန်နှင့် အစိမ်းရောင်အမှတ်အသားသည် အထောက်အထား ပြည့်စုံပြီးသည့်အတွက် ထွက်ခွာနိုင်သည့်ယာဉ် ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၂-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ အချပ်ပို (က)၊(ခ)ပါ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်အတွက် အထောက်အကူပြုသိကောင်းစရာများ ဟောပြောပို့ချချက်တွင် အချပ်ပို (က) ဘယ်ဘက်ကော်လံရှိ အပိုဒ် (၇) မေးခွန်း (၃) မှ ဥပမာ(၂)အဖြေမှန်ဟာ**"Na ဖြစ်ပြီး"** အစား **"Ag ဖြစ်ပြီး"**ဟုလည်းကောင်း၊ အပိုဒ် (၁၅) ဥပမာ (၅)စာကြောင်းရေ (၄)မှ **"broken line ရဲ့ ညာဘက်"** အစား **"broken line ရဲ့ဘယ်ဘက်"** ဟုလည်းကောင်း၊ အချပ်ပို(ခ) ဘယ်ဘက်ကော်လံရှိ အပိုဒ်(၂) စာကြောင်းရေ (၅)မှ **" Mercury uawmh liquid conductor ဖြစ်တယ်"** အစား **"Mercury ကတော့ liquid conductor ဖြစ်တယ်"**ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။


## ရန်ကုန်တိုင်းဒေသကြီး
## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
## ဂေါပကအဖွဲ့ရုံး

၁။ အောက်ဖော်ပြပါရာထူးကို မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်တိုင်း လာရောက်လျှောက်ထားနိုင်ပါသည်-

(က) **ကွန်ပျူတာစာစီစာရိုက်** **ကျား/မ (၁)ဦး**

၂။ လျှောက်ထားသူသည် ဘွဲ့တစ်ခုခုရရှိသူဖြစ်ပြီး အသက်(၁၈မှ၃၅)နှစ်ကြားဖြစ်ရမည်။ ကွန်ပျူတာစာစီစာရိုက် အနည်းဆုံး (၂)နှစ်အတွေ့အကြုံရှိသူဖြစ်ရမည်။ CCTV Camera များကို ကျွမ်းကျင်စွာကိုင်တွယ်လုပ်ဆောင်နိုင်သူဖြစ်ရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။

**အထက်ပါသတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများသာ**

၃။ ကိုယ်ရေးရာဇဝင် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်၊ (၁)လအတွင်းရဲစခန်း ထောက်ခံချက်၊ (၁)လအတွင်း ရိုက်ကူးထားသောလိုင်စင်ဓာတ်ပုံ (၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ဂေါပကအဖွဲ့ ဗိုလ်တထောင်စေတီတော်ဟု လိပ်မူ၍ လျှောက်ထားနိုင်သည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဦး**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၀၁၇၆၄၊ ၀၁-၂၉၂၁၆၉**



## ခြံရောင်းမည်

ဒဂုံမြောက်၊ အကွက်(၃၄)၊
ပျဉ်းမမြိုင်လမ်း၊ ငပ (၄၀×၆၀)
Ph:09-785178937,
09-5178937



## ဖခင်အမည်အမှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အမှတ်(၁) မူလွန် မုရစ်ကလေးတွင် ပညာသင်ကြားခဲ့သော မောင်ထွန်းကိုကိုနှင့် မထက်နှင်းဝေတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၁၀/ခဆန(နိုင်)၁၄၈၂၅၂ ဖြစ်ပါသည်။



## CLAIMS DAY NOTICE
## M.V GOLDEN FAN VOY:NO(178)

Consignees of cargo carried by M.V GOLDEN FAN VOY:NO(178) are here by notified that the vessel will arrive on about 10-2-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## သစ်တောထောက်ခံချက်နှင့်ပို့ကုန်လိုင်စင်ပျောက်ဆုံးခြင်း

Concorde Industries Limited.( CIL ) မှ ရရှိပြီးသော သစ်တောထောက်ခံချက်အမှတ်-၉၃/၄၉၊ ၉၈/၄၄ ၊ ၉၈/၃၄ ၊ ၀၁၆/၀၈ နှင့် ယင်းတို့၏ ပို့ကုန်လိုင်စင်အမှတ်- YELF -15-16 0338၊ YELF -15-16 0337 ၊ YELF -16-17 0005 ၊ YELF -16-17 0322 များသည် ဇန်နဝါရီလအတွင်း ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရရှိထားပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

၎င်းစာရွက်စာတမ်းများအား CIL မှ အသုံးပြုနိုင်ရန်အလို့ငှာ တခြားတစ်ဦးတယောက်သို့ လွှဲပြောင်းပေးအပ်ခြင်း၊ ရောင်းချထားခြင်းမရှိပါကြောင်း။

ဖုန်း – ၉၆၈၈၈၇၈ ၊ ၉၆၈၈၈၇၉ ၊ ၉၆၈၈၈၈၀ ၊ ၉၆၈၈၈၁ ၊ ၀၉ ၂၅၀၁၈၇၀၉၀



## အမည်မှန်

ပန်းတနော်မြို့နယ်၊ ကျွန်းကြားကျေးရွာ (အထက) နဝမတန်းမှ မဖြိုးမြင့်ဇူ၏ အမည်မှန်မှာ မဖြိုးမဒူူဖြစ်ပါသည်။ **မဖြိုးမဒူူ**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/6905 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/4178 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**



## ပြင်ဆင်ဖတ်ရှုပါရန်

၄-၂-၂၀၁၇ ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ (၃၀) ကန့်ကွက်ကြော်ငြာတွင် ဒေါ်ခင်ချောဆု အစား ဒေါ်ခင်ချောစုဟု ပြင်ဆင်ဖတ်ရှုပါရန်။



## မကြာမီ ပြင်ဦးလွင်တွင် ဖွင့်လှစ်မည့်
## Kedia Food Center နှင့် Kedia Cloth Center အတွက်

စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တာဝန်ထမ်းဆောင်လိုသူဝန်ထမ်းများ ဆက်သွယ်နိုင်ပါသည်။

**Kedia Lights**

**ဦးရာဂျီကူးမာရ် ၉/မနမ(နိုင်)၀၆၃၃၂၅**

**ဖုန်း-၀၉-၂၀၂၈၃၂၈**



## CLAIMS DAY NOTICE
## M.V LE MANS EXPRESS VOY:NO(7)

Consignees of cargo carried by M.V LE MANS EXPRESS VOY:NO(7) are here by notified that the vessel will arrive on about 9-2-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## သားအဖြစ်မှစွန့်လွှတ်ခြင်း

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ယိုးဒယားဈေး(ရွှေဂူးမွန်လက်ဖက်ရည်ဆိုင်)မှ ကျွန်တော်ကျွန်မ တို့၏သား မောင်ဇော်ဇော်အောင် ၁၂/အစန(နိုင်)၂၁၁၈၀၃ သည် မိဘစကားနားမထောင်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း။၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူပါကြောင်း။

**ဦးသန်းငွေ-ဒေါ်နော်ဖောရူ**



## ကွာရှင်းပြတ်စဲမည်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၈)၊ မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းနေ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇာခြည်မွန် ၁၂/သဃက(နိုင်)၁၅၈၄၅၅ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းနေ ဦးတင်မောင်မောင်သိန်း ၁၂/ပဘတ(နိုင်)၀၁၅၉၇၁ ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း မသက်ဆိုင်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မည်သို့မျှပတ်သက်ခြင်းမရှိဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ယင်းသို့ကြော်ငြာပြီးဖြစ်ပါလျက် ကျွန်ုပ်၏မိတ်ဆွေအား အသရေဖျက်ခြင်း၊ နစ်နာမှုတစ်စုံတစ်ရာပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မြတ်မြတ်ဝင်း LL.B, Dip in Businesslaw**
**(အထက်တန်းရှေ့နေ) (စဉ်-၂၄၇၅၂)**
**အမှတ် ၂၆၊ ပထမထပ်၊ သမာဓိ ၄လမ်း၊ (ဆ/က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၇၆၆၅၈၆၊ ၀၉-၇၉၅၇၆၈၃၆၈**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊
(၅) အစိုးရအောင်ဘာလေသိန်းဆုဆုမဲမှ ထုတ်ယူရရှိငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ ပြုနိုင်သည်-
(၁) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့်ဝင်ငွေခွန်ကိစ္စရပ်များ၊
(၂) စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့ အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့်ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ အခန်း(၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

**အခန်း (၈)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ**

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်-
(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်း မှတ်ပုံတင်ခြင်းအတွက် မှတ်ပုံတင်ကြေး။
(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊
(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊
(င) တံဆိပ်ခေါင်းခွန်၊
(စ) မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊
(ဆ) အကောက်ခွန်၊
(ဇ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊
(ဈ) ရေခွန်၊
(ည) တာတမံခွန်၊
(ဋ) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊
(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)
(ဍ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊
(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊
(တ) ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊
(ထ) ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊
(ဒ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြား အဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာများထုတ်လုပ်ခြင်း၊ဝယ်ယူရောင်းချခြင်း လုပ်ငန်းတို့သည်-
(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကိုကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-
(၁) ဤဥပဒေပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။
(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။
(၃) ပုဒ်မခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ၊
(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

**အခန်း(၉)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါကအခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက်လာစေရန် လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည်-
(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။
(ခ) ဝန်ကြီးဌာနသည် ထိုသို့ချီးမြှင့်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူကောက်ခံသည့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်ကောက်ခံရန် လျာထားချက်စုစုပေါင်း၏ တစ်ရာခိုင်နှုန်းကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ခွင့်ပြုပေးနိုင်သည်။
(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနသည် ခွင့်ပြုသာမန်အသုံးစရိတ်များထဲမှ လုပ်ငန်းတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများအား ဆုကြေးငွေအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)အရတပ်ရိုက်သည့်ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကို လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းအား ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။

ဇယား (၁)

**၂၀၁၇ - ၂၀၁၈ခုဘဏ္ဍာရေးနှစ်**

**ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်**

**ကျပ်သန်းပေါင်း**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၇- ၂၀၁၈ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်ကောက်** | ၂၇၁၂၆၆၆.၈၈၄ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၄၀.၃၁၁ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန် | ၁၇၅၂၄၄၃.၂၃၂ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ | ၅၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | ၄၇၃၅၆.၂၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ | ၁၇၀၅၈၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန် | ၄၇၆၈၉.၃၁၂ |
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းခွန် | ၆၄၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | ၇၁၇.၈၄၀ |
| | ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန် | ၆၈၇၂၉၉.၉၃၁ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | ၂၃၈၂၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂၃၈၂၀၀၀.၀၀၀ |
| ၃ | | | **အကောက်ခွန်** | ၄၉၀၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၄၉၀၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အကောက်ခွန်** | ၈၉၆၃၄၂.၀၀၆ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | ၁.၄၈၅ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန် | ၉၅.၁၁၈ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန် | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန် | ၂၂၉၆.၇၇၅ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်၊ (စက်မှုကုန်ကြမ်း၊ တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) | ၃.၈၅၅ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ | ၁၅၀၃.၈၀၀ |
| | ၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | ၂၇၈၆၂၃.၀၈၆ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန် | ၂၇၁၄၃.၅၄၂ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ | ၅၇၆၂၄၈.၀၀၀ |
| | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အား | ၁၀၄၂၆.၃၂၀ |
| | | | **စုစုပေါင်း** | **၆၄၈၁၀၀၈.၈၉၀** |

## ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၆

ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ် (၁၇) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၀၀ တက်ရောက်ကြ ကြောင်း၊ သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဗြိတိန်သို့ တစ်နေ့တာအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

ဗြိတိန်နိုင်ငံ၏ရိုးရာဓလေ့နှင့် ရိုးရာအစားအစာများ လေ့လာကြည့်ရှုရင်း ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်စေရန် ရည်ရွယ်၍ ဗြိတိန်သို့ တစ်နေ့တာ (Big British Day Out) အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက ရန်ကုန်မြို့အလံပြဘုရားလမ်းရှိ ဗြိတိသျှသံအမတ်ကြီးနေအိမ်ခြံဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

"ဗြိတိန်သို့ တစ်နေ့တာ(Big British Day Out) က ကျွန်တော်တို့အတွက် တစ်နှစ်တာအတွင်း အနှစ်သက်ဆုံးရက်တွေထဲက တစ်ရက်ပါ။ ယူကေကို ကြီးကျယ်ခမ်းနားစေတဲ့ အကြောင်းအရာတွေကိုလေ့လာရင်း မိတ်ဆွေသစ်တွေဖွဲ့ကြရင်းနဲ့ ထူးခြားတဲ့အမှတ်ရစရာ အချိန်လေးတွေအဖြစ် မြင်တွေ့ရတာ အလွန်ကိုကျေနပ်ပါတယ်"ဟုသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်က ပြောကြားသည်။

ဗြိတိသျှသံရုံးရန်ကုန်က လေးနှစ်မြောက်အဖြစ်ဗြိတိသျှတို့၏ ပျော်ရွှင်ဖွယ်ရာ ညနေခင်းအဖြစ် မည်သူမဆို လာရောက်လေ့လာနိုင်ရန် ခင်းကျင်းပြသပေးခြင်းဖြစ်သည်။ ဗြိတိသျှသံအမတ်ကြီးနေအိမ်ခြံဝင်းအတွင်း ဝင်ဘယ်လ်တန်တင်းနစ်စပေးဘောကစားခြင်း၊ အက်ဖ်အေဘောလုံးပြိုင်ပွဲအငယ်စား ဂိုးသွင်းကစားခြင်း၊ ဂေါက်သီးရိုက်ကစားခြင်း၊ ပြေးပွဲပြိုင်ပွဲများ၊ ရိုးရာပန်းကန်ပြားလှည့်ကစားခြင်းတို့ကို တပျော်တပါး ကစားနေသော ကလေးများအပြင် မြန်မာနိုင်ငံရောက် ဗြိတိန်နိုင်ငံသားများ လာရောက်အပန်းဖြေကြသည်ကို တွေ့ရသည်။



ဗြိတိန်သို့တစ်နေ့တာ အခမ်းအနားတွင် ဗြိတိသျှအစားအသောက်များ ရောင်းချပေးလျက်ရှိကြောင်းလည်း တွေ့ရသည်။ ထို့အပြင်မြန်မာနိုင်ငံမှ ရိုးရာလက်မှုအမှတ်တရပစ္စည်းများလည်း လာရောက်ရောင်းချပေးသည်ကို တွေ့ရသည်။ အခမ်းအနားသို့ ရန်ကုန်မြို့တွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် မိဘမဲ့ကျောင်းများမှ ကလေးငယ် ၆၀၀ လည်း လာရောက်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ဗြိတိသျှ အားကစားနည်းအမျိုးမျိုး၊ ဆပ်ကပ်အဖွဲ့များ၊ ပျော်ပွဲရွှင်ပွဲများ၊ ဆိုက်ကားပြိုင်ပွဲ၊ ရေကစားပွဲ၊ ဗြိတိသျှကလပ်ဘား၊ အစားအသောက်ရွာတို့ကိုလည်း ထည့်သွင်းထားသည်ကို တွေ့ရသည်။ ဗြိတိန်သို့ တစ်နေ့တာ အခမ်းအနားသည် ပျော်စရာရွှင်စရာများဖြင့် ဗြိတိန်နိုင်ငံ၏ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထင်ဟပ်ပေါ်လွင်အောင် ပြသထားခြင်းဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အရှိန်နှုန်းတိုင်းကိရိယာများဖြင့် တိုင်းတာ၍ အရေးယူခြင်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းလျော့နည်းရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့များအနေဖြင့် သက်ဆိုင်ရာ ရဲစခန်းအပိုင်းအလိုက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် အရှိန်နှုန်းတိုင်းကိရိယာများဖြင့် တိုင်းတာ၍ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သောယာဉ်များကို ဖမ်းဆီးအရေးယူခြင်းများကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ထိုင်ခုံခါးပတ်မပတ်ခြင်း၊ အမြန်လမ်းပေါ်တွင် တက်ရောက်မောင်းနှင်ခွင့်မရှိသော စက်ဘီး၊ ဆိုင်ကယ်၊ ဆိုက်တွဲယာဉ်၊ထော်လာဂျီယာဉ်များ တက်ရောက်မမောင်းနှင်ရေး၊ ကျွဲ၊ နွားများ မတက်ရောက်စေရေးစသည်ဖြင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု ကင်းရှင်းခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးခြင်းအပြင် ဖြစ်စဉ်များကို ပြန်လည်သုံးသပ်ရလျှင် ယာဉ်မောင်းများ မဆင်မခြင်ပေါ့ဆစွာ မောင်းနှင်ခြင်းများကြောင့် ဖြစ်ကြောင်း၊ အဖြစ်များသည်မှာ ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်သောကြောင့် လမ်းလယ်ကျွန်းတိုက်ခြင်း၊ တံတားပေါင်တိုက်ခြင်း၊ လမ်းဘေးကာရံထားသည့် အလူမီနီယံတန်းတိုက်ခြင်း၊ တိမ်းမှောက်ခြင်းများကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် အမြန်လမ်းပေါ် တက်ရောက်မောင်းနှင်မည့် ယာဉ်မောင်းများအနေဖြင့် မိမိမောင်းနှင်မည့်ယာဉ်၏ ဘီးတာယာများကို သေချာစွာစစ်ဆေးသင့်ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ ရဲမှူး ရန်နိုင်ဝင်းက ပြောကြားသည်။

ထိုသို့ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ယာဉ်မတော်တဆမှု ၃၆ မှုသာ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ အမျိုးသားငါးဦး၊ အမျိုးသမီးခုနစ်ဦးနှင့် ဒဏ်ရာရရှိသူ အမျိုးသား၃၂ ဦး၊ အမျိုးသမီး ၃၃ ဦး ရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုပေးနိုင်သော မင်းကွန်းလှည်းယဉ်များရှားပါးလာ

**မင်းကွန်း ဖေဖော်ဝါရီ ၆**

ပြောင်းဖူးဖက်ဖြင့် ပြုလုပ်ထားသော ဆေးပြင်းလိပ်ကို နှုတ်ခမ်းတွင်ကိုက်ထားပြီး ခေါင်းတွင် တဘက်ခပ်နွမ်းနွမ်းလေးပတ်ထားသော အသက် ၇၀ ကျော်ခန့်ရှိ မြန်မာအဘိုးအိုကြီးတစ်ဦးက စစ်ကိုင်းမြို့ မင်းကွန်းရေဆိပ်တွင် သင်္ဘောဖြင့် လိုက်ပါလာသော ခရီးသွားနိုင်ငံခြားသားများကို မိမိမောင်းနှင်သော (ဒေသအခေါ်) မင်းကွန်း (Taxi) ဖြင့် ခရီးဦးကြိုပြုနေကြောင်း တွေ့မြင်ရသည်။ မင်းကွန်း (Taxi)ဟု ဆိုသော်လည်း မြို့ကြီးတွေမှာ မြင်တွေ့နေကြ စက်တပ်အငှားယာဉ် (Taxi)မျိုး မဟုတ်ချေ။ ဆီဖြည့်ရန်မလို၊ လေထိုးရန်မလို၊ တောင်သူလယ်သမားများ လုပ်ငန်းခွင်များတွင် အသုံးပြုနေဆဲဖြစ်သည့် နွားနှစ်ကောင်ဖြင့် ဆွဲရသော လှည်းယဉ်များဖြစ်သည်။ မင်းကွန်းဒေသတွင် လွန်ခဲ့သော ဆယ်စုနှစ်ဝန်းကျင်ခန့်က ခရီးသည်များကို ခရီးဦးကြိုပြုသည့် မြန်မာ့နွားလှည်းယဉ်ပေါင်းမှာ အစီးရေ ၁၀၀ ခန့်ရှိသော်လည်း ယခုအခါ ထိုလှည်းယဉ်များအစား မော်တော်ကား အစရှိသော စက်တပ်ယာဉ်မျိုးစုံများ ပြေးဆွဲမှုကြောင့် ယနေ့အချိန်တွင် မင်းကွန်း (Taxi) ဝါ နွားလှည်းယဉ်ကို စီးနင်းသူနည်းပါးလာကြောင်း မင်းကွန်း (Taxi)မောင်းနှင်ကြသောသူများက ပြောသည်။

နိုင်ငံခြားခရီးသွား ဧည့်သည်များ လေ့လာ လည်ပတ်ကြသည့်အခါတွင် မင်းကွန်း(Taxi) ကိုသာ စီးနင်းကာ မင်းကွန်းဒေသရှိ မဟာဒါနကြီးလေး၀ ဆိုသည့်စကားနှင့်အညီ ဘိုးတော်ဗဒုံမင်း၏ကုသိုလ်တော်များဖြစ်သည့် မင်းကွန်းပုထိုးတော်ကြီး၊ ဧရာဝတီမြစ်ဆိပ်ရှိ ခြင်္သေ့ကြီးနှစ်ကောင်၊ မင်းကွန်းခေါင်းလောင်းတော်ကြီးနှင့် ကြက်ထောင့်ကန်တော်ကြီးတို့ကို သွားရောက်လေ့လာကြသည်။




"ယခုနောက်ပိုင်းတွင် မင်းကွန်း (Taxi)ကို ငှားစီးနင်းသူနည်းပါးလာလို့ အရင်မင်းကွန်း (Taxi) မောင်းနှင်သူတွေက မမောင်းကြတော့ဘဲ လယ်ယာလုပ်ငန်းခွင်ဝင်ကြသူတွေရှိလို့ ရှားပါးလာတာပါ" ဟု မင်းကွန်း (Taxi) မောင်းနှင်သူအဘိုးအိုက ပြောသည်။

မင်းကွန်းဒေသနှင့်အတူ ရှင်သန်ခဲ့သော မင်းကွန်း (Taxi)များသည် ရှားပါးလာသကဲ့သို့ ယင်းလှည်းယဉ်များ၏ ပြင်ဆင်မှုအပိုင်းတွင် အားနည်းချက်များကြောင့် ခရီးသွားဧည့်သည်များ မျက်စိမကျသည့် အနေအထားများကြောင့်ဟု ၎င်းက ထပ်မံရှင်းပြသည်။

**ကျော်ကျော်(မလှိုင်)**

# မိုးစပါးဘဏ်ချေးငွေကြောင့် စပါးစိုက်တောင်သူများ အဆင်ပြေ

**ရေး ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၁၆ ခုနှစ်က မိုးစပါးဘဏ်ချေးငွေ ငွေကျပ်သိန်းပေါင်း ၁၅၃၉၀ ကို လယ်သမား ၁၉၂၀ အား ၂၀၁၆ ခုနှစ် မေ ၁၇ ရက်မှ စတင်ထုတ်ချေးပေးခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ငွေကျပ်သိန်းပေါင်း ၁၃၇၄၉ သိန်းအား ကောက်ခံရရှိထားပြီးဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

"ရာခိုင်နှုန်းအားဖြင့် ၈၉ ဒသမ ၃၈ ရာခိုင်နှုန်းကောက်ခံရရှိထားပါတယ် ကျန်ရှိနေသော ချေးငွေကျပ်သိန်းပေါင်း ၁၆၄၁ သိန်းကို လာမယ့်ဖေဖော်ဝါရီလအတွင်း ပြေကျေစွာ ကောက်ခံသွားမှာဖြစ်ပါတယ်" ဟု မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်နန်းမြင့်မြင့်အေးထွန်းက ပြောသည်။

"မိုးစပါးချေးငွေတွေကို အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့် သက်သာစွာ ထုတ်ချေးခွင့်ရတယ်။ ပြီးခဲ့တဲ့နှစ်ထက်ပိုပြီး တစ်ဧကလျှင် တစ်သိန်းခွဲအထိ ထုတ်ချေးရတဲ့အခါ ဒီနှစ်မိုးစပါးလည်း အထွက်နှုန်း တိုးတယ်။ ရာသီဉတုလည်းမျှတမှုရှိကာ လယ်သမားအများစုမှာ ယခင်နှစ်ထက်မိုးစပါးအောင်မြင်လာပါတယ်"ဟု လမိုင်းမြို့နေ တောင်သူ မိုးစပါးချေးငွေထားသူ တောင်သူ ဦးခင်မောင်က ပြောသည်။

"ချေးငွေကို အချိန်မီပြန်သွင်းနိုင်တယ်။ နောက်မိုးစပါးလုပ်ငန်းခွင်အချိန်မီရန်အတွက် ချေးငွေတွေကို တောင်သူအများစုက ဆက်လက်ချေးခွင့်ရရှိဖို့အတွက် မျှော်လင့်နေကြပါတယ် "ဟု တောင်သူ ဦးခင်မောင်က ဆက်ပြောသည်။

ရေးမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် မိုးစပါးထုတ်ချေးရန် တောင်သူ ၂၂၀၀ အတွက် ချေးငွေကျပ်သိန်းပေါင်း ၁၉၀၅၆ သိန်းကို ကျေးရွာများမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသို့ လျာထားထုတ်ချေးရန် တင်ပြထားကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**



# ကလေးမြို့တည် နှစ် (၁၀၅၀ )ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပ

**ကလေး ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တည်နှစ်(၁၀၅၀) ပြည့်ပွဲတော် အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ သမုတိသစ္စာက ကလေးမြို့တည်နှစ်(၁၀၅၀ ) ပြည့်အထိမ်းအမှတ်ပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ကလေးမြို့တည် နှစ်(၁၀၅၀)ပြည့် အထိမ်းအမှတ်၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ သဘာဝချစ်သူများ(ကလေးမြို့ )၏ ပညာပေးပိုစတာပြပွဲ၊ သမိုင်းကြောင်းနှင့် ပတ်သက်သည့် နံရံကပ်စာစောင်ပြပွဲများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝင်းနှင့် Community Center ခန်းမ၌ ခင်းကျင်းပြသထားသည့်အပြင် ကလေးမြို့တည်နှစ် (၁၀၅၀) ပြည့်ပွဲတော်အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ပြည်ထောင်စုနေ့အကြို ကျပန်းပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**တနိုင်း ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ် တနိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အကြို ကျပန်းစကားပြော၊ ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ် ပြန်/ဆက်ရုံး ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုနေ့အကြို အလယ်တန်းအဆင့်စာစီစာကုံးနှင့် KG အဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၈ ရက်က လည်းကောင်း၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲနှင့် KG အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂ ရက်က လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါပြိုင်ပွဲများသို့ မြို့ပေါ်နှင့် ကျေးရွာများမှ အလယ်တန်း၊ မူလတန်းနှင့် KG တန်းမှ ကျောင်းသား ကျောင်းသူ ၆၀ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲ၌ ဆုရရှိသူများကို ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်သော ပြည်ထောင်စုနေ့အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း အချိန်မီပြီးစီးရေးစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၆**

မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီး၊တောင်ညို ဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများက JICA ODALOAN ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အထိ စီမံကိန်းကာလ သုံးနှစ်တာ ရေးဆွဲသတ်မှတ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆည်များတွင် ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက် ၁၀၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က ဖေဖော်ဝါရီ ၃ ရက်က လာရောက်စစ်ဆေးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်များနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်များကို အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးအတွက် JICA Consultant Team အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပြီးစီးသွားသည့် ရေပေးမြောင်းများမှ နွေစပါး ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ အခက်အခဲများရှိပါက တင်ပြသွားကြရန်တို့ကို ပြောကြားခဲ့သည်။

စီမံကိန်း၏ နိုင်ငံခြားအတိုင်ပင်ခံအဖွဲ့ဖြစ်သော Sanyu အတိုင်ပင်ခံအဖွဲ့မှ သတ်မှတ်စံချိန် စံညွှန်းနှင့် အရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းကြီးကြပ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)အနေဖြင့် ဆည်ရေသောက်စနစ်လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မူလဆည်ရေသောက်စနစ်များသည် နှစ်ပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပြီးဖြစ်၍ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက စိုက်ပျိုးဧက နှစ်သိန်းကျော်ရေပေးဝေနိုင်ပြီး ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ဒေသများတွင် လက်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ရွှေတောင်)**



# သီပေါ မြတ်မွန်စေတနာလူမှုကူညီရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

**သီပေါ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မြတ်မွန်စေတနာလူမှုကူညီရေး(နာရေး) အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်က မြို့ကျက်သရေဆောင် မဟာသာသနာ့ဗိမာန် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်မွန်စေနာလူမှုကူညီရေး(နာရေး)အသင်း ဥက္ကဋ္ဌ ဦးအောင်ခင်က အမှာစကားပြောကြားပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးကလူမှုကူညီရေးအသင်း၏ ဆောင်ရွက်ချက်များကို ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် အသင်းတွဲဖက်အတွင်းရေးမှူး ဦးစိုင်းဇော်ဝင်းက နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ တင်သွင်းသော အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားပြီး အသင်းသားများက အစီရင်ခံစာပါလုပ်ငန်းဆောင်ရွက်မှုများအပေါ် အကြံပြုဆွေးနွေးကြရာ အသင်းအတွင်းရေးမှူး ဦးခင်မောင်ဝင်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသစ်တည်ဆောက်မည့် မီးလောင်တိုက်နှင့် နိဗ္ဗာန်ယာဉ်အတွက် ဈေးရပ်နေ ကုန်သည်ကြီး ဦးအောင်ခင်-ဒေါ်တင်တင်မိသားစုက ငွေကျပ်သိန်း ၂၀၊ ရွှေပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးထိန်လင်းက နိဗ္ဗာန်ယာဉ်တစ်စီး၊ ကမ္ဘောဇဘဏ်(သီပေါ)က ငွေကျပ် သိန်း ၅၀နှင့် အလှူရှင် ၅၀ တို့က စုစုပေါင်းလှူဒါန်းငွေ သိန်းပေါင်း ၉၀၂၆၀၀၀ ဖြစ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြင်ဦးလွင်သို့ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ၂၀၁၆ ခုနှစ်တွင် ပိုမိုများပြားလာ



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၆**

ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ နိုင်ငံခြားသားခရီးသည်များသည် မြန်မာနိုင်ငံရှိ အထင်ကရနေရာများဖြစ်သော ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုဂံ၊ စစ်ကိုင်းအစရှိသောမြို့များနှင့် အတူ ပြင်ဦးလွင်မြို့ကိုပါ လာရောက်လည်ပတ်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ နိုင်ငံခြားသားခရီးသည် ၁၇၇၁၉ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၁၈၆၁၃ ဦး ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ်ထက် ၈၉၄ ဦး ပိုမိုများပြားခဲ့ကြောင်း သိရသည်။

ပြင်ဦးလွင်သို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် နှစ်စဉ်အောက်တိုဘာလမှ မေလ အထိ အများဆုံးဖြစ်ပြီး ပြင်ဦးလွင်မြို့ရှိ နာမည်ကျော်ကြားသော အထင်ကရနေရာများအပြင် ရှေးဟောင်း ဥရောပပုံစံ အဆောက်အအုံများ၊ အနီးပတ်ဝန်းကျင်ရှိဒေသခံ ကျေးရွာများသို့ သွားရောက်လေ့လာလည်ပတ်ကြသည်။ ပြင်ဦးလွင်သို့ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည် အများစုသည် လေ့လာလည်ပတ်ကြရာတွင် မော်တော်ကားဖြင့် လည်ပတ်ရခြင်းထက် ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ ရထားလုံးတို့ဖြင့် လည်ပတ်ရသည်ကို ပိုမိုသဘောကျကြသဖြင့် မြို့ပေါ်တွင် နိုင်ငံခြားသားများအတွက် သီးသန့်စက်ဘီး၊ ဆိုင်ကယ် အငှားဆိုင်များ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသည်အများစုသည် ပြင်ဦးလွင်သို့ ပုဂံ၊ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ သီပေါခရီးစဉ်အဖြစ် တစ်ဆက်တည်းလာရောက်လေ့ရှိပြီး ပြင်ဦးလွင်မြို့မှတစ်ဆင့် သီပေါမြို့သို့ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးကို လေ့လာရန် ရထားဖြင့် ဆက်လက်ထွက်ခွာလေ့ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# စာကြည့်တိုက်ဝန်ဆောင်မှုများ မြှင့်တင်ရေးဆွေးနွေး



**ရန်ကုန် ဖေဖော်ဝါရီ ၆**

ကမာရွတ်မြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖေဖော်ဝါရီ ၃ ရက်က စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် စာပေဗိမာန်စာကြည့်တိုက်မှူး(ငြိမ်း) ဦးရဲဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး ဒေါ်ချိုချိုသန်း(ချိုမြနွယ်)က ကလေးစာဖတ်ခန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စိမ်းလဲ့နှင့် ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး၊ မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၀)ရပ်ကွက်မှ စာကြည့်တိုက်မှူးများ၊ အထက် တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများမှ စာကြည့်တိုက်တာဝန်ခံဆရာဆရာမများ၊ စာကြည့်တိုက်လုပ်ငန်းစိတ်ပါဝင် စားသူများတက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ငှါသရောက်မြစ်ရေတင်မှ တစ်ပတ်စော၍ စိုက်ပျိုးရေပေးဝေမည်

**ညောင်ဦး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငှါသရောက်မြစ်ရေတင်မှ ၂၀၁၆-၂၀၁၇ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၂၀၀ နှင့် အခြားသီးနှံ ဧက ၆၃၀ စုစုပေါင်း ဧက ၈၃၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေကိုလည်း ယမန်နှစ်ကထက် တစ်ပတ်စော၍ ပေးဝေသွားမည်ဖြစ်ကြောင်းသိရသည်။

“ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ နွေစပါးနဲ့နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး ၁၂၂ ဧက နဲ့ အခြားသီးနှံ ဧက ၆၆၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုနှစ်မှာတော့ နွေစပါး ဧက ၂၀၀ နဲ့ အခြားသီးနှံ ဧက ၆၃၀ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ဒေသခံတောင်သူများ စိုက်ပျိုးရေအလုံအလောက်ရရှိအောင် ဇန်နဝါရီလအတွင်း ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်တဲ့ နုန်းဆယ်ခြင်း၊ ချုံပုတ်များ ခုတ်ထွင်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ဆောင်ရွက်ထားသလို စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးလည်း လုပ်ဆောင်ထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေအလေအလွင့်မရှိအောင် စိုက်ပျိုးရေခွဲဝေအသုံးချရေးအဖွဲ့တွေကိုလည်း ဒေသခံတောင်သူများနဲ့ တွေ့ဆုံညှိနှိုင်းဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ရေတင်ခကတော့ ဌာနကသတ်မှတ်ထားတဲ့အတိုင်း နွေစပါးတစ်ဧက ငွေကျပ် ၉၀၀၀ အခြားသီးနှံတစ်ဧက ငွေကျပ် ၃၀၀၀ ကောက်ခံမှာဖြစ်ပါတယ်”ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငှါသရောက်မြစ်ရေတင် တာဝန်ခံဦးစီးအရာရှိ ဦးအောင်အောင်က ပြောသည်။ **ဖေထွဏ်းဇော်(ရေစကြို)**



# သုံးခွမြို့နယ်တွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်

**သုံးခွ ဖေဖော်ဝါရီ ၆**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း သုံးခွမြို့နယ် လျှပ်စစ်မန်နေဂျာရုံး လျှပ်စစ်အင်ဂျင်နီယာဌာနမှ လိုင်းမင်းများက လျှပ်စစ်ဓာတ်အားလိုင်းစနစ် ကောင်းမွန်စေရေး အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက်က အမှတ် (၄) ရပ်ကွက် ဗာဒံပင်ဆိပ်လမ်းတွင် ၅ ခန်း၊ ပေ ၆၀၀ HDBC No.8 wire များကို 50 $mm^2$ insulated wire များဖြင့် လိုင်းမင်းများက အစားထိုးလဲလှယ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ဘုရင်ညီနောင် ခေါင်းလောင်းတော်များ

**မောင်သာ(ရွှေဟောင်းသုတေသန)**

ကုန်းဘောင်ဆက် မြန်မာဘုရင်များသည် ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများစွာကို တည်ဆောက်ခဲ့ကြသကဲ့သို့ ကြေးခေါင်းလောင်းတော်များကို သွန်းလုပ်၍လည်း စေတီပုထိုးများ၌ ချိတ်ဆွဲလှူဒါန်းခဲ့ကြသည်။ ယင်းတို့အနက် (ဖောင်းကားစားမောင်မောင် အပါအဝင်)ကုန်းဘောင်မင်းဆက်၏ ဆဋ္ဌမမြောက်ဘုရင် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)သည် မြန်မာသက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် စစ်ကိုင်းမြို့ အောင်မြေလောကစေတီတော်သို့ ကြေးသွန်းခေါင်းလောင်းတစ်လုံး လှူဒါန်းခဲ့ရာ ယင်းခေါင်းလောင်းကို စေတီတော်ရင်ပြင်တွင် ယနေ့တိုင်မြင် တွေ့နိုင်ကြပေသည်။

စစ်ကိုင်းမြို့သို့ရောက်ရှိခိုက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာရေးဆရာ ဂျွန်ကောလင်း အမည်ခံ ကိုဇေယျာနောင်နှင့် ဦးရဲမြင့်နိုင်တို့က အောင်မြေလောကစေတီတော်ရှိ ဗဒုံမင်းခေါင်းလောင်းတော်ကို လိုက်လံပြသခဲ့သည်။ စစ်ကိုင်းမှ အပြန်ခရီးတွင် ကုန်းဘောင်ဘုရင် ညီနောင်နှစ်ပါးဖြစ်သည့် ပုဂံမင်းနှင့် မင်းတုန်းမင်းတို့ လှူဒါန်းထားသည့် ခေါင်းလောင်းတော်များရှိသည့် မန္တလေးမြို့ အိမ်တော်ရာ စေတီသို့ သွားရောက်ခဲ့ပါသည်။

**မဟာလောကရံသီ အိမ်တော်ရာစေတီတော်**

မဟာလောကရံသီ အိမ်တော်ရာစေတီသည် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်(၂၆)လမ်းနှင့်(၂၉)လမ်းအကြား(၈၈)လမ်းနှင့်(၈၉)လမ်းအကြားတွင် တည်ရှိသည်။ ကုန်းဘောင်ဆက် နဝမမြောက်ဘုရင် အမရပူရ စတုတ္ထနန်းစံဘုရင် ပုဂံမင်း(ခရစ်နှစ် ၁၈၄၆-၁၈၅၃) တည်ထားခဲ့သည့် အိမ်တော်ရာစေတီနှစ်ဆူသည် ရန်ကုန်မြို့တွင် တစ်ဆူနှင့် မန္တလေးမြို့တွင် တစ်ဆူရှိသည်။ သီရိသုဓမ္မ တိလောကပရဝ မဟာရာဇာဓိရာဇာဘွဲ့ခံ ပုဂံမင်းသည် မိမိငယ်စဉ်မင်းသားဘဝက စံခဲ့သည့် မန္တလေးမြို့ မတဲရပ်တွင် မဟာလောကရံသီဘွဲ့အမည်ဖြင့် စေတီတော်တစ်ဆူကို တည်ထားခဲ့ရာ မူလဘွဲ့တော်ထက် အိမ်တော်ရာစေတီဟူသည့်အမည်က ပိုမိုထင်ရှားခဲ့သည်။



မင်းတုန်းမင်းခေါင်းလောင်းတော်

ပုဂံမင်းသည် မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၄ ရက် (ခရစ်နှစ် ၁၈၄၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်)အင်္ဂါနေ့တွင် မင်းအဖြစ်ကို ခံယူတော်မူခဲ့သည်။ ပုဂံမင်း၏ သီရိသုဓမ္မ တိလောကပရဝ မဟာရာဇာဓိရာဇာဘွဲ့တံဆိပ်နာမတော်ကို ညီတော်မင်းတုန်းမင်းသားက ဆက်သရပြီး ညီတော်ကနောင်မင်းသားက သီရိတိလောက မဟာဒေဝီမည်သော ရွှေပေနာမတော်ကို မိဖုရားခေါင်ကြီးထံ ဆက်သခဲ့ရသည်။

ပုဂံမင်းသည် ဘုရင်ဖြစ်အပြီး တစ်နှစ်တိတိအကြာ ၁၈၄၇ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် မင်းတဲအိမ်တော်ရာနေရာ၌ စေတီတော်တစ်ဆူတည်ထားရန် ကိုယ်တော်တိုင် အုတ်မြစ်ချခဲ့သည်။ ၁၈၄၈ ခုနှစ် မတ် ၁၈ ရက်တွင် စေတီတော် ပထမဌာပနာတိုက်သို့ ပုဂံမင်းကိုယ်တော်တိုင် ဌာပနာသွင်းပြီးချိန်တွင် မြို့အနောက်ဘက်ခြမ်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကျောင်းတိုက်ငါးတိုက် မီးလောင်ကျွမ်းခြင်းခံခဲ့ရသည်။ ပုဂံမင်းသည် ၁၈၄၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက် ကြာသပတေးနေ့တွင် စေတီတော်ကို ထီးတော်တင်လှူကာ မဟာလောကရံသီဟု ဘွဲ့အမည်ကမ္ပည်းတပ်ခဲ့သည်။ အိမ်တော်ရာစေတီတော် ရင်ပြင်ပတ်လည်ကို ၁၀ ပေမြင့်၍ လေးပေခွဲထူသည့် မဟာရာမ်အုတ်တံတိုင်း ပတ်ထားပြီး တံတိုင်းကို စေတီတော်မှ ၇၅ ပေအကွာတွင် တည်ဆောက်ထားသည်။

ထိုနေ့မှာပင် စေတီတော်ထောင့်လေးဘက်ရှိ အရံစေတီများကိုလည်း ထီးတင်ခဲ့သည်။ အလယ်နန်းတော်မိဖုရား စလင်းမြို့စား သီရိတိလောက အတုလရတနာဒေဝီ တည်ထားသော တနင်္ဂနွေထောင့်(အရှေ့မြောက်ထောင့်)ရှိ အရံစေတီ၊ ပုဂံမင်းကြီး၏ ခမည်းတော် သာယာဝတီမင်းကြီး၏မိဖုရား စလေမြို့စားတည်ထားသည့် အင်္ဂါထောင့်(အရှေ့တောင်ထောင့်)ရှိ အရံစေတီ၊ ပုဂံမင်းငယ်စဉ်က အထိန်းတော်အဖြစ် စောင့်ရှောက်ခဲ့သော တောင်ပြုံးကြီးမြို့ ဟင်္သာတမြို့စားတည်ထားသည့် စနေထောင့် (အနောက်တောင်ထောင့်)ရှိ အရံစေတီနှင့် မင်္ဂလာအိမ်တော်ပါ ကျီဝန်အတွင်းဝန် မင်းကြီးမဟာသက်တော်ရှည် တည်ထားသည့် ရာဟုထောင့်(အနောက်မြောက်ထောင့်)ရှိ အရံစေတီတော်တို့ကို ရွှေထီးအထွတ်တင်၍ ရေစက်ချလှူဒါန်းခဲ့သည်။ အရံစေတီတော်လေးဆူကို မဟာရံတံတိုင်းအတွင်း၌ ယနေ့တိုင် ဖူးမြင်နိုင်ကြပေသည်။

စေတီတော်ရင်ပြင်တွင် စိုက်ထူထားသည့် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသော မဟာလောကရံသီ အိမ်တော်ရာစေတီ သမိုင်းတွင် အိမ်တော်ရာစေတီတော်၏ အတိုင်းအတာသည် ကျောက်စာမူအရ ဖိနပ်တော်အချင်း သံတောင် ၆၂ တောင် ၂ မိုက်၊ စေတီတော်အမြင့် ၅၉ တောင်နှင့် ထီးတော်အမြင့် ၉ တောင် ၁ မိုက်၊ ထီးတော်အဝ လေးတောင်၊ ဘုံခုနစ်ဆင့်ဟု မှတ်တမ်းပြုထားသည်။

ဆရာနတ်မောက်ထွန်းရှိန် ပြုစုသည့် ဝင်းတွေနှင့်တည်ခဲ့သည့်မင်းနေပြည် စာအုပ်တွင် အိမ်တော်ရာစေတီတော် အတိုင်းအတာကို အရပ်တော် ၆၁ တောင် ၂ မိုက် ၅ သစ်ဟု ဖော်ပြထားသည်။ သံတောင်တစ်တောင်သည် ၁၉ လက်မ ရှိသဖြင့် ခေတ်အတိုင်းအတာအရ မန္တလေးအိမ်တော်ရာစေတီ၏ ဉာဏ်တော် အမြင့်သည် ၉၉ ပေဖြစ်သည်။ အိမ်တော်ရာစေတီတော် ရင်ပြင်ပေါ်တွင် ထောင့်အသီးသီး၌ ချိတ်ဆွဲထားသည့် ခေါင်းလောင်းများကို တွေ့ရှိခဲ့ရသဖြင့် ပုဂံမင်းနှင့် မင်းတုန်းမင်း ညီနောင်နှစ်ပါး လှူဒါန်းခဲ့သော ခေါင်းလောင်းတော်များကို လိုက်လံကြည့်ရှုခဲ့ရာ စေတီတော်ဂေါပကအဖွဲ့မှ ဦးတင်မြင့်က ကူညီရှင်းပြခဲ့သည်။

**ပုဂံမင်းခေါင်းလောင်းတော်**

ပုဂံမင်းသည် မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် မဟာလောကရံသီစေတီတော် တတိယပစ္စယံ အထက်ကွန်းတောင်တွင် ဓာတ်တော်မွေတော်များ ဌာပနာသွင်းပြီး ခေါင်းလောင်းတော်တစ်လုံးကို သွန်းလုပ်လှူဒါန်းကာ ဘုရားဆုပန်ခဲ့သည်။

အိမ်တော်ရာစေတီ၏ အရှေ့မြောက်တည့်တည့်(တနင်္ဂနွေထောင့်) ရင်ပြင်ပေါ်တွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းတော်သည် ပုဂံမင်း၏ အလှူတော်ဖြစ်ပြီး ခေါင်းလောင်းအဝ ၃၁ လက်မ၊ အမြင့် ၃ ပေ၊ အထူ လေးလက်မခွဲရှိကာ ခေါင်းလောင်းထိပ်တွင် ၁၀ ဒသမ ၅ လက်မစီမြင့်သည့် မနုဿီဟနှစ်ကောင် တစ်ဖက်စီထိုင်နေသည့် ရုပ်တုကို မြင်တွေ့ရသည်။

မြန်မာအဘိဓာန်ကျမ်းတွင် မနုဿီဟကို လူမျက်နှာတစ်ခုနှင့် ခြင်္သေ့ကိုယ်နှစ်ခုပါသောအရုပ်ဟု အဓိပ္ပာယ်ဖွင့် ဆိုသည်။ မနုဿီဟရုပ်တု ယဉ်ကျေးမှုသည် မည်သည့်အချိန်တွင် စတင်ခဲ့ကြောင်း အခိုင်အမာ မသိရှိသေးသော်လည်း အင်းဝ၊ ညောင်ရမ်းခေတ် ခေါင်းလောင်းအချို့၏ ပုစွန်တုပ်ကွေး တစ်ဖက်တစ်ချက်တွင် မနုဿီဟရုပ်တုများ တပ်ဆင်ထားသည်ကို မြင်တွေ့နိုင်သည်။ စေတီပုထိုးများတွင် မြင်တွေ့ကြရသည့် မနုဿီဟရုပ်တုများတွင် နတ်ရုပ်ဦးခေါင်းနှင့် ခြင်္သေ့ကိုယ်ကို တွဲစပ်ထားလေ့ရှိသည်။

မာန်လည်ဆရာတော်၏အမေးကို ဖြေဆိုတော်မူသော မင်းကွန်းအလယ်တောရဆရာတော်၏ "ရုပ်ပလီ၊ မနုဿီ ကိုယ်နှစ်ခွငယ်လို့၊ သိကြအများ၊ မြို့သထုံ၊ ပြည်သုဝဏ်ရွှေဘုံ၌၊ သည်ရုပ်ပုံဟန်ပန်ယူလို့၊ ရန်သူကို ပယ်နိုင်ကြောင်းငယ်နှင့်၊ ကျမ်းဟောင်းစာစောင်မြတ်မှာ ကျမ်းတတ်စကား" ဟူသည့် အဖြေအရ မနုဿီဟရုပ်ကို ရန်သူအပေါင်းအား ပယ်နှိမ်နိုင်ကြောင်းရည်ရွယ်လျက် ထုလုပ်ခဲ့ကြကြောင်း သိရှိရပေသည်။

ပုဂံမင်းခေါင်းလောင်း၏ ထိပ်ပိုင်းပတ်လည်ကို နတ်ရုပ်တန်းနှစ်တန်းအကြားတွင် ရှည်မျောမျော ပုံသဏ္ဌာန်ရှိသည့် ကြာဖတ်တန်းနှစ်ဆင့်တန်း၍ ပတ်ထားသည်။ ခေါင်းလောင်းဝပတ်လည်သည် ၉၈ လက်မ၊ ခေါင်းလောင်းအလယ် ခါးပတ်လည်သည် ၅၈ လက်မရှိ၍ ခေါင်းလောင်းထိပ်ပတ်လည်သည် ၃၅ လက်မ ရှိသည်။

ခေါင်းလောင်းတွင် ကမ္ပည်းစာ ၁၈ ကြောင်းပါရှိပြီး ဒုတိယစာကြောင်းတွင် "ဤမဟာလောကရံသီ စေတီတော်မြတ်သည် ရောင်ခြည်တထောင်ဆောင်သော နေမင်းကဲ့သို့ တထိန်ထိန်တောက်ပလျက် ရှည်မြတ်စွာကာလပတ်လုံး တည်စေသတည်း"ဟု ပါဠိတစ်ချက်၊ အနက်တစ်ချက် နိဿျ ရေးထိုးထားသည်။ (ခေါင်းလောင်းစာ သတ်ပုံအတိုင်းဖြစ်ပါသည်။)

ပုဂံမင်းသည် သဗ္ဗညုဗောဓိဉာဏ်၏အကျိုးငှာ မဟာလောကရံသီစေတီတော်မြတ်အား ခေါင်းလောင်းအလှူဖြင့် ပူဇော်ကြောင်း ခေါင်းလောင်းစာရေးထိုးခဲ့သည်။ ခေါင်းလောင်းစာတွင် 'ကြေးစင်သပြာ ၆၇၀၀၀ သွန်းလောင်းလျက် အဝ ၂ိ၊ လုံးပတ် ၅ံ၊ အရပ် ၂ံ'ဟု ဖော်ပြထားသဖြင့် ခေတ်အတိုင်းအတာများဖြင့် ဆက်စပ်ကြည့်လျှင် ၁ိ သည် ၁၆ လက်မဝန်းကျင်နှင့် ၁ံ သည် ၁၈ လက်မဝန်းကျင်ရှိကြောင်း ခန့်မှန်းနိုင်ပေသည်။

ခေါင်းလောင်းတင်လှူသည့်ခုနှစ်ကို သာသနာသက္ကရာဇ် ၂၃၉၄ ဟု ခေါင်းလောင်းစာတွင် ရေးထိုးထားသဖြင့် သက္ကရာဇ်ဖလှယ်ကြည့်လျှင် မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ် (ခရစ်နှစ် ၁၈၅၀ ပြည့်နှစ်)ဖြစ်ကြောင်း သိရှိရသည်။ ခေါင်းလောင်းကမ္ပည်း အောက်ဆုံးစာကြောင်းတွင် မဟာမင်းထင်ကျော်စွာက ခေါင်းလောင်းစာကိုသီကုံးကြောင်း မှတ်တမ်းတင်ခဲ့သည်။

**မင်းတုန်းမင်းခေါင်းလောင်းတော်**

ပုဂံမင်း၏ညီတော် မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈) လှူဒါန်းသည့် ခေါင်းလောင်းတော်ကို အိမ်တော်ရာစေတီ၏ တနင်္လာထောင့်နှင့် အင်္ဂါထောင့်အကြား (စေတီတော်၏ အရှေ့တောင်ယွန်းယွန်း)တွင် မြင်တွေ့နိုင်ကြသည်။ ခေါင်းလောင်းပေါ်တွင် မဟာဂီရိမကုဋဃဏ္ဍာရာဇာ ဟူသည့် ခေါင်းလောင်းဘွဲ့အမည်ကို စာလုံးအဝိုင်းဖြင့် ရေးထိုးထားသည်။

မင်းတုန်းမင်းခေါင်းလောင်းသည် ခေါင်းလောင်းအဝ ၂၈ လက်မ၊ အမြင့် လက်မ ၃၀၊ အထူ ရှစ်လက်မရှိကာ ပုဂံမင်းခေါင်းလောင်းအောက် အနည်းငယ်သေးကာ သွန်းလောင်းထားသည်။ သို့သော် ခေါင်းလောင်းအထူမှာ ရှစ်လက်မရှိသည်။ ခေါင်းလောင်းနှုတ်ခမ်းဝ ပတ်လည်သည် ၈၈ လက်မ၊ ခေါင်းလောင်းအလယ် ခါးပတ်လည်သည် ၇၀ လက်မရှိ၍ ခေါင်းလောင်းထိပ်ပတ်လည်သည် ၃၅ လက်မရှိသဖြင့် ခေါင်းလောင်းနှုတ်ခမ်းဝနှင့် ခါးလည်အဝန်း ကွာခြားမှု အနည်းငယ်သာရှိသည်။

ခေါင်းလောင်းထိပ်တွင် ကိုးလက်မအမြင့်ရှိသည့် ခြင်္သေ့နှစ်ကောင်ထိုင်နေဟန် ရုပ်တုများကို မြင်တွေ့နိုင်သည်။ ပုဂံမင်းခေါင်းလောင်းတော်၏ ပုစွန်တုပ်ကွေးနေရာတွင် အလှဆင်မွမ်းမံမှုများကို မတွေ့ရှိရသော်လည်း မင်းတုန်းမင်းခေါင်းလောင်း၏ ပုစွန်တုပ်ကွေးနေရာတွင် နဂါးနှစ်ကောင်ကို အပေါ်မှအောက်သို့ တွဲဆက်ထားသည်။ ခေါင်းလောင်း၏ထိပ်ပိုင်းတွင် ပုဂံမင်းခေါင်းလောင်းကဲ့သို့ပင် နတ်ရုပ်တန်း နှစ်တန်းအကြား၌ ရှည်မျောမျောပုံသဏ္ဌာန် ကြာဖတ်တန်းနှစ်ဆင့်ဖြင့် ခေါင်းလောင်းကို ပတ်ထားသည်။



ပုဂံမင်းခေါင်းလောင်းတော်

မင်းတုန်းမင်းသည် နောင်တော်ပုဂံမင်းကို ဦးစားပေးလိုသည့်ဆန္ဒဖြင့် မိမိလှူဒါန်းသောခေါင်းလောင်းတော်ကို နောင်တော်၏ ခေါင်းလောင်းအောက် အရွယ်အနည်းငယ်သေးကာ သွန်းလောင်းခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဆနိုင်ဖွယ်ရှိပေသည်။

မင်းတုန်းမင်းခေါင်းလောင်းတွင်လည်း ခေါင်းလောင်းစာ ၁၈ ကြောင်း ရေးထိုးထားရာ စာကြောင်းရေ လေးကြောင်းအထိ ဂေါတမဗုဒ္ဓဘုရားရှင်အား ရှိခိုးပူဇော်ခြင်းများကို ရေးထိုးထားသည်။ ရှစ်ခုမြောက်စာကြောင်းမှစ၍ မဟာလောကရံသီ စေတီတော်ရင်ပြင်၌ သဒ္ဒါဒါနအဖြစ် ခေါင်းလောင်းသွန်းလုပ်လှူဒါန်းရန် ကြံစည်တော်မူသည့်အတိုင်း သာသနာတော် ၂၃၉၆ ခုနှစ် ကောဇာသက္ကရာဇ် ၁၂၁၄ ခု တပေါင်းလဆန်း ၁၁ ရက်နေ့တွင် ခေါင်းလောင်းသွန်းလောင်းခဲ့ကြောင်း ဖတ်ရှုနိုင်ပေသည်။

မင်းတုန်းမင်းခေါင်းလောင်းတော်ကို ကြေးချိန်သပြာ ၆၀၀၀၀ ကျော်ဖြင့် သွန်းလုပ်ခဲ့ကာ ကောဇာသက္ကရာဇ် ၁၂၁၆ ခု နတ်တော်လဆန်း ၁၀ ရက်(ခရစ်နှစ် ၁၈၅၄ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်)ဗုဒ္ဓဟူးနေ့တွင် ဗန်းမော်မြို့ဝန် မဟာမင်းလှစည်သူကြီးကြပ်လျက် မဟာလောကရံသီစေတီတော် လှူဒါန်းခဲ့ပြီး မဂ်ဖိုလ်ရောက်ခွင့်အဆင့်ဆင့်ကို ဖြည့်ကျင့်ရပါစေကြောင်း ဆုပန်ခဲ့သည်။

ခေါင်းလောင်းစာကို ရေးသားစီကုံးခဲ့သူ မင်းထင်စည်သူဘွဲ့ရ ဦးဖဲသည် ရာမရကန်ကိုရေးဖွဲ့ခဲ့သူ ရွှေတိုက်စိုးဦးတိုး၏ သားဖြစ်သည်။ ဦးဖဲသည် အမရပူရမြို့ တောင်သမန်ရှိ မဟာသကျရံသီ ကျောက်စာနှင့်သံပိုင်းလင်္ကာကိုလည်း ရေးဖွဲ့ခဲ့ပြီး မင်းတုန်းမင်းနန်းတက်ချိန်တွင် ဦးဖဲသည် အသက် ၆၅ နှစ်အရွယ် ရှိနေပြီဖြစ်သည်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်မှ ခမည်းတော် သာယာဝတီမင်းနှင့် နောင်တော်ပုဂံမင်းတို့ လက်ထက်တိုင်အောင် မင်းသုံးဆက်အမှုတော်ထမ်းခဲ့သူ ဦးဖဲကို မင်းတုန်းမင်းက မင်းထင်စည်သူဘွဲ့ ချီးမြှင့်၍ စာဆိုအမတ်အဖြစ် သူကောင်းပြုခဲ့သည်။

ကုန်းဘောင်ဆက် ၁၃၃ နှစ် (ခရစ်နှစ် ၁၇၅၂-၁၈၈၅)အတွင်း ဘုရင်ခုနစ်ပါးက စေတီတော်အသီးသီးသို့ သွန်းလုပ်လှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်ကိုးလုံးရှိရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်တွင် နှစ်လုံး၊ မန္တလေးမြို့ အိမ်တော်ရာစေတီတွင် နှစ်လုံး၊ ရွှေဘိုမြို့ ရွှေချက်သိုစေတီ၊ စစ်ကိုင်းမြို့ အောင်မြေလောကစေတီ၊ မြန်အောင်မြို့ ရွှေဘုံသာစေတီ၊ အမရပူရမြို့ ပုထိုးတော်ကြီးနှင့် စစ်ကိုင်း မင်းကွန်းတွင် တစ်လုံးစီကို ယနေ့တိုင် မြင်တွေ့နိုင်ကြပေသည်။ ယင်းတို့အနက် ဗဒုံမင်းလှူဒါန်းခဲ့သည့် မင်းကွန်းခေါင်းလောင်းသည် ကမ္ဘာကျော် ခေါင်းလောင်းတစ်လုံးအဖြစ် ထင်ရှားလျက်ရှိသည်။

အိမ်တော်ရာစေတီတော် ရင်ပြင်မြောက်ဘက်ထောင့်တွင် ချိတ်ဆွဲထားသော သမိုင်းဝင် ခေါင်းလောင်းတစ်လုံးဖြစ်သည့် မြန်အောင်မြို့စား အတွင်းဝန် သတိုးမင်းကြီး မဟာမင်းလှကျော် သမီးမောင်နှံ လှူဒါန်းခဲ့သော ခေါင်းလောင်းတော်ကိုလည်း လေ့လာနိုင်ကြသည်။ ယင်းခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် အိမ်တော်ရာစေတီ၌ ချိတ်ဆွဲလှူဒါန်းခဲ့ကြောင်း ခေါင်းလောင်းတွင် ကမ္ပည်းစာ ရေးထိုးထားသည်။

ခေါင်းလောင်းစာများသည် ကျောက်စာ၊ ပေစာများကဲ့သို့ပင် အတိတ်သမိုင်းကို တစ်စိတ်တစ်ပိုင်း ပြောပြနေသည့် အထောက်အထားများ ဖြစ်ကြသည်။ ကုန်းဘောင်ဆက် ဘုရင်ညီနောင်နှစ်ပါးဖြစ်သော ပုဂံမင်းနှင့် မင်းတုန်းမင်းတို့သည် မန္တလေးမြို့ရှိ အိမ်တော်ရာစေတီတစ်ဆူတည်းတွင် ခေါင်းလောင်းတော်တစ်လုံးစီကို လေးနှစ်သာခြား၍ လှူဒါန်းချိတ်ဆွဲခဲ့ကြသည်။ ခေါင်းလောင်းများတွင် အရွယ်အစား၊ အလေးချိန်၊ တင်လှူသည့်ဘုရားစေတီ၊ တင်လှူသည့်နေ့ရက် အချိန်၊ တင်လှူသူဘုရင်နှင့် ဆုတောင်းများကို ရေးထိုးမှတ်တမ်းပြုခဲ့ကြသဖြင့် ခိုင်မာသော သမိုင်းမှတ်တမ်းများကို နှောင်းလူတို့ သိရှိနိုင်ခဲ့ကြပေရာ သမိုင်းဝင် အိမ်တော်ရာစေတီတော်နှင့် ခေါင်းလောင်းတော်နှစ်လုံးကို သွားရောက်လေ့လာနိုင်ကြပေသည်။ ။

**ကိုးကား**

**ကုန်းဘောင်ခေတ် လက်ရွေးစင်ခေါင်းလောင်းစာများ (ဦးစိန်မောင်ဦး)**

**မြန်မာ့ရက်စွဲသမိုင်း၊ ကုန်းဘောင်ဆက်**

**(ဦးတိက္ခ ဓမ္မလင်္ကာရ၊ ဒေါက်တာသန်းထွန်း)**

**မြန်မာ့ခေါင်းလောင်း(လှိုင်ဝင်းဆွေ)**

# ၂၀၁၇ ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာသိမှတ်ဖွယ်ရာများ

ဒေါက်တာဒေါ်ဝင်းကြည်၊ ပါမောက္ခ၊ ဌာနမှူး၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ် ဖြေဆိုရာမှာ အထောက်အကူပြုစေမည့် သိမှတ်ဖွယ်ရာများကို ဆွေးနွေးပို့ချမှာဖြစ်ပါတယ်။ ပထမဦးဆုံး ရူပဗေဒ ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြမှာဖြစ်ပါတယ်။

၂၀၁၇ခုနှစ် ရူပဗေဒဘာသာရပ်မေးခွန်းပုံစံမှာ ၂၀၁၆ခုနှစ်မေးခွန်းပုံစံအတိုင်းဖြစ်ပါတယ်။

ရူပဗေဒမေးခွန်းမှာ SECTION (A)နဲ့ SECTION (B)အပိုင်းနှစ်ခုပါရှိပါတယ်။

SECTION (A) အပိုင်းက (၄)မှတ်တန်မေးခွန်း (၉)ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာဖြစ်ပါတယ်။မေးခွန်းနံပါတ်(၉) ကတော့ (OR) နဲ့ မေးထားတဲ့အတွက် နှစ်သက်ရာ (၁)ပုဒ်ကိုပဲဖြေရပါမယ်။

SECTION (B) မှာတော့ နံပါတ်(၁၀)ကနေပြီး နံပါတ်(၁၅)ထိ (၆)ပုဒ်မေးထားပါတယ်။မေးခွန်း (၁)ပုဒ်ကို (၁၆)မှတ် ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a) နဲ့ (b)နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။(၆)ပုဒ်မေးထားတဲ့ အထဲက နှစ်သက်ရာ(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁၅)မှာလည်း(OR) ခံပြီးမေးထားတာဖြစ်လို့မေးခွန်း(၂)ပုဒ်ထဲက (၁)ပုဒ်ကိုပဲရွေးပြီးဖြေဆိုရမှာပါ။ မေးခွန်းနံပါတ် (၁၅) မေးခွန်း (၂) ပုဒ်မှာ(a)နဲ့ (b) ကိုအတွဲလွဲပြီး ဖြေရင် အမှတ်မရပါဘူး။

ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ သင်ခန်းစာ အခန်း(၁)မှ အခန်း(၁၃)အထိရှိပါတယ်။

အပိုင်းအားဖြင့်ပြောရမယ်ဆိုရင် သင်ခန်းစာခေါင်းစဉ်တွေက Mechanics (Power + Pressure), Heat, Waves and Sound,Optics, Electricity and Magnetismနဲ့ Modern Physics ဆိုပြီး အပိုင်း (၆)ပိုင်းခွဲခြားထားပြီး ခေါင်းစဉ်အလိုက် အားလုံးမျှပြီး ပါဝင်အောင်အခန်းတိုင်းက သင်ခန်းစာပေါ် မှာမူတည်ပြီး မေးခွန်းမေးတာဖြစ်ပါတယ်။

ရူပဗေဒဘာသာဟာ အလွတ်ကျက်မှတ်ရုံနဲ့မရဘဲ ရူပဗေဒသဘောတရားကို အခြေခံကျကျနားလည်မှ မေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်မှာဖြစ်ပါတယ်။ Physical quantity တစ်ခုချင်းရဲ့ အခြေခံ concept အသိသညာတွေ နားလည်ထားရင် ပုစ္ဆာနဲ့ ဉာဏ်စမ်းများကို လွယ်ကူစွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

မမေးမဖြစ်တဲ့ နိယာမတွေနဲ့ပတ်သက်လို့ ပြဋ္ဌာန်းစာအုပ်မှာ စုစုပေါင်း (၁၁)ခုလောက်ရှိပါတယ်။

Hooke's Law, Archimedes' Principle, Pascal's Law, Stephan – Boltzmann's Law, Laws of Refraction, Snell's Law, Coulomb's Law, Ohm's Law, Joule's Law, Right –hand Rule, Left –hand Rule တွေပဲဖြစ်ပါတယ်။

နိယာမတွေနဲ့ပတ်သက်လို့ရှိရင် သင်္ချာညီမျှခြင်းနဲ့လည်း ရေးတတ်ရပါမယ်။ သင်္ချာနည်းနဲ့ဖော်ပြရင်လည်း သင်္ကေတတစ်ခုချင်းစီအတွက် ဖြေရှင်းချက်ပါရပါမယ်။

နိယာမတွေနဲ့ လက်တွေ့အသုံးပြုနေတဲ့ ပစ္စည်းများကိုလည်း သိရှိထားဖို့ လိုပါတယ်။ ဥပမာSnell's Law ကနေရှာနိုင်တဲ့ Physical quantities တွေကဘာတွေလဲ၊ Pascal's Lawမှာ အသုံးပြုထားတဲ့ ပစ္စည်းတွေကဘာလဲ ဆိုတာ သိရှိထားဖို့ လိုပါတယ်။

Law, Definition ကိုဖြေတဲ့အခါ ဖြစ်စေ၊ Discuss, Mention လုပ်ခိုင်းတာကို ဖြေတဲ့အခါဖြစ်စေ တိတိကျကျနဲ့ ပြည့်ပြည့်စုံစုံဖြေမှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ဆိုလိုတာကတော့ ပြဋ္ဌာန်းစာအုပ် (Text book)ကို ကျေညက်ရပါမယ်။

ရူပဗေဒမေးခွန်းတွေမှာ Physical quantities တွေရဲ့ units တွေကို မေးတတ်ပါတယ်။

ဥပမာ- What are the unit of power in different unit systems?ဆိုတဲ့ မေးခွန်းမှာ ပါဝါရဲ့ ယူနစ်တွေကို unit system အမျိုးမျိုးအတွက် မေးထားတာဖြစ်တဲ့အတွက် system နဲ့ unit တွဲပြီး ဖြေရပါမယ်။ system တစ်ခုချင်းစီအတွက် unit ကို သိရပါမယ်။

SI system –watt, CGS system –erg per second, FPS system –foot-pound per secondလို့ ဖြေရပါမယ်။

Unit ကို ရေးရင်လည်း wattလို့ အရှည်ရေးရင် small letterနဲ့ ရေးပြီး W တစ်လုံးတည်းရေးရင် Capital letter နဲ့ ရေးရပါမယ်။ ပုစ္ဆာတွက်တဲ့အခါမှာသတိထားရမယ့်အချက်တွေရှိပါတယ်။ ဥပမာ - ပေးထားချက်တွေမှာ unit system မတူရင် တူအောင်ပြောင်းပြီးမှ တွက်ရပါမယ်။

ဥပမာ-If the rates of energy radiation of a black body of area 100 $cm^2$ is 42W, find the temperature of that black body.

A=100 $cm^2$,H=42 W,T=?

ပုစ္ဆာ ပေးထားချက်မှာ CGS နဲ့ SI system ရောထွေးနေပါတယ်။ ဒါကြောင့် unit system တူအောင် area unitကို $cm^2$ မှ $m^2$ ပြောင်းပေးရပါမယ်။

Heat Conduction နှင့် Convection ပုစ္ဆာတွက်တဲ့အခါ -

$H = \kappa A\frac{T_2-T_1}{l}$ တွင် Temperature difference($T_2$-$T_1$) သည် ဒုတိယTemperature ($T_2$) မှ ပထမ Temperature ($T_1$) ကို နုတ်ခိုင်းခြင်း မဟုတ်ပါ။အပူချိန်နှစ်ခုခြားနားခြင်း ΔT သာဖြစ်ပါတယ်။ ဒါကြောင့် အပူချိန်နှစ်ခု နုတ်ပေးရင်ရပါတယ်။

ပုစ္ဆာမှာထည့်တွက်ရန်မလိုဘဲ ပေးထားတဲ့အချက်များလည်း ရှိတတ်သလို ထည့်တွက်ရန်လိုသော်လည်း မိမိ၏ နားလည်သိရှိပြီးသားမှ ဖော်ထုတ်ပြီး တွက်ချက်တတ်ရန်လည်း လိုအပ်ပါတယ်။ ဥပမာ-

Find the fundamental frequency of a tube of length 4.5 m and diameter 2.5 cm.

မေးခွန်းမှာ l= 4.5 m, d= 2.5 cm ပေးထားပါတယ်။

Tube တစ်ခုမှာရှိတဲ့ fundamental frequency ကို ရှာခိုင်းတာဖြစ်တဲ့အတွက် Open Tubeနှင့် Closed tube နှစ်ခုစလုံးအတွက် တွက်ချက်ပေးရမှာဖြစ်ပါတယ်။

ဒါ့အပြင် ပေးထားချက်တွင်မပါဝင်ဘဲ အသုံးပြုရမည့် Formula တွင်ပါဝင်နေသည့် တန်ဖိုးများကိုလည်း မိမိ၏နားလည်သိရှိပြီးသားမှ ဖော်ထုတ်ပြီး အသုံးပြုတတ်ရန် လိုအပ်ပါတယ်။

Foropen tube $f_n = \frac{nv}{2l}$ $(n = 1, 2, 3, \dots)$ and

For closed tube $f_n = \frac{nv}{4l}$ $(n = 1, 3, 5, \dots)$

အထက်ဖော်ပြပါ Formula တွေမှာ v = velocity of sound in air သည် 340 $ms^{-1}$ကို ထည့်သွင်းတွက်ချက်ရမှာဖြစ်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုကတော့

At room temperature(20 °C), a closed organ pipe has a fundamental frequency of 256 Hz. What is the length of the pipe?

ဖော်ပြပါပုစ္ဆာကို တွက်ချက်ရာမှာလည်းvelocity sound in air သည် 340 $ms^{-1}$ဖြစ်တယ်ဆိုတာ သိရှိထားရမှာဖြစ်ပါတယ်။

အလင်း(Optics) ပုစ္ဆာတွေမှာလည်း ပေးထားချက်ကို ထုတ်ယူတတ်ဖို့ အသိသညာလိုအပ်ပါတယ်။

ဥပမာ- An object is 30cm from a lens and its image is formed 10cm on the same side as the object from the lens. (a) Find the type of the lens and its focal length. (b) Find the power of the lens.

- မေးခွန်းမှာ image ဟာ objectနဲ့ တစ်ဖက်တည်း ဖြစ်တယ်လို့ ပေးထားတဲ့အတွက် imageဟာ ပုံရိပ်ယောင် (virtual image) ဖြစ်တယ်ဆိုတာသိရပါမယ်။
- object distance u=30 cm ဖြစ်ပြီး image distance v=10cm ပေးထားချက်အရ image ဟာ objectနဲ့ lens အကြားရှိတဲ့အတွက် type of the lens is concave lens ဆိုတာ ကြိုပြီး သိသင့်ပါတယ်။

(a) $u = +30cm, v = -10cm,$

$$\frac{1}{u}+\frac{1}{v}=\frac{1}{f}$$

$$\frac{1}{+30}+\frac{1}{-10}=\frac{1}{f}$$

$$\frac{1-3}{30}=\frac{1}{f}$$

$f = -15cm$ (The focal length of the concave lens is 15cm.)


(b) $P = \frac{1}{f(m)}$

$$P = \frac{100}{-15\ cm} = -6.67\ D$$

အလင်းခန်းမှာ ပုံဆွဲတာတွေနဲ့ပတ်သက်ပြီး မေးလေ့ရှိပါတယ်။ ray diagramတွေဆွဲရင်လည်း သတိထားရမယ့် အချက်တွေ ရှိပါတယ်။

ဥပမာ- Draw a ray diagram to show the formation of a **virtual image** which is **smaller than** the **object** formed by a lens. ဆိုတဲ့မေးခွန်းမှာ

ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင် (virtual image) ကို ဖြစ်ပေါ်စေတဲ့အတွက် မှန်ဘီလူးခွက် (concave lens) ကိုသုံးရမှာ ဖြစ်တယ်။ ဝတ္ထုကို မှန်ဘီလူးခွက်ရှေ့မှာထားရင် နဂိုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်ဟာ ဝတ္ထုနဲ့ တစ်ဖက်တည်း ဆုံချက် F နဲ့ မှန်ဘီလူးခွက်ကြားမှာ အတည့်ပေါ်စေတာကို သိသာအောင်ဆွဲပေးရပါမယ်။ ဆုံချက် F, 2F, P, ဝတ္ထု OO', ပုံရိပ် II' စသည်တို့ကို ထင်ထင်ရှားရှားထည့်ပေးရပါမယ်။




အချို့ဖြေဆိုမှုတွေမှာ ပြည့်စုံမှုမရှိတာကို တွေ့ရပါတယ်။

Electricityအခန်းနဲ့ပတ်သက်ပြီး Static Electricity အပိုင်းမှာ Electric Force, Electric Field Intensity နဲ့ Electric Potential definition နဲ့ formula တို့ကို ကွဲကွဲပြားပြား သိရှိရန်လိုအပ်ပါတယ်။

Electric Force ဆိုရင် $F = \frac{1}{4\pi\varepsilon_o}\frac{q_1 q_2}{r^2}$ ဖြစ်လို့ $F \alpha \frac{1}{r^2}$

Electric Field Intensity ဆိုရင် $E = \frac{1}{4\pi\varepsilon_o}\frac{Q}{r^2}$ ဖြစ်လို့ $E \alpha \frac{1}{r^2}$

Electric Potential မှာဆိုရင် $V = \frac{1}{4\pi\varepsilon_o}\frac{Q}{r}$ ဖြစ်လို့ $V \alpha \frac{1}{r}$

ဆိုတာတွေကို သေသေချာချာကွဲကွဲပြားပြားမှတ်ထားဖို့လိုပါတယ်။

ဒါ့အပြင်Electric Force နဲ့ Electric Field Intensity က vector ဖြစ်လို့ direction ပါရမယ်။ Electric Potential V က scalar ဖြစ်လို့ direction မပါဘူး။ ဒါပေမယ့် Electric Potential တွက်ရင် Qတန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင် (+)၊ လျှပ်စစ်မဆိုရင်(-) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။

ဥပမာ- Two point charges of + 4.0 x 10-8 C and -3.0 x 10-8C are 1 m apart. (a) Find the electric potential at P midway between the two charges. (b) Find the work done in bringing a charge + 3.0 x 10-9 C from infinity to P.

ဒီပုစ္ဆာမှာ charge တွေရဲ့ ပမာဏ၊chargeတစ်ခုနှင့် တစ်ခုကြားအကွာအဝေးတို့ကို ပေးထားပါတယ်။မေးခွန်း (a)မှာ charge နှစ်ခုကြား အလယ်မှတ် Pမှာရှိတဲ့ Vကို ရှာခိုင်းပါတယ်။မေးခွန်း (b)မှာတော့ နောက် charge တစ်ခုကို infinity ကနေ အမှတ် P ကို ရောက်အောင်သယ်ဆောင်ရာမှာ ပြီးမြောက်တဲ့အလုပ်ကို တွက်ခိုင်းတာပါ။

ပေးချက်အရQ1 = + 4.0 x 10-8 C, Q2 = -3.0 x 10-8C ဖြစ်ပြီး

Chargeနှစ်ခုကြားအကွာအဝေးက 1m ဖြစ်တဲ့အတွက် အမှတ် (P) က အလယ်မှာရှိတဲ့အတွက် $r_1 = r_2 = 0.5$ m အရင်ဆုံး charge တစ်ခုချင်းစီကြောင့်ဖြစ်တဲ့ Electric potential ကို ရှာရပါမယ်။

$$V_1 = \frac{1}{4\pi\varepsilon_0}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+4\times10^{-8})}{0.5} = +720V$$

Q1က Positive charge ဖြစ်တဲ့အတွက် အပေါင်းလက္ခဏာ ထည့်တွက်ရပါမယ်။ Electric potential က positive potential ဖြစ်ပါတယ်။

Q2အတွက်ကတော့

$$V_2 = \frac{1}{4\pi\varepsilon_0}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(-3\times10^{-8})}{0.5} = -540V$$

Q2က Negative charge ဖြစ်တဲ့အတွက် အနုတ်လက္ခဏာထည့်တွက်ရပါမယ်။ Electric potential က negative potential ဖြစ်ပါတယ်။

အမှတ် P မှာရှိတဲ့စုစုပေါင်း V ကို လိုချင်ရင် $V_1$နဲ့ $V_2$ကိုပေါင်းရပါမယ်။Resultant electric Potential ရှာရင် electric potential တစ်ခုစီရဲ့ လက္ခဏာ သတ်မှတ်ချက်တွေထည့်သွင်းပြီး အက္ခရာသင်္ချာနည်းအရ ပေါင်းရပါမယ်။

စာမျက်နှာ (၂၀) သို့

စာမျက်နှာ (၁၉) မှ

$V = V_1 + V_2 = 720 + (-540) = +180$ Vရမှာဖြစ်ပါတယ်။

(b)မှာကတော့ $q = +3.0 \times 10^{-9}$C ကို သယ်ဆောင်ရာမှာ ပြီးမြောက်တဲ့အလုပ်ကို လိုချင်တဲ့အတွက်

$W = Vq = 180 \times 3.0 \times 10^{-9} = 5.4 \times 10^{-7}$Jရမှာဖြစ်ပါတယ်။

ရူပဗေဒဘာသာရပ်မှာ definition ရဲ့ concept (အသိသညာ)တွေကို သိဖို့လိုပါတယ်။

ဥပမာအနေနဲ့ပြောရရင် The capacitance of a capacitor ကို define လုပ်တာက The capacitance of capacitor (C) is the ratio of the charge (Q) to the potential difference (V) between two conductors of that capacitor. $C = \frac{Q}{V}$

Capacitor တစ်ခုရဲ့ capacitance က charge Q နဲ့ potential difference (V) ပေါ်ကို မမှီခိုဘူးဆိုတာ သိရမယ်။ Charge of a capacitor (Q) က potential difference (V) နဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတဲ့ concept ကို သိရမယ်။ Capacitance ဟာ Capacitor ရဲ့ အရွယ်၊ ပုံသဏ္ဍာန်နဲ့ conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့ သဘာဝပေါ်မူတည်ပြီး ပြောင်းလဲနိုင်ကြောင်းသိရပါမယ်။ ဒီ concept ကိုသိထားရင် မေးခွန်းတွေကို သေသေချာချာ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

တချို့ပုစ္ဆာတွေမှာ ပုံသေနည်းသုံးတွက်ရုံနဲ့ မလုံလောက်ဘဲ ပုံနှင့်ဆွဲပြီးဖြေဆိုရန် လိုအပ်ပါတယ်။ ဥပမာ-

A 35µF capacitor is needed, but only 10 µF capacitors are variable. How should a minimum number of 10 µF capacitors be connected so that the combination has a capacitance of 35µF?

သည် ပုစ္ဆာမှာ capacitance တန်ဖိုး 35µF ရရှိရန် 10 µF capacitors အရေအတွက်အနည်းဆုံးသုံးပြီး ဘယ်လို connection မျိုးနှင့် ပြုလုပ်ရမယ်ဆိုတာ မေးတဲ့အတွက် သင်္ချာနည်းအရ တွက်ချက်မှုအပြင် capacitor တွေရဲ့ ဆက်သွယ်မှုပုံ (Circuit diagram)နှင့်တကွ ဖြေဆိုရမှာဖြစ်ပါတယ်။

အဲဒီအတိုင်းပါပဲ နောက်ထပ်ဥပမာတစ်ခုကတော့

Three capacitors have capacitances of 3µF, 10µF and 15µF. How should they be connected to obtain the equivalent capacitances of (a) 2 µF (b) 9 µF (c) 12.5 µF

မှာလည်း capacitor တွေရဲ့ သင်္ချာနည်းအရ တွက်ချက်မှုနှင့် ဆက်သွယ်မှုပုံ(Circuit diagram) များပါ ရေးဆွဲဖြေဆိုရမှာဖြစ်ပါတယ်။

Current, Resistor, Resistivity တွေရဲ့definition တွေကိုလည်း သူတို့ရဲ့ unit များနှင့်တကွ သိထားရပါမယ်။ Resistanceရဲ့ ပတ်သက်ဆက်စပ်မှု Relationshipကိုလည်း သေချာသိဖို့ လိုပါတယ်။

အရွယ်အစားနဲ့ပတ်သက်လာရင် $R = \frac{\rho l}{A}$

Current, Ohm`s Law နဲ့ ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကို သိထားရပါမယ်။

Resistance R ရဲ့ unit က SI systemမှာ ohm(Ω) ဖြစ်ပြီး $\Omega = VA^{-1}$ လို့လည်း မြင်ရပါမယ်။

ဒါ့အပြင် emf ရဲ့Circuit Equation နဲ့ ပတ်သက်၍ $I = \frac{E}{R+r}$ မှာလည်း Resistance ၂ မျိုး ပါဝင်နေဆိုတာကိုသတိချပ်သင့်ပါတယ်။

Resistance(R) သည် အပူချိန်နဲ့ လိုက်ပြီးပြောင်းလဲမှုရှိတယ်။ ဥပမာ

$R_t = R_0 (1 + \alpha t)$ဖြစ်တယ်ဆိုတာကိုလည်းသိထားရပါမယ်။

အဲလို Rရဲ့ ပုံသေနည်းတွေကို ခွဲခြားပြီးသိထားရင် ပုစ္ဆာတွက်တဲ့အခါ အလွယ်တကူ ဆက်စပ်တွေးခေါ်နိုင်ပါလိမ့်မယ်။ ဒါ့အပြင် Resistor တွေကို တန်းဆက်နဲ့ ပြိုင်ဆက်တွေဆက်တဲ့အခါမှာသုံးတဲ့ပုံသေနည်း ထုတ်ဖော်ပုံတွေကိုလည်း သိရှိထားရပါလိမ့်မယ်။

Resistorနဲ့ Capacitor တွေဟာချိတ်ဆက်မှု၊ တွက်ချက်မှုမှာ ပြောင်းပြန်ဖြစ်တာကိုလည်း သိထားရပါမယ်။ နှုတ်တိုက်ကျက်တာထက် နှိုင်းယှဉ်ပြီးကျက်ရင် ပိုပြီးထိရောက်သိမြင်နိုင်ပါတယ်။

လျှပ်စစ်အခန်းမှာ တိုင်းတာမှုတွေရဖို့ တိုင်းတာတဲ့ကိရိယာတွေ သုံးရပါမယ်။

Current ကို တိုင်းဖို့ဆိုရင် ammeter ကို သုံးရမယ်။ voltageကို တိုင်းဖို့အတွက် voltmeter ကို သုံးရမယ်ဆိုတာ သိထားရပါမယ်။

Ammeter နဲ့ voltmeter ကိုလည်း ပုံနဲ့တကွ နှိုင်းယှဉ်လေ့လာဖို့လိုပါတယ်။

Galvanometerကို အခြေပြုပြီး ammeter နဲ့ voltmeter ကို တည်ဆောက်တဲ့အခါ ammeter မှာ ခုခံမှုတန်ဖိုးအရမ်းငယ်တဲ့ wire (shunt) ကို galvanometer နဲ့ ပြိုင်ဆက် ဆက်သုံးပြီး voltmeter မှာတော့ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို တန်းဆက်ဆက်ပြီးသုံးတယ်။

ပုံသေနည်းတွေက ammeter ဆိုရင် shunt resistance $r = R_G \frac{i}{(I-i)}$ ဖြစ်ပြီး voltmeter ဆိုရင် ခုခံမှုတန်ဖိုးကြီးတဲ့ $R = \frac{V}{i} - R_G$ ဖြစ်တယ်ဆိုတာသိထားရပါမယ်။

Battery တွေရဲ့ symbolမှာလည်း positive terminal နဲ့ negative terminal ကို မှန်ကန်အောင်ဆွဲဖို့လိုပါတယ်။ polarity နှစ်ခုရဲ့ အလျားအတူတူဆွဲထားရင် capacitor ရဲ့ symbol နဲ့ တူသွားမယ်။ အဲဒီလိုမျိုး အတူတူဆွဲထားရင် မှားပါတယ်။

Circuit diagram တွေလည်း ဆွဲတတ်ရမယ်။ Circuit diagram တွေဆွဲရင် မထိတာတို့ ပြတ်နေတာတို့ မဖြစ်ရပါဘူး။ current direction ကိုလည်း ဖော်ပြပေးဖို့လိုပါတယ်။

Modern Physics အခန်းက အမှတ်အများကြီးရစေတဲ့အတွက် လက်မလွှတ်သင့်တဲ့အခန်းဖြစ်ပါတယ်။ Modern Physics မှာ Electronics အပိုင်းနဲ့ Nuclear Physics ဆိုပြီး အပိုင်း နှစ်ပိုင်းပါရှိပါတယ်။

Electronics အပိုင်းမှာ vacuum Diode, Triode, Semiconductor အမျိုးအစားတွေအကြောင်းတွေကို အသေးစိတ်ပုံနှင့်တကွသိထားရပါမယ်။ symbols များလည်းသိထားရပါမယ်။

အဲဒီလိုပဲ junction diode နဲ့ transistor တွေကို p-type, n-type semiconductor တွေနဲ့ ပြုလုပ်တယ်။ Junction diode တွေကို Rectifier မှာ သုံးတယ်။ Rectifier နှစ်မျိုးရှိပြီးတော့ သူတို့ရဲ့တည်ဆောက်ပုံတွေ input output waveform တွေကိုလည်း လေ့လာထားရပါမယ်။

Junction dioder မှာ Biasing ပေးမယ်ဆိုရင်သတိထားရမယ့်အချက်တွေရှိပါတယ်။

Forward biasပေးထားတဲ့ pn junction diode တစ်ခုပုံဆွဲမယ်ဆိုရင်-

Forward bias ပေးဖို့အတွက် batteryရဲ့ positive terminal ကို p type semiconductor နဲ့ဆက်ပြီး negative terminal ကို n type semiconductor နဲ့ ဆက်ရပါမယ်။

Reverse bias ပေးထားတဲ့ pn junction diode တစ်ခုပုံဆွဲမယ်ဆိုရင် -Reverse bias ပေးဖို့အတွက် battery ရဲ့ negative terminal ကို p type semiconductor နဲ့ဆက်ပြီး positive terminal ကို n type semiconductor နဲ့ ဆက်ရပါမယ်။

Transistor နှစ်မျိုးရှိတယ်ဆိုတာ သိထားပြီး structure နဲ့ circuit diagram တွေကို ပုံနှင့်တကွလေ့လာထားရပါမယ်။ transistor ကို voltage နဲ့ current ချဲ့စက်အဖြစ်အသုံးပြုရပါတယ်။

အဲဒါအပြင် semiconductor diode နဲ့ transistor တွေဟာ vacuum tube တွေထက် အားသာချက်တွေရှိတယ်ဆိုတာသိထားရပါမယ်။

နောက်တစ်ခုကတော့ IC ဆိုတာဘာလဲ။ IC ဖြစ်ဖို့ Electronic gate တွေသုံးတယ်ဆိုတာနဲ့ Electronic gate (၅) မျိုးရှိတယ်ဆိုတာသိထားရပါမယ်။ Electronic gate တွေရဲ့ circuit symbol တွေနဲ့ truth table တွေကိုလည်း သေသေချာချာ ကျက်မှတ်ထားရပါမယ်။

Gate တွေ တစ်ခုနဲ့တစ်ခုပေါင်းစပ်ပုံတွေ သိထားရမှာဖြစ်သလို Gate တွေရဲ့ အသုံးဝင်ပုံတွေကိုလည်းလေ့လာထားရမှာဖြစ်ပါတယ်။

Nuclear Physics အပိုင်းမှာတော့ ရောင်ခြည်တွေဖြစ်တဲ့ cathode ray, alpha ray, beta ray, gamma ray, x ray တို့ကို ကွဲကွဲပြားပြားသိဖို့လိုအပ်ပါတယ်။ ဥပမာ-cathode ray ဆိုတာ fast moving electron, alpha rayဆိုတာ helium nucleus, gamma ray နဲ့ x-ray ဆိုတာဟာ light ray (or) electromagnetic wave with short wavelength,အလင်း photonတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာကို သိသင့်ပါတယ်။ ဖော်ပြပါ ray တွေရဲ့ အရည်အချင်းတွေကို နှိုင်းယှဉ်ရေးချပြီးကျက်မှတ်ရင် ပိုပြီးသိလွယ်ပါတယ်။ ဒါ့အပြင် cathode ray နဲ့ x-ray တွေရဲ့ ထုတ်ဖော်ပုံတွေကိုလည်း ပုံနှင့်တကွကျက်မှတ်ထားသင့်ပါတယ်။

Radioactivity, radioisotopes, activity and half life တွေကိုလည်း နားလည်အောင်ကျက်မှတ်ထားသင့်ပါတယ်။ Radioisotopes တွေရဲ့ အသုံးဝင်ပုံများနဲ့ nuclear energyကို ထုတ်လုပ်ပေးတဲ့ nuclear reactor များကိုလည်း လေ့လာထားသင့်ပါတယ်။

**စာဖြေသူအားလုံးအတွက်အားလုံးခြုံငုံပြောရရင်-**

အဖြေသိလျက်၊ ဖြေနိုင်လျက်နှင့် ပေါ့ဆ၍ဖြစ်စေ၊ စိတ်လောနေ၍ဖြစ်စေ၊ ပြန်လည်စစ်ဆေးခြင်း မပြု၍ဖြစ်စေ အမှားတွေ အဖြေလွှာမှာ ပါလာတတ်ပါတယ်။ အလွန်ပဲနစ်နာပါတယ်။

တွက်ချက်မှုမှားယွင်းခြင်း၊ ပေါင်း၊ နုတ်၊ မြှောက်၊ စား လွယ်ကူတာတွေကိုတောင် မှားပြီးတွက်တတ်ပါတယ်။ အလွန်တော်တဲ့ ကျောင်းသား ကျောင်းသူတွေတောင် ဒီလိုအမှားမျိုး ရှိတတ်ပါတယ်။ ဒါ့ကြောင့် အကြိမ်ကြိမ်စစ်ဆေးပေးရန်လိုအပ်ပါတယ်။ အဆင့်ကျော်တွက်တာ တွေ့ရှိတယ်။ အမှတ်က အဆင့်လိုက်ပေးတာဆိုတော့ ကျော်တွက်တဲ့ အဆင့်တွေအတွက် အမှတ်ပြည့်မရနိုင်တော့ပါဘူး။

ဒါ့ကြောင့် တက္ကသိုလ်ဝင် ရူပဗေဒဘာသာရပ်စာမေးပွဲကို ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများကို မှာကြားချင်တာကတော့

- စိတ်ကို တည်ငြိမ်စွာ ထားပါ။
- ပုစ္ဆာမှာ ပြောင်းထားတာလေးတွေကို ဂရုစိုက်ပါ။
- အချိန် (အထူးသဖြင့် ပြန်လည်စစ်ဆေးချိန်)ကို ကြိုတင်သတ်မှတ်ပါ။
- ဘာကြောင့်ပဲဖြစ်ဖြစ် အချိန်ကုန်သည်အထိ ဖြေပါ၊စဉ်းစားပါ။
- အထပ်ထပ်ပြန်စစ်ပါ။အဆင့်ဆင့်တွက်ချက်ပါ။ အဆင့်ကျော်ရင်အမှတ်မရနိုင်ပါ။
- အဖြေလွှာမှာ နံပါတ်များ မှန်ကန်အောင်တတ်ပါ။

**အခုပြောပြခဲ့တဲ့ သတိထားရမယ့်အချက်တွေကို ဂရုစိုက်ခဲ့ရင်-**

- ရူပဗေဒဘာသာရပ်ကို ထပည့်တို့ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြမှာပါ။
- ကျောင်းသား ကျောင်းသူအားလုံး စာမေးပွဲကို ထူးချွန်စွာ ဖြေဆို၊ အောင်မြင်နိုင်ကြပါစေ။

# ငြိမ်းချမ်းရေးလူထုထောက်ခံကြိုဆိုပွဲလှုပ်ရှားမှု ရွှေဘို၌ ကျင်းပ

**ရွှေဘို ဖေဖော်ဝါရီ ၆**

ငြိမ်းချမ်းရေးလိုလားသူ ပြည်သူများစုပေါင်း၍ ငြိမ်းချမ်းရေးလူထုထောက်ခံကြိုဆိုပွဲလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၄ ရက်က ရွှေဘိုမြို့၌ အဆိုပါ ကြိုဆိုထောက်ခံကြိုဆိုပွဲကို သက်ဆိုင်ရာသို့ ခွင့်ပြုချက်ယူပြီး စုရပ်ရန်ကြီးအောင် ပန်းခြံမှ စတင်ကာ အောင်ဇေယျလမ်းမကြီး တစ်လျှောက်သို့လည်းကောင်း၊ ယင်းမှ ရွှေဘို မန္တလေးကားလမ်းအတိုင်း မဟာအောင်မြေသို့ လည်းကောင်း၊ မဟာအောင်မြေမှ မူလလာခဲ့ရာ လမ်းတစ်လျှောက်အတိုင်း စုရပ်သို့ ပြန်လာခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် ပြန်လည်ရောက်ရှိပြီးစီးသည်။

အဆိုပါ ထောက်ခံကြိုဆိုပွဲတွင် ဗီနိုင်းအချပ်များ ကိုင်ဆောင်၍ အေးချမ်းစွာ လှည့်လည်ခဲ့ကြပြီး ရဲတပ်ဖွဲ့မှ လိုက်လံစောင့်ရှောက်ခဲ့ကြောင်း သိရသည်။ **ဦးကျော်ဇော (ရွှေဘို)**




# ပြည်ထောင်စုနေ့အကြို ဟောပြောပွဲ နတ်တလင်း၌ ကျင်းပ

**နတ်တလင်း ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လဲ့ဝါမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ (ဟောင်း) ဦးကျော်သိန်းက နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ဦးအေးလွင်က ငြိမ်းချမ်းရေးကဗျာနှင့် ၂၁ ရာစုပင်လုံ ကဗျာများကို ရွတ်ဆိုကာ ဦးတင်မိုးက ကိုယ်တိုင်ရေးစပ်သော အောင်ဆန်းမွေးတဲ့မိခင်နှင့် ကရောင်ကတမ်းမွေးတဲ့ မိခင်ကဗျာနှင့် မစည်းလုံးခြင်းဆီမှသည် စည်းလုံးခြင်းဆီသို့ ကဗျာများကို ရွတ်ဆိုကာ ဦးအုန်းထွန်းက ပင်လုံဗေဒကဗျာကို ရွတ်ဆိုခဲ့သည်။

ထို့နောက် ဟောပြောပွဲတက်ရောက်သော အထက်တန်းကျောင်း(မြို့မ)နှင့် အထက်တန်းကျောင်း(နတ်တလင်း)တို့မှ ကျောင်းသား ကျောင်းသူလေးများက အောင်ဆန်းဇာနည်ကဗျာကို ရွတ်ဆိုယှဉ်ပြိုင်ကြပြီး အကောင်းဆုံးရွတ်ဆိုနိုင်သော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**တင်မြင့်(နတ်တလင်း)**

# လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ပေါက်ခေါင်းမြို့နယ် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ပေါ်၌ အရှည်ပေ ၂၀၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၅ ပေရှိဝက်တိုးတံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ယင်းခရိုင်ချင်းဆက်လမ်းနှင့် စိုင်ဂေါင်းကျေးရွာဆက်သွယ်သော ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများကို ဇန်နဝါရီလနောက်ဆုံးပတ်က ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်လူက ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ပေါက်ခေါင်းမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ လမ်း၊ တံတားဆောင်ရွက်ခြင်းလုပ်ငန်းများ၏ ခွင့်ပြုငွေကျပ် ၆၄၈ ဒသမ ၆၇၆၅ သန်းနှင့် တင်ဒါရကုမ္ပဏီမှခွင့်ပြုငွေကျပ် ၃၁၁ ဒသမ ၀၁၆ သန်းဖြင့် လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဩဂဲနစ်ဆောင်းသီးနှံများစိုက်ပျိုးရန် သွင်းအားစုနှင့် နည်းပညာများ ထောက်ပံ့နေ

**ရေး ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ၌ ဩဂဲနစ်ဆောင်းသီးနှံများ တွင်ကျယ်စွာ ထွက်ရှိလာစေရေးနှင့် နိုင်ငံခြား ပို့ကုန်အရည်အသွေး ပြည့်မီရန်အတွက် ဩဂဲနစ် ဆောင်းသီးနှံ ပဲမျိုးစုံနှင့် အခြားသီးနှံပင်များ စိုက်ပျိုးရန် တောင်သူများအား မျိုးစေ့များ၊ သဘာဝ မြေဩဇာများနှင့် နည်းပညာများကို စူပရင်းဘိုင်အိုတက်ကုမ္ပဏီမှ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။



"စိုက်ဧက တစ်ဧကကို ငွေကျပ်တစ်သိန်းနဲ့အတူ သွင်းအားစု သဘာဝမြေဩဇာနဲ့ ရွက်ဖျန်းမြေဩဇာတွေကို ဆောင်းသီးနှံစိုက်ပျိုးတောင်သူများကို ပံ့ပိုးနေပါတယ်။ ထွက်ရှိလာတဲ့ သီးနှံများကိုလည်း ကုမ္ပဏီကနေ မူလဒေသပေါက်ဈေးအတိုင်း ပြန် ဝယ်ယူမှာဖြစ်ပါတယ်"ဟု စူပရင်းဘိုင်အိုတက်ကုမ္ပဏီမှ ရေးမြို့နယ် ကိုယ်စားလှယ် ဦးမျိုးမြင့်က ပြောသည်။

ရေးမြို့နယ်အတွင်း ယခင်က ဆောင်းသီးနှံစိုက်ပျိုးကြသည့် တောင်သူများမှာ ဩဂဲနစ်ဆောင်းသီးနှံပင်များကို စိုက်ပျိုးရန် စိတ်ဝင်စားမှုမရှိသော်လည်း ယခုနောက်ပိုင်းတွင် နည်းပညာပံ့ပိုးမှု ရရှိလာသည့်အပြင် သေချာသောဈေးကွက်များပါ ရရှိလာနိုင်၍ စိုက်ပျိုးရန်စိတ်ဝင်စားသူ ယခင်ကထက် ပိုမိုများပြားလာလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှလှဝင်းက ပြောသည်။

လက်ရှိအချိန်တွင် ရေးမြို့နယ်အတွင်း ဩဂဲနစ်ဆောင်းသီးနှံများကို စိုက်ပျိုးထားသည့် တောင်သူဦးရေ ၁၃ ဦးအထိ ရှိနေပြီး စိုက်ဧကပေါင်း ၆၂ ဧက ရှိပြီဖြစ်ကြောင်း၊ အဆိုပါတောင်သူများ၏ စိုက်ဧကများအတွက် စူပရင်းဘိုင်အိုတက်ကုမ္ပဏီက နည်းပညာနှင့် သဘာဝမြေဩဇာအပြင် စိုက်ပျိုးစရိတ်ငွေကိုပါ ကူညီထောက်ပံ့ပေးထားကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

# သီပေါစည်ပင်သာယာရေးဦးစီးဌာန၏ အရပ်ရပ်ဆိုင်ရာ အခွင့်အရေးလိုင်စင် လေလံတင်ပွဲကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံတင်ရောင်းချရေးအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လေလံကြီးကြပ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန(လားရှိုး)ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးဦးတင်ကိုကိုနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနကော်မတီဥက္ကဋ္ဌ၊ မြို့နယ်လေလံရောင်းချရေး ကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဝင်းတို့က လိုင်စင်များ လေလံတင်ရောင်းချရေးကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အခွင့်အရေးလိုင်စင်လေလံစည်းကမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် လုပ်ငန်းကဏ္ဍအလိုက် လေလံတင်ရောင်းချပွဲကျင်းပပြီး လုပ်ငန်း ၁၇ ခုအတွက် လုပ်ငန်းလုပ်ကိုင်လိုသူ ၁၂ ဦးတို့က လေလံဆွဲဝယ်ယူကြရာ ငွေကျပ်သိန်းပေါင်း ၃၇၆၃ သိန်း ခုနစ်သောင်းရရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ရုံးမှ သိရသည်။ **စိုင်း(သီပေါ)**



# ဓာတုပိုးသတ်ဆေးများ၏ ဓာတ်ကြွင်းအာနိသင် အန္တရာယ်အကြောင်း ပညာပေးဟောပြော

**မိုးမိတ် ဖေဖော်ဝါရီ ၆**

ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်ကြောင့် လူတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သဖြင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင် အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာနက ကြီးမှူး၍ မိုးမိတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် လက်ခုပ်တန်း အထက(ခွဲ)ကျောင်းများ၌ ဖေဖော်ဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ဓာတုပိုးသတ်ဆေး ဓာတ်ကြွင်းအန္တရာယ်အကြောင်းသိရှိကာ လက်ဆင့်ကမ်း အသိပညာဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ဟောပြောပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မြတ်မွန်၊ မြို့နယ်ဦးစီးမှူး ဒေါ်မော်မော်လွင်နှင့် ခရိုင် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ခင်မျိုးဝင်းတို့က စားသောက်ကုန်များတွင် ဓာတုဗေဒဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျော့နည်းစေရန်အတွက် တောင်သူများအား ပညာပေးခြင်းမှုများ ဆောင်ရွက်နေသည့် အခြေအနေနှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်ကြောင့် အန္တရာယ်ဖြစ်မှုမှ ကာကွယ်နိုင်ရန်အတွက် ပြုမူနေထိုင် စားသောက်ရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်လှူဒါန်း

**မြောင်းမြ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ လူမှုကူညီရေးအသင်းသို့ အရေးပေါ် အသက်ကယ် လူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ ရက်က အသင်းတည်ရှိရာ မြောင်းမြမြို့ ပရိယတ္တိစွမ်းအား ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ လူနာတင်ယာဉ်ကို ကွယ်လွန်သူ ဝဏ္ဏကျော်ထင်ဦးကျော်အေး သာသနာရေးနှင့် အလုပ်သမားဝန်ကြီးဌာန(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်ခင်မေနှင့် သားဦးခင်မောင်ကျော်မိသားစုက လှူဒါန်းခြင်းဖြစ်ပြီး မြောင်းမြမြို့နယ် ရှမ်းရေကျော်ကျေးရွာ ကျန်းမာရေးဌာနတွင် အသုံးပြုရန် စတီးခုတင်၊ ဗီိုးချဲနှင့် ဆေးခန်းသုံး အထွေထွေပစ္စည်းများလည်း လှူဒါန်းခဲ့ကြောင်းသိရသည်။ ယာဉ်ပေါ်တွင် အရေးပေါ် အသက်ကယ်ကိရိယာများ မူလမော်တော်ယာဉ်ထဲ၌ တပ်ဆင်ပါရှိထားပြီးဖြစ်သည့်အတွက် ဆေးရုံပို့ဆောင်စဉ် အချိန်အတွင်းမှာပင် လူနာကိုအသက်ကယ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်က ပြောကြားသည်။

လူနာတင်ယာဉ် လှူဒါန်းပွဲတွင် မြောင်းမြမြို့ လူမှုကူညီရေးအသင်းနာယက ပရိယတ္တိစွမ်းအားကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဦးသူရပတ္တိထံသို့ မော်တော်ယာဉ်နှင့်သက်ဆိုင်ရာ စာရွက်စာတမ်းများကို အလှူရှင်မိသားစုများက ပေးအပ်လှူဒါန်းခဲ့သည်။

**အောင်မင်း(မြောင်းမြ)**

# ကျောင်းသား ကျောင်းသူများအတွက် ကွန်ပျူတာသင်တန်း အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၆**

အခြေခံပညာအဋ္ဌမတန်း၊ နဝမတန်းနှင့်တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုပြီးသော ကျောင်းသား ကျောင်းသူများအတွက် နွေရာသီ(အထူး)ပညာဒါနအခမဲ့ကွန်ပျူတာ သင်တန်းများအား ကျိုလီယာမွတ်စလင်သာသနာ့ရန်ပုံငွေအဖွဲ့က ဦးစီး၍ သဃ်န်းကျွန်းမြို့နယ်(ခ) ရပ်ကွက် လွတ်လပ်ရေးလမ်းနှင့် သုခလမ်းထောင့်အမှတ် (၁) အဘွားများ သုခရိပ်သာ၌ မတ်(၁) ရက်မှစ၍ ကွန်ပျူတာသင်တန်း တန်းခွဲသစ်များအား လူမျိုးမရွေး၊ ဘာသာမရွေး၊ ပညာဒါနအခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ တက်ရောက်သင်ယူလိုသော ကျောင်းသား ကျောင်းသူများသည် ဖုန်း ၀၁-၅၇၇၄၇၃၊ ၀၁-၈၅၅၁၁၉၁၊ ၀၉-၇၃၁၃၇၅၃၂ တို့သို့ ကြိုတင်စာရင်းသွင်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

# ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးခြင်းနှင့် ပညာပေးမှုများ ကွင်းဆင်းဆောင်ရွက်နေ

**ငါ့သရောက် ဖေဖော်ဝါရီ ၆**

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ညောင်ဦးမြို့နယ်အတွင်း ခွေးရူးရောဂါများ လျော့နည်းကျဆင်းလာစေရန်နှင့် ပြည်သူလူထုအား ခွေးရူးရောဂါကူးစက်ခြင်းမှ ကင်းဝေးစေရန် ရည်ရွယ်၍ ဇန်နဝါရီ ၁ရက်က စတင်ကာ အိမ်မွေးခွေးများနှင့် ပိုင်ရှင်မဲ့ခွေးများကို ရှာဖွေပြီး ခွေးရူးရောဂါကာကွယ်ဆေးများ လိုက်လံထိုးနှံပေးခြင်းနှင့် ပြည်သူများအား အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က ငါ့သရောက်မြို့၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာသန်းထွန်းစိန် (ငါ့သရောက်မြို့တာဝန်ခံ)ဦးဆောင်သည့် ဝန်ထမ်းများအဖွဲ့က ငါ့သရောက်မြို့သို့ လာရောက်၍ မြို့ပေါ်ရပ်ကွက်လေးခုအတွင်းရှိ အိမ်မွေးခွေးများနှင့် ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်များကို ခွေးရူးရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ကွင်းဆင်းဆေးထိုးအဖွဲ့သည် ငါ့သရောက်မြို့အမှတ် (၁၊၂၊၃၊၄)ရပ်ကွက်များသို့ တစ်အိမ်တက်ဆင်း သွားရောက်၍ အိမ်မွေးခွေးများနှင့် ပိုင်ရှင်မဲ့ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးသည့်အပြင် ဒေသခံပြည်သူများကိုလည်း ခွေးရူးရောဂါအကြောင်းနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငါ့သရောက်မြို့သို့ လာရောက်ပြီး ခွေးရူးရောဂါကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးနိုင်ရေးအတွက် လိုအပ်သည့် ဆေးဝါးပစ္စည်းများကို Australian AID အဖွဲ့မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ညောင်ဦးမြို့နယ်အတွင်း ခွေးရူးရောဂါ လျော့နည်းကျဆင်းရေးအတွက် ကာကွယ်ဆေးထိုးခြင်းနှင့် ပညာပေးခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်ခန့်အထိ အချိန်တစ်လခွဲအတွင်း မြို့နယ်များတွင် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေ၏တန်ဖိုး ထိန်းသိမ်းကြပါမှ

**ကိုညီ(ကျေးလက်ဦးစီး)**

**မြန်မာနိုင်ငံသည် မြစ်ချောင်း၊ အင်းအိုင်များ ပေါများလှသဖြင့် သောက်သုံးရေအတွက် ရှေးပဝေသဏီကပင် ပူပန်စရာ မရှိခဲ့ပေ။ နိုင်ငံအတွင်းတွင် ရေခံမြေခံကောင်းများစွာရှိပြီး မိမိတို့နိုင်ငံသားတို့အတွက် သုံး၍မကုန်နိုင်သော ရေပေါ်ရေအောက်သယံဇာတများမှာ သဘာဝမှ ပေးစွမ်းသော ဆုလာဘ်တစ်ခုဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။ ထို့အပြင် မြေအောက်ရေ (Ground Water) ကြွယ်ဝမှုတွင် မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံး၏ မြေအောက်ရေအကြွယ်ဝဆုံး ငါးနိုင်ငံအတွင်းရှိသည်ဟု ကမ္ဘာအရပ်ရပ်မှ ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။**

ယနေ့မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲလာမှုများမှာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများမှာပင် နေရာအနှံ့အပြားတွင် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ၂၀၆၀ ပြည့်နှစ် ရောက်ချိန်တွင် လူဦးရေ ၁ ဘီလီယံကျော်သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သော ရေကြီးရေလျှံမှုအန္တရာယ်ရှိသည့် မြို့များတွင် နေထိုင်နေလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်ပရဟိတအဖွဲ့၏ လေ့လာမှုတွင် ဖော်ပြထားသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခန့်မှန်းအခြေအနေများနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေ ပြုမူနေထိုင်ရေးအတွက် ဆွေးနွေးပွဲတွင် စွမ်းအင်သုံးစွဲမှုများ၊ လူဦးရေတိုးပွားလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုကို ပိုမိုကြုံတွေ့ရမည်ဖြစ်ပြီး ဖန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲတွင် ပါဝင်မှုကြောင့် မြန်မာနိုင်ငံ၏ အပူချိန်သည် ၁ ဒသမ ၅ စင်တီဂရိတ်မှ ၂ ဒသမ ၅ စင်တီရိတ်အထိ လာမည့် ၂၁၀၀ ပြည့်နှစ်တွင် တိုးလာနိုင်သည်ကို တွေ့ရှိရသည်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှလည်း ခန့်မှန်းပြောဆိုထားပါသည်။

မြန်မာနိုင်ငံသည် ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်မြင့်မားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် အပူချိန်မြင့်တက်ခြင်းတို့ကြောင့် စိုက်ပျိုးမှုနောက်ကျခြင်းများလည်း ဖြစ်ပေါ်ခဲ့ရပြီး အဓိကစိန်ခေါ်မှုအဖြစ် သောက်သုံးရေရှားပါးမှုကို အထူးသဖြင့် ကျေးလက်နေပြည်သူများ အလူးအလဲခံစားခဲ့ကြရသည်။ ထို့အပြင် မြန်မာနိုင်ငံအပူပိုင်းမိုးနည်းရပ်ဝန်းဒေသများတွင် ဧပြီလ၊ မေလများသို့ ရောက်ရှိလျှင် ရေရှားပါးမှုပြဿနာနှင့် ကြုံတွေ့နေရသည်မှာ ခပ်စိပ်စိပ်ဖြစ်လာသည်။ မိုးရွာသွန်းမှု အားကောင်းသော မြန်မာနိုင်ငံတောင်ပိုင်းဒေသအချို့မှာပင် ရေရှားပါးမှုဒဏ်များ ကြုံတွေ့နေရသည်။

"King Faiscal တက္ကသိုလ်မဟာဌာနမှ မိုဟာမက်အယ်ဝမ်ဒီက လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ရာသီဥတုပြောင်းလဲမှုများ၏ အကျိုးဆက်များကြောင့် ၎င်းတို့လက်ရှိသုံးစွဲနေသော မြေအောက်ရေပြတ်လပ်နိုင်”ဟု ကမ္ဘာ့ရေရှားပါးခြင်းနှင့် ပတ်သက်သည့် ကမ္ဘာ့ဘဏ်အစီရင်ခံစာ ထွက်လာအပြီးတွင် ၎င်းက ထိုသို့သတိပေးလိုက်ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် လူတစ်ဦးလျှင် ပျမ်းမျှ ရေသုံးစွဲမှုနှုန်းသည် တစ်ကမ္ဘာလုံးနှင့် နှိုင်းယှဉ်လျှင် အများဆုံးထဲတွင် ပါဝင်နေသည်ဟု ဆော်ဒီသတင်းစာတစ်ခုမှ ဖော်ပြထားသည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် လူတစ်ဦးကို တစ်နေ့လျှင် ရေ ၂၆၅ လီတာသုံးစွဲပြီး ယင်းနှုန်းသည် ဥရောပသမဂ္ဂ၏ ပျမ်းမျှ ရေသုံးစွဲမှုနှုန်းထက် နှစ်ဆဖြစ်နေသည်ဟုလည်း ဖော်ပြထားပါသည်။ ထိုသို့ ရေသုံးစွဲမှုများပြားလာသည့်အတွက် ဆော်ဒီအစိုးရအနေဖြင့် ရေခွန်ကောက်ခံရသည့်အခြေအနေထိ ရေရှားပါးမှုပြဿနာမှာ ကြီးမားခဲ့သည်။

ထို့အပြင် လေးနှစ်တိတိ မိုးခေါင်ခဲ့သော ကယ်လီဖိုးနီးယားပြည်နယ်တွင် သောက်သုံးရေရှားပါးလာသည့်အတွက် ရေသုံးစွဲမှုကို ၂၅ ရာခိုင်နှုန်း လျှော့ချသုံးစွဲရန် ပြည်နယ်အာဏာပိုင်များက အမိန့်ပေးခဲ့ရပြီး စက်မှုဇုန်များ၊ ဂေါက်ကွင်းများတွင် ရေအသုံးပြုမှုကို လေးပုံတစ်ပုံ လျှော့ချရမည်ဖြစ်ပြီး အိမ်ထောင်စုတိုင်းသည်လည်း ရေသုံးစွဲမှုကို လျှော့ချသုံးစွဲရမည်ဖြစ်သည်။ သောက်သုံးရေရှားပါးမှု၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် တူရကီနိုင်ငံအတွင်းမှ အစပြုပြီး စီးဆင်းလာသော ယူဖရိတ်မြစ်ရေ ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်ပြီး သဘောထား ကွဲလွဲမှုများရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် ရေစစ်ပွဲ (Water War)များပင် ဖြစ်ပွားခဲ့ရသည်အထိပင် ရေရှားပါးမှုပြဿနာမှာ ကြီးထွားလာခဲ့သည်။ မကြာသေးမီက အီသီယိုးပီးယားနိုင်ငံတွင် မိုးရွာခဲ့သော်လည်း အဆိုပါမိုးမှာ သောက်သုံးရေအတွက် မလုံလောက်မှုကြောင့် နှစ်ပေါင်း ၅၀ အတွင်း အဆိုးဆုံးမိုးခေါင်မှုကို ခံစားခဲ့ရပြီး လူဦးရေ ၁၀ ဒသမ ၂ သန်းခန့်၊ လူဦးရေ ဆယ်ပုံတစ်ပုံခန့်မှာ သောက်သုံးရေနှင့် အစားအစာများ လိုအပ်နေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Program) ၏ ထုတ်ပြန်ချက်အရ သိရသည်။

**သောက်သုံးရေရှားပါးမှု၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် တူရကီနိုင်ငံအတွင်းမှ အစပြုပြီး စီးဆင်းလာသော ယူဖရိတ်မြစ်ရေ ခွဲဝေသုံးစွဲမှုနှင့်ပတ်သက်ပြီး သဘောထား ကွဲလွဲမှုများရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် ရေစစ်ပွဲ (Water War)များပင် ဖြစ်ပွားခဲ့ရသည်အထိပင် ရေရှားပါးမှုပြဿနာမှာ ကြီးထွားလာခဲ့**

ယခုနှစ်တွင် အယ်နီညိုရာသီဥတုကြောင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင်လည်း သောက်သုံးရေပြတ်လပ်မှုပြဿနာနှင့် ကြုံတွေ့ခဲ့ရပြီး သက်ဆိုင်ရာတာဝန်ရှိသူများက သောက်သုံးရေရရှိအောင် နည်းလမ်းအမျိုးမျိုးဖြင့် ကြံဆကူညီခဲ့ကြသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း သောက်သုံးရေဖူလုံစေရေးအတွက် ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၃၁၀၇၉ ဒသမ ၇ သန်းဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုနှင့် နေပြည်တော်ကောင်စီတို့တွင် တွင်းတိမ် ၅၁၈ တွင်း၊ တွင်းနက် ၁၃၉၂ တွင်း၊ လက်တူးတွင်း ၅၃၈ တွင်း၊ ရေကန် ၅၀၅ ကန်၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ၆၃၅ ခုနှင့် အခြားရေရရှိရေးလုပ်ငန်း ၂၄၁ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်းပေါင်း ၃၈၂၉ ခုကို ကျေးရွာပေါင်း ၃၅၀၀ တွင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အိမ်ခြေ ၅၃၉၆၉၆ အိမ်၊ လူဦးရေ ၂၉၁၃၃၇၇ တို့ကို အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ခန့်မှန်းကုန်ကျငွေ ၂၄၇၂၇ ဒသမ ၂၄ သန်းဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုနှင့် နေပြည်တော်ကောင်စီတို့တွင် တွင်းတိမ် ၂၁၆ တွင်း၊ တွင်းနက် ၇၀၅ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း၊ ရေကန် ၃၂၄ ကန်၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ၃၅၀ နှင့် အခြားရေရရှိရေးလုပ်ငန်း ၁၁၆ ခု စုစုပေါင်းရေရရှိရေးလုပ်ငန်းပေါင်း ၂၀၉၇ ခုတို့ကို ကျေးရွာပေါင်း ၂၀၅၅ တို့တွင် လျာထားဆောင်ရွက်လျက်ရှိပြီး အိမ်ခြေ ၃၂၂၂၂၅ အိမ်၊ လူဦးရေ ၁၅၇၈၀၃၆ တို့ကို အကျိုးပြုမည်ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် သက်ဆိုင်သော ကိစ္စရပ်များအပေါ် လေးလေးနက်နက်မရှိခဲ့သော အမေရိကန်လူမျိုးများပင်လျှင် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ အထူးသဖြင့် ရေရှားပါးလာမှုများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခံစားနေရသောကြောင့် ယခင်ကထက် ပိုမိုအလေးထားလာပြီဖြစ်သည်။ ယခင်အချိန်က မြန်မာနိုင်ငံအနေဖြင့် သောက်သုံးရေရှားပါးမှုပြဿနာကို ကြုံတွေ့ခဲ့ရမှု နည်းပါးခဲ့သော်လည်း ယခုအချိန်တွင် နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ခံစားနေရပြီဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝမှပေးစွမ်းသော ရေအရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင် ဖြစ်တည်နေသည့် ရေအရင်းအမြစ်များကို စနစ်တကျသုံးစွဲပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားခြင်းဖြင့် နောင်အနာဂတ်တွင် သောက်သုံးရေရှားပါးမှုဒဏ်မှ ကင်းလွတ်နိုင်မည်ဖြစ်ပေသည်။

## လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာ မိတ်ဆက်ပွဲ သရုပ်ပြပွဲနှင့် ဟင်းသီးဟင်းရွက်အဆင့်မြင့်ပြုပြင်ထုပ်ပိုးစက်ရုံများ စစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဟဲဟိုးအင်းခေါင်းခြံ၌ ဇန်နဝါရီလနောက်ဆုံးပတ်က ကျင်းပသော New Holand ကုမ္ပဏီမှ တောင်သူလယ်သမားများအား အရစ်ကျ စနစ်ဖြင့် ရောင်းချမည့် ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများ မိတ်ဆက်ပွဲနှင့် သရုပ်ပြပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားခဲ့သည်။



အာလူးစိုက်စက်ဖြင့် လက်တွေ့သရုပ်ပြမောင်းနှင်စဉ်

အခမ်းအနားသို့ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းနှင့် တာဝန်ရှိသူများ၊ အာလူးနှင့် အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးကြသော ဒေသခံတောင်သူများက New Holand ကုမ္ပဏီမှ မိတ်ဆက်ပြသထားသည့် ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိယာများနှင့် တွဲဖက်သုံးစွဲသည့် ထယ်၊ ထွန်အမျိုးမျိုး၊ အာလူးကြံစိုက်ကိရိယာများ၊ အစေ့ထုတ် ပြောင်း၊ ပဲမျိုးစုံ မျိုးစေ့ချကိရိယာများ၊ မြေသြဇာနှင့် ဆေးဖျန်းစက်များ၊ အာလူးတူးဖော်သည့် ကိရိယာများနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၏ ဒေသထွက်ကုန်ပြခန်း၊ ပိုးသတ်ဆေး၊ ပုဂ္ဂလိက ၂ကုမ္ပဏီများမှ ပြခန်းများကို လေ့လာကြပြီး သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဟဲဟိုးဒေသရှိMyanmar Belle Co.,ltd. နှင့် တောင်သူများ အကျိုးတူ ပူးပေါင်း၍ မုန်လာဥ၊ မုန်လာရွက်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်မြိတ်များအား ဂျီအေပီစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး ဟင်းသီးဟင်းရွက်များကို အဆင့်မြင့်စက်ကြီးများဖြင့် ပြုပြင်ထုပ်ပိုးကာ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့ တင်ပို့ရောင်းချရန် ဆောင်ရွက်နေသည့် Vegetable Dehytraded Factory ၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံတွင် ဟဲဟိုးက စိုက်ပျိုးရေးသိပ္ပံ ကျောင်းသားကျောင်းသူများ လက်တွေ့ကွင်းဆင်းလေ့လာနိုင်ရေးနှင့် Contract Farming စနစ်များ၊ နည်းပညာသင်တန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)ဓာတ်ပုံ-သိန်း**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ နည်းပြ ၂၀ တက်ရောက် လျက်ရှိသည့် အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ်(၃၀)နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာနတို့မှ အမျိုးသားဝန်ထမ်း ၁၀၈ ဦးတက်ရောက်လျက်ရှိသည့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၉၆၊ ၉၇) သင်တန်းများဆင်းပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသည်။

သင်တန်းများဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် အောင်လက်မှတ်များချီးမြှင့်သည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

## အရည်အသွေးအာမခံချက်မရှိသော အစားအသောက်များရောင်းချမှု ရှိမရှိ ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ဈေးကော်မတီ၊ ကျန်းမာရေး၊ ပညာရေး၊ တိ/ကု ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၃ ရက်က ဇီးကုန်းမြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များနှင့် သားငါးအရောင်းဆိုင်များအား အရည်အသွေးအာမခံချက်မရှိသော အစားအသောက်များနှင့် အေးခဲအသားများရောင်းချမှုရှိမရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေးစာရွက်များ ဖြန့်ဝေပြီး ကြိုတင်အသိပေးပြီးဖြစ်ကာ စားသုံးသူများအတွက် အရည်အသွေးအာမခံချက်ရှိသော အစားအသောက်များကိုသာ ရောင်းချပေးနိုင်အောင် ဆက်တိုက်ပညာပေးမှုများလုပ်ဆောင်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဧပြီလမတိုင်မီအထိသာ ပညာပေးကာလကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# အလောင်းတော်ကဿပဥယျာဉ်အတွင်း ကတ္တရာလမ်းခင်းပါက ဥယျာဉ်တည်ထောင်ထားသည့်မူလရည်ရွယ်ချက်ကို ထိခိုက်စေနိုင်

**စစ်ကိုင်း ဖေဖော်ဝါရီ ၆**

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ အလောင်းတော်ကဿပစံကျောင်းသို့ပေါက်သည့် သဘာဝမြေသားလမ်းသည် အမျိုးသားဥယာဉ်အလယ်ဗဟိုကို ဖြတ်သန်းသွားရာလမ်းတစ်လျှောက် ဆင်၊ ဝက်ဝံ၊ ကျားသစ်၊ စိုင်စသည့် ရှားပါးတောရိုင်းတိရစ္ဆာန်များဖြတ်သန်းသည့် နေရာအများအပြားရှိသလို လမ်းတစ်လျှောက်တွင် ထင်းရှူးတောမှလွဲ၍ ကျန်တောအမျိုးအစားငါးမျိုးကို လေ့လာနိုင်သဖြင့် သုတေသနပြုလုပ်ခြင်းများအတွက် များစွာအရေးပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

"အထက်ရွက်ပြတ်ရောနှော တောစိုအထက်ရွက်ပြတ်ရောနှော တောခြောက်အောက်ရွက်ပြတ်ရောနှောတောစို၊ အင်တိုင်းတော၊ ထင်းရှူးတောနဲ့အမြဲစိမ်းတောစတဲ့သစ်တောအမျိုးအစား ခြောက်မျိုး၊ အပင်မျိုးစိတ် ၄၆၅မျိုး သစ်ခွ မျိုးစိတ် ၄၉မျိုး၊ ပရဆေးမျိုး စိတ် ၁၄၃မျိုး၊ ဝါးမျိုးစိတ် ရှစ်မျိုး၊ နို့တိုက်သတ္တဝါ ၃၄မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၉၄မျိုး၊ အင်းဆက်မျိုးစိတ် ၄၂ မျိုး၊ လိပ်ပြာမျိုး စိတ် ၂၅၀ ငှက်အမျိုးပေါင်း၄၈၆မျိုးတွေ့ရပါတယ်။ အဲဒီလို ဇီဝမျိုးစုံ မျိုးကွဲများကြွယ်ဝတဲ့အတွက် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEANHeritage Park) အဖြစ် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၈ရက်က သတ်မှတ်ခံခဲ့ရပါတယ်" ဟု ၎င်းက ပြောသည်။

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကို ယင်းမာပင်ခရိုင် ကနီမြို့နယ်ရှိပုထိုးလုံးကြိုးဝိုင်းနှင့် ကလေးခရိုင် မင်းကင်းမြို့နယ် တောင်တွင်းကြိုးဝိုင်း နှစ်ခုအား ပေါင်းစည်းပြီးသစ်တောဝန်ကြီးဌာန၏ ၁၉၈၉ခုနှစ် ဇန်နဝါရီ ၁ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၁/၈၉) ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပြီး အကျယ်အဝန်းမှာ ၃၄၆၆၃၉ ဒသမ ၃၉ ဧက ၅၄၁ ဒသမ၆၂ စတုရန်းမိုင်ရှိကြောင်း သိရသည်။

မြေလမ်းမှ ကတ္တရာလမ်းအဖြစ်ပြောင်းလဲလျှင် ဇီဝမျိုးစုံမျိုးကွဲနေရင်းဒေသများ၏ သဘာဝအနေအထားပျက်စီးသွားနိုင်သကဲ့သို့ သဘာဝရေစီးရေလာများပျက်စီးမှုနှင့်အတူ ဂေဟစနစ်ပါ ပြောင်းလဲသွားနိုင်ပြီး တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများကို အစိတ်စိတ်အမြွှာမြွှာကွဲကာ ပျောက်သွားစေနိုင်ကြောင်း ဦးထွန်းထွန်းဝင်းက သုံးသပ်ပြသည်။

အမျိုးသားဥယျာဉ်သည် အဖိုးတန်သစ်မျိုးများ ပေါက်ရောက်သည့် သစ်ထုတ်နိုင်သော သစ်တောကြိုးဝိုင်းနှစ်ခုရှိရာ နိုင်ငံ၏အမွေအနှစ်များရေရှည်တည်တံ့ရန် ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သစ်ထုတ်လုပ်ခြင်းမှရရှိသည့် စီးပွားရေးအကျိုးအမြတ်များကိုစွန့်လွှတ်၍ သဘာဝနယ်မြေတစ်ခုအဖြစ် တည်ထောင်ထားခြင်းဖြစ်သည်။ မြေသားလမ်းကို ကတ္တရာလမ်းအဖြစ်ပြောင်းလဲခြင်းဖြင့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပြီး အမျိုးသားဥယျာဉ်အဖြစ် တည်ထောင်ထားသည့် မူလရည်ရွယ်ချက်ကို ထိခိုက်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## ဖြူးချောင်း သဲသောင်ခုံမှ ပြောင်းခင်းများ ဖြစ်ထွန်းအောင်မြင်



**ဖြူး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးမြို့အနောက်ဘက် ငါးမိုင်အကွာ လိပ်သေအုပ်စု လေးအိမ်စုကျေးရွာမှ တောင်သူများသည် မိမိတို့ပိုင် ဖြူးချောင်းသဲသောင်ခုံမြေပေါ်တွင် ဆောင်းရာသီစိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့် ပြောင်းစိုက်ခင်းများကို ရာသီစာအဖြစ် စိုက်ပျိုးကြရာ ယခုအချိန်တွင် ဖြစ်ထွန်းအောင်မြင်ကာ ပြောင်းစိုက်တောင်သူများ နေ့စဉ်ဝင်ငွေကောင်းလျက် ရှိကြသည်။

အဆိုပါ သဲသောင်ခုံမြေ၌ ပြောင်းတစ်ဧကစိုက်ခင်းတွင် ပြောင်းအပင်ပေါင်း လေးထောင်ကျော်ခန့် စိုက်ပျိုးနိုင်ကြပြီး တစ်ပင်လျှင် တစ်ဖူးမှ နှစ်ဖူးအထိ ဖူးကာ ပြောင်းခင်းအရောက်လာဝယ်ကြသူများက ၁၀ဖူးလျှင် ငွေကျပ် ၁၀၀၀ ကျပ်မှ ၁၅၀၀ ဖြင့် ဝယ်ယူကြောင်း သိရသည်။

"ဒီသဲသောင်ခုံမြေ တစ်ကေပေါ်မှာ နှမ်း၊ မိုး၊ ဆောင်းရာသီမရွေး သူ့ရာသီနဲ့သူ သီးပင်စားပင်များ စိုက်ပျိုးကြပါတယ်။ အခုဆောင်းရာသီမှာ စားပြောင်းစိုက်ပါတယ်။ အခုလို ဖြစ်ထွန်းအောင်မြင်တော့ ဒီတစ်ရာသီမှာ ထွန်ယက်ခ၊ မျိုးဖိုး၊ အလုပ်သမားခနဲ့ ကျွန်တော်တို့မိသားစုလုပ်အားခများ နုတ်ပယ်ရင် အသားတင်ငွေကျပ် နှစ်သိန်းကျော်ခန့်တော့ရမှာပါ။ အခုက ခူးရောင်းတုန်းဆိုတော့ သေချာတွက်မကြည့်ရသေးပါဘူး" ဟု လေးအိမ်စုရွာမှ ပြောင်းစိုက်တောင်သူ ဦးရဲမြင့်က ပြောသည်။

(ဝ၅၆)

## ညောင်ရွှေမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်

**ညောင်ရွှေ ဖေဖော်ဝါရီ ၆**

ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးနိုင်သည့် ရှမ်းပြည်နယ်လွှတ်တော် ညောင်ရွှေမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်အတွက် မဲဆန္ဒရှင်စာရင်းများကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာထားကြောင်း သိရသည်။

ညောင်ရွှေမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်တွင် ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ မဲရုံပေါင်း ၆၉ရုံရှိပြီး အခြေခံမဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ ရပ်ကွက်နှင့်ကျေးရွာများတွင် အများမြင်သာအောင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၄ရက်အထိ ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်များ မဲစာရင်းလာရောက်ကြည့်ရှုနိုင်ရန် နှိုးဆော်လျက်ရှိပြီး၊ မဲဆန္ဒရှင်အမည်စာရင်းတွင် မပါဝင်ပါက တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်ပါက ကန့်ကွက်ခြင်း၊ မှားယွင်းနေပါက ပြင်ဆင်လွှာတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပရေး လုပ်ငန်း ညှိနှိုင်းစည်းဝေး

**တောင်ကြီး ဖေဖော်ဝါရီ ၆**

လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၇) ကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့သည် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပမည့် ပင်လုံကျောက်တိုင်ကွင်းသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8D/3216 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၂ယ/၆၅၄၇၁ Honda Scoopy-100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွန်း ၉/မဟမ(နိုင်)၀၂၅၉၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် ၆၇၅ တလုံးတောရ၊ ဦးပိုင်အမှတ်(၁၁/က၁၂/က) ဧရိယာ ဝဒသမ ၂၇၅ဧကရှိမြေကွက်ကို ဒေါ်မြင့်ခိုင်မှ မြေငှားစာချုပ်အသစ် ခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် မူလပိုင်ရှင်ဖြစ်သူ ဦးမှတ်မှ ဒေါ်မြင့်ခိုင်ထံသို့ ၂၉-၁-၂၀၁၆ ရက်တွင် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၌ စာချုပ်အမှတ် ၁၉/၂၀၁၆ ဖြင့် တရားဝင်မှတ်ပုံတင်၍ ရောင်းချထားသောစာချုပ် မိတ္တူ/မူရင်းများ တင်ပြကာ ဒေါ်မြင့်ခိုင်မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်အသစ်လျှောက်ထားလာခြင်းအပေါ် မည့်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် တင်ပြနိုင်သူမည်သူ့ကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်အသစ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ်တွော်အရာရှိ၊ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**

**မုံရွာမြို့နယ်တရားရုံး**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃**

ဖေယျာပဒေသာဖောင်ဒေးရှင်း **နှင့်** ၁။ ဦးတင်ဝင်း
၂။ ဦးဖိုးကျော်

**တရားလို** **တရားပြိုင်များ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ကံကြီးကျေးရွာ၊ ဦးဖိုးကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျန်ငွေ(၇၉၄၄၀၀၀၀/-) (ကျပ်ခုနစ်ဆယ်ကိုးသိန်း လေးသောင်း လေးထောင်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မုံရွာမြို့နယ်တရားရုံး**

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ပုဇွန်တောင်မြို့နယ်တရားရုံး၌**

**၂၀၁၆ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄**

ဒေါ်ကျင်ငြိမ်း **နှင့်** ၁။ ဒေါ်ခင်မျိုးအေး
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးခင်မောင်အေး
ဦးသက်ဝင်း)

**လျှောက်ထားသူ** **အလျှောက်ခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကောင်းလမ်း၊ အမှတ် ၁၉ နေ (ယခုလိပ်စာမသိ) ဒေါ်ခင်မျိုးအေး၊ ဦးခင်မောင်အေး တို့ သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်ကျင်ငြိမ်း (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးသက်ဝင်း)က ဤရုံးသို့ နှစ်ဦးသဘောတူ မြေနှင့်အိမ်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် စာချုပ်မူကြမ်း တင်ပြသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျ ကြားပြောပီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းဝင့်ဝင့်ဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပုဇွန်တောင်မြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မရမ်းကုန်းမြို့နယ်တရားရုံး**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃**

ဦးမျိုးဇော် **နှင့်** ၁။ ဒေါ်အမာ
၂။ ဦးစံတင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ ဘိုတထောင်ရပ်ကွက်၊ အမှတ်(၃)၊ သစ်စက်ဝင်းနေ အမှတ်(၁)တရားပြိုင် ဒေါ်အမာ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် သက်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်စိန်)**
**မြို့နယ်တရားသူကြီး**
**မရမ်းကုန်းမြို့နယ်တရားရုံး**


telenor
(၁၀)ဆ ပြန်ရမယ့်
ဒေတာ
ပါဆယ်
Small
1GB
၂,၉၉၉ိ/-
Medium
4GB
၉,၉၉၉ိ/-
Large
10GB
၁၉,၉၉၉ိ/-
မကုန်ရင် နောက်လတွေအထိ ပါဆယ်ဆွဲသုံး
*979*2*7# ကိုဖုန်းခေါ်ဆိုပါ။
လစဉ်အပိုလက်ဆောင်များ
up to 4,000 sms
SMS
up to 4000 mb
5gb
capture
ဘာကြောင့် ဒေတာပါဆယ် Pack ကိုသုံးသင့်လဲ?
5%
100%
105%
ယခုလ ဒေတာသုံးစွဲမှုမှ လက်ကျန်
နောက်လ ဒေတာ ပါဆယ် ဝယ်ယူမှု
ယခုလ ဒေတာသုံးစွဲမှုမှ မကုန်ဘဲ ကျန်ခဲ့သောလက်ကျန် MBများကို နောက် မေလ(၂)ရက်နေ့ အထိ ဆက်လက် သုံးစွဲနိုင်ပါသည်။
www.telenor.com.mm

# အထူးဝမ်းမြောက် ဂုဏ်ယူပါသည်ဘုရား

လောကီ၊ လောကုတ္တရာအကျိုးတရားများတိုးပွားအောင် ဆောင်ရွက်တော်မူလျက်ရှိသော သီတဂူ ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ရွှေကျင်နိကာယ၊ တွဲဖက်ရွှေကျင်သာသနာပိုင် ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး၏ စေတနာ၊ သဒ္ဓါတရား၊ ဝီရိယအားတို့ကို ပူဇော်ဂုဏ်ပြုသောအားဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇ ဖြင့် သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဂုဏ်ပြုဘွဲ့တံဆိပ်တော်ဖြစ်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

၁၁-၁၁-၂၀၁၂ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် အကြီးအကျယ်ပျက်စီးသွားသော ထူပါရုံစေတီတော်ကြီးအား မူလစေတီတော်ကို မထိစေဘဲ အောက်ခြေများတိုးချဲ့ခြင်း၊ အမြင့်ပေတိုးခြင်း၊ သံကူကွန်ကရစ်များဖြင့် ခိုင်ခံ့အောင် အသစ်တည်ဆောက်ပေးခြင်း၊ ပရိဂုဏ်ကျောက်ပြားခင်းခြင်း၊ မီးဆင်ခြင်းများအပြင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်အထွတ်တင်လှူပေးခြင်းအထိ ဆရာတော်ကြီးကိုယ်တိုင် အနီးကပ်ကြီးကြပ်လှူဒါန်းပေးခြင်းများကိုလည်း အမြဲအမှတ်တရ ကြည်ညိုလေးစားရပါသည် ဘုရား။

ဆရာတော်ကြီး၏ စေတနာ၊ သဒ္ဓါတရား၊ ဝီရိယအားတို့နှင့်ထိုက်တန်သော ပူဇော်ဂုဏ်ပြု မှုအတွက် စစ်ကိုင်းမြို့ ထူပါရုံစေတီတော် ဩဝါဒါစရိယဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများက အထူးဝမ်းမြောက် ဂုဏ်ယူရပါသည် ဘုရား။

**ထူပါရုံစေတီတော်ဂေါပကအဖွဲ့**
**စစ်ကိုင်းမြို့**

- စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
- လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတတယ်ထင်မှ အပ်ပါ။

**ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော်**
ဦးစီးသော...


ကက-၁၃/၂၂/၂၃၅

# UEC
**United Education Centre**
**ကိုယ်ပိုင်အထက်တန်းကျောင်း**
**KG - Grade 10**
**အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP**



မောင်လွင်မင်းသိန်း
ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)

## ၂၀၁၅ - ၁၆ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ


မောင်လွင်မင်းသိန်း ဆကရ - ၁၄၄၂ (ဘာသာစုံဂုဏ်ထူးရှင်)


မောင်စိုင်းသေဘုန်းမြတ် ဆကရ - ၁၄၃၁ (မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)


မဖေသက်ခင် ဆကရ - ၀၄၀၉ (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)


မောင်သက်ဝင်းမောင် ဆကရ - ၁၄၃၃ (မြန်မာ၊ ဓာတု၊ ရူပ၊ ဇီဝ)


မကြည်ဖြူအေးချမ်း ဆကရ - ၁၄၃၂ (မြန်မာ၊ ဓာတု၊ ရူပ၊ ဇီဝ)

**၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။**

အဆင့်မြင့်ဘော်ဒါ – ၇၊ ၈၊ ၉၊ ၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိဘရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4-skills ၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။

- Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
- (၄) ထပ် အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ Air-con တပ်စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● ခြံအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● ခြံအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



**ချာချီးယား ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862



ဘယ်ကျောင်းမှာသင်သင် ဘယ်ဝိုင်းမှာပင် တက်တက် မြန်မာစာဂုဏ်ထူးအတွက် ဆိုရင်တော့...
**ဂုဏ်ထူးဦးသိန်းနိုင်** နွေ သင်တန်းကြီး
- ၂၀၁၅ နိုင်ငံတော်အဆင့် မြန်မာစာ ရမှတ်ကို တပည့်ရင်း တပည့်ချစ်များဖြစ်ကြသော...
ပထမ (၈၃) မှတ် သော်သော်ဟန်
ဒုတိယ (၈၂) မှတ် ထားအိအိလှိုင်
တတိယ (၈၁) မှတ် မေသင်းခိုင်၊ အင်ကြင်းမွေး၊ ဖူးပွင့်ဝေ
- ၂၀၁၆ နိုင်ငံတော်အဆင့် မြန်မာစာ ရမှတ်ကို တပည့်ရင်း တပည့်ချစ်များဖြစ်ကြသော...
ပထမ (၈၅) မှတ် ထက်ယမင်းအောင်
ဒုတိယ (၈၄) မှတ် သည်းမြတ်အောင် တို့က ဆွတ်လှမ်းနိုင်ခဲ့ကြပြီ။
- ဓာစီစာကုံး အထူးတန်းခွဲ (၁၂) ခွဲ
- (၈၉ ၊ ၁၀) သင်ရိုးကုန် တန်းခွဲ (၃) ခွဲသာ သင်ကြားမည်။
မတ်လ (၉) ရက် ဖွင့်မည်။
ယနေ့ လက်ခံပြီ နောက်ကျလျှင် နေရာ မသေချာတော့ပါ
ဂုဏ်ထူးမြန်မာစာ နည်းပြ
၁၈၈ (၃) ထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၇၅၅၀၉၊ ၀၁ ၃၇၂၂၃၇၊ ၀၉ ၅၀ ၁၂၆၁၁၊ ၀၉ ၉၇၈၈ ၂၄၂၃၇



တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်
**ဂုဏ်ထူးဦးအောင်ခိုင်**
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/9453 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/မခန(နိုင်)၁၇၄၅၇၇ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

**မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/4709 Toyota Kluger ACU 20 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်လျှမ်းစံ ၁၂/ဗဟန(နိုင်) ၀၉၃၁၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**


အချိန်ကာလသတ်မှတ်ထားပါသည်။

ဒီအထူးအတိုးနှုန်းနဲ့ အခုပဲငွေစုလိုက်ပါ။

# 9.75%*
**INTEREST**
# FIXED DEPOSIT FOR THREE MONTHS

နီးစပ်ရာ ဘဏ်ခွဲများမှာ လာရောက် စုံစမ်းနိုင်ပါသည်။

Email: info@yomabank.com | www.yomabank.com
*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.

ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

(ဒဂုံမြို့သစ်)
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်ဝယ်လိုသည်။
ဖုန်း-၀၉ ၄၃၁၇၃၉၇၂

**ဝန်ထမ်းအလိုရှိသည်**

Auto Top Power Car Showroom
၂၃၂၊မဟာဗန္ဓုလလမ်း၊ရွှေဂုံတိုင်၊ဗဟန်း
09 31282333/09 797666604/05
၁။လုံခြုံရေး(၁)ဦး(စတန်း)
၂။အရောင်းဝန်ထမ်း(၂)ဦး(ကျား/မ)
(၁၀ တန်း/ဘွဲ့ရ)


## လုပ်ငန်းကျွမ်းကျင်ပညာရှင်/အဖွဲ့အစည်းများ ဖိတ်ခေါ်ခြင်း

Beauty Home Construction မှ ဆောက်လုပ်မည့် အထပ်မြင့်အဆောက်အအုံ 10 Units အတွက် လုပ်ငန်းကျွမ်းကျင် Architect (ဗိသုကာပညာရှင်များ) QA/QC ပညာရှင်များ၊ 3D Drawing နှင့် Structure Drawing ရေးဆွဲနိုင်သော ပညာရှင်များ စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာအတိုင်း လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက် ။ ။ Work Experiences Profiles/Documents များရှိပါက တစ်ပါတည်းယူဆောင်လာပါရန်။

ဒေါ်သန္တာအောင် - ဖုန်း-၀၉-၃၂၃၀၉၉၄၈၊ ၀၉-၉၇၀၂၅၆၃၀၈၊ ၀၉-၅၁၂၇၉၉၆၊ ၀၉-၄၂၀၂၇၅၇၃၆၊ ၀၁-၆၆၂၅၆၁
ဦးအေးမင်း - ဖုန်း-၀၉-၂၆၂၄၀၀၂၅၂
E-mail - beautyhome5858@gmail.com
လိပ်စာ - အမှတ် ၂၃၅၊ ရွှေဂုံတိုင်အလယ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး ဦးဇော်ဝင်း

ဥက္ကဋ္ဌ
လှိုင်ထိပ်ခေါင် အအေးခန်းစက်ရုံ
ကြယ်ရောင်စဉ်ကုမ္ပဏီလီမိတက်

စက်ရုံဝန်ထမ်းမိသားစုများနှင့် ရှတ်တရက်ခွဲခွာသွားခဲ့သည်မှာ ၇-၂-၂၀၁၇ ရက်တွင် (၁)လပြည့်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရလျက် ကောင်းမှုကုသိုလ်များကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြင့်မြတ်အေးချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါရန် ဆုတောင်းအမျှပေးဝေပါသည်။

လှိုင်ထိပ်ခေါင် အအေးခန်းစက်ရုံ
မိသားစုနှင့်ဝန်ထမ်းများ

## ကျေးဇူးဆပ်ပါမည်

ကျွန်းစုမြို့နယ်၊ ရေကန်တောင်ကျေးရွာနေ ဦးဝင်းလှိုင် ၆/ကစန(နိုင်)၀၁၈၁၀၄ ပိုင်ဆိုင်သော အောင်မြတ်ထွန်း ၁/MD/ 0009/13 ၏ ရေယာဉ်မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၆၁၄၂၉

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/3095 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ် (၅-နေပူကုန်း)၊ ဦးပိုင်(ခ/၁၁၁)၊ ၀ ဒသမ ၁၁၄ဧကရှိမြေအား ဒေါ်စန္ဒာဝင်း ပါ(၉)ဦး အမည်ဖြင့် သက်တမ်းတိုး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဒေါ်စန္ဒာဝင်း ပါ(၉)ဦးအား သက်တမ်းတွင်းအမည်ပြောင်း မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

တောင်ငူမြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်အမှတ် ၃၀၄၉၊ ဧရိယာ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်သီသီနွဲ့ အမည်ပေါက် ပါမစ်မြေကွက်အား ဦးညီညီထွန်း ၁၂/ကမရ(နိုင်)၀၀၂၇၉၄ (ဘ) ဦးချိုချိုထွန်းမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် A-038၊ ဧရိယာ ၀ ဒသမ ၂၃၉ ဧကရှိ ဗိုလ်မှူးကြီးချိုမောင်စိုး အမည်ပေါက်အငှားဂရန်မြေကွက်အား ဒေါ်ဝင်းမြတ်ခိုင် ၅/ငဇန (နိုင်) ၀၄၄၀၃၁ (ဘ)ဦးဝင်းအိုင်မှ မြေငှားဂရန်စာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## ရောင်းရန်ကြော်ငြာစာ

### တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်
### ၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၉

| | | | |
|---|---|---|---|
| ၁။ မနှင်းဝေခိုင် | နှင့် | ၁။ ဦးစိုးနိုင် (ခ) Aeric | |
| ၂။ ဦးမိုးသဲ | | ၂။ ဦးဟန်ဝင်းအောင်(ခ)Peter | |
| ၃။ မခိုင်ရွှေဝါ (ကိုယ်တိုင်နှင့် ၁၊ ၂ တရားနိုင်တို့၏ ကိုယ်စားလှယ်စာရသူ) | | ၃။ ဒေါ်ရီရီမိုး (ခ) Doreen | |
| | | ၄။ ဦးစိုးမင်း (ခ) Jonny | |
| | | ၅။ ဦးစိုးလင်း (ခ) David | |
| | | ၆။ မငုဝါလင်း (ခ) ပူစူးမ | |
| တရားနိုင်များ | | တရားရှုံးများ | |

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ဖော်ပြပါရက်စွဲများအလိုက် ငွေရက်မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

#### လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

(၁) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)၊ ရေချိန်ကုန်းပေါ်၊ နောင်ခမ်းကြီး-ရှမ်းစုကျေးရွာ၊ (၂)ဧကခွဲ မြေနှင့် ယင်းမြေပေါ်တွင်ရှိ(၂)ထပ်တိုက်။
လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၅၅၀)
လေလံတင်ရောင်းချမည့်ရက် - ၂၄-၃-၂၀၁၇ ရက်

(၂) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်(၉)၊ ဘူတာလမ်း၊ အမှတ်(၃၄)၊ အခန်းအမှတ်(၂)
လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၇၀၀)
လေလံတင်ရောင်းချမည့်ရက် - ၂၅-၃-၂၀၁၇ ရက်

(၃) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီး-ရွာသစ်ကလေး၊ ရန်အောင်ကျောင်းလမ်း၊ အမှတ် (၁၉၉)၊ မြေနှင့်ယင်းမြေပေါ်ရှိ (၁)ထပ်တိုက်
လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၈၅၀)
လေလံတင်ရောင်းချမည့်ရက် - ၂၆-၃-၂၀၁၇ ရက်

(၄) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ မြို့သစ်(ပဒေသာမြို့သစ်)၊ ကံ့ကော်လမ်းသွယ်(၁)၊ အမှတ် (ဗ/၃၁) မြေနှင့်မြေပေါ်ရှိ (၂)ထပ်တိုက်
လေလံကြမ်းခင်းဈေး - ကျပ်သိန်း (၁၃၅၀)
လေလံတင်ရောင်းချမည့်ရက် - ၂၇-၃-၂၀၁၇ ရက်

#### ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရသိရှိသမျှ ဖြစ်သည်။ ကြော်ငြာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးကတာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူ အရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဇင်ရွှေ)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/2097 Toyota Dyna, L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဆွေ ၁၂/လမန(နိုင်)၀၄၅၁၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁ ᵐ/ဥတ္တရသီရိတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (PSHM-၁၃) ဧရိယာ ၁ဒသမ၀၀၈က နှစ် ၃၀ မြေငှားစာချုပ်မြေကွက်၏ အမည်ပေါက် ဦးကာကားမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဝယ/၂၁၁၁ Zaw Anbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၁၂၁၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၉/ညဥန(နိုင်)၀၀၉၄၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6047 Nissan Clipper U7/T P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအေး ၅/ကသန(နိုင်)၀၆၅၂၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၅)၊ ၄၁-၂၃လမ်းထောင့်၊ အကွက်အမှတ် (၁၇)ကျောင်းကွက် ဦးပိုင်အမှတ် (၁၁၀၁)၊မြေချိန်ဧရိယာ ၀ဒသမ၀၆၈ ဧကအား ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်ခေါင်နော ၁၃/ကလတ(နိုင်)၀၁၆၀၀၂မှ ဝယ်ယူပိုင်ဆိုင်ထားသောအိမ်ကို အိမ်ဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ရက်ပေါင်း ၂၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊သတ်မှတ်ရက်ထက်ကျော်လွန်ပြီး လာရောက်ကန့်ကွက်ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
၁။ ဒေါ်ခေါင်နော ၁၃/ကလတ(နိုင်)၀၁၆၀၀၂
၂။ ဦးလွှမ်းဇယ် ၁၃/ကလတ(နိုင်)၀၁၅၃၇၄
၃။ ဒေါ်ဇယ်နေ ၁၃/ကလတ(နိုင်)၀၁၇၇၉၆

## (၆)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးထွန်းသိန်း (ဇမ္ဗူအေး) (ထားဝယ်)

(၇-၂-၂၀၁၁) (၇-၂-၂၀၁၇)

မိသားစုအပေါ် တာဝန်ကျေပွန်ပြီး ကျေးဇူးကြီးမားလှပါသော ပါးပါး မိသားစုနှင့် ထာဝရခွဲခွာခဲ့သည်မှာ ယနေ့ဆို (၆)နှစ်ပြည့်ခဲ့ပါပြီ။ ကျေးဇူးရှင်ပါးပါးအတွက်ရည်စူးပြီး နေ့စဉ်-လစဉ်-နှစ်စဉ် ပြုပြုခဲ့သမျှ ကုသိုလ်အလှူဒါနအစုစုကို မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ပါးပါးရေ အမျှ - အမျှ - အမျှ**
**ချစ်ဇနီး - ဒေါ်ခင်အေးဝင်း (မီးမီး)**
**ချစ်သား - မောင်ဝေလင်း (ကိုမိုး) မိသားစု**
**ချစ်သမီး - မပွင့်သဇင်ကျော် (ဆွိတီ) (ကေခိုင်-အလှပြုပြင်ရေး) (ကမ္ဘာအေး)**
**ချစ်မြေး - မလင်းသော်တာထွန်း၊ မောင်အေးချမ်းဘုန်းပြည့် (၅၆၉)၊ ကမ္ဘာအေးစေတီလမ်း၊ ၈/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

## မဝင်းမင်းလှိုင် (ခ) မတိုးတိုး

(မြိတ်)
မန်နေဂျာ(Sale & Logistics)
(Yuzana Edible Oils Group)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၀၊ ဒုတိယလွှာနေ ဦးဖေမောင်(ကုန်သွယ်ရေး၊ ငြိမ်း)-(ဒေါ်ရှုအင်)(အခွန်ဦးစီး-ငြိမ်း)တို့၏ သမီး၊ MR YONEDA TSUTOMU -မဝင်းမင်းသော်တို့၏ ညီမ၊ ကိုသီရိ သိန်းသန်း-မအေးသင်းသင်း တို့၏အစ်မ၊ မောင်ဘုန်းပြည့်စုံ၏ အဒေါ်သည် ၃-၂-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/5903 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4255 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်နွယ်နီသန်း (ကော့သောင်း)

အသက်(၇၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နေ(ဦးဖန်-ဒေါ်လတ်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးခင်ရှိန်-ဒေါ်ကျော့ရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(စီ)၊ အမှတ် ၁၀၀၂ နေ (ဗိုလ်မှူးအုန်းကျော်)၏ဇနီး၊ (ဦးမြဘူး)၏မရီး၊ (ဦးအွန်း-ဒေါ်ရှုကြည်)၊ (ဦးလျှန်-ဒေါ်ရှုလင်)၊ (ဦးကွမ်း)-ဒေါ်အေးလှိုင်၊ (ဦးကင်း)-ဒေါ်ကြင်ဟန်၊ ဦးဝီ-ဒေါ်အေးလှ၊ (ဦးအေး-ဒေါ်ခင်အေးသက်)၊ (ဒေါ်ဂျွန်)၊ ဦးရန်း၊ ဦးစွမ်း-ဒေါ်ကြုံ၊ ဦးအုန်းသန်း-ဒေါ်တင်ဆွေကြူ၊ ဦးသူရိန်အောင်-ဒေါ်အေးအေးစိုးတို့၏ညီမ၊ ဒေါ်မြဝေ၏ အစ်မ၊ မအိအိကျော်၊ မောင်ရဲကျော်တို့၏မိခင်၊ တူ၊ တူမ ၃၃ယောက်တို့၏အဒေါ်သည် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၁၇ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန့် ၁၂/ကမတ(နိုင်)၀၀၁၀၈၈ နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၂၄နေ ဒေါ်ယဉ်မျိုးသူ ၁၂/ဗဟန(နိုင်)၁၀၃၁၆၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မျိုးသူနှင့် ဦးမျိုးသန့်တို့သည်၂၄-၆-၂၀၁၄ရက်မှစ၍ လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြစဉ်အတွင်း ရွှေငွေလက်ဝတ်ရတနာအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော အိမ်ခြံမြေ၊ တိုက်ခန်းနှင့်အဆောက်အအုံများ လက်ရှိပိုင်ဆိုင်ခဲ့ကြပါသည်။ ယခုအခါ ထိုပစ္စည်းများသည် ဦးမျိုးသန့်၏လက်ဝယ်တွင် ရှိနေပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မျိုးသူနှင့်ဦးမျိုးသန့်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်တော့သဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲရန် ပစ္စည်းခန်းခွဲစေရန် ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း လင်မယားနှစ်ဦးပိုင် အထက်ဖော်ပြပါ ပစ္စည်းများအား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းစသည့် တစ်နည်းနည်းလွှဲပြောင်းခြင်း တစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မျိုးသူ၏ ပိုင်ဆိုင်မှုများအား မတရားလက်လွှတ်ဆုံးရှုံးစေရန် ပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်လာပါက ထိုသို့ပြုမူသူ၊ လက်ဝယ်ထားသူ၊ လွှဲပြောင်းရယူသူ၊ ဝယ်ယူထားသူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်နှင်းဝေ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၁၇၈၆)
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၅၀၂၅၃၆၀

## အများသိစေရန်

### အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ၍ တရားဝင်ပစ္စည်းခွဲဝေပြီးစီးခြင်း

ဦးသက်နိုင် ၁၂/ဒပန(နိုင်)၀၁၀၉၅၀နှင့် ဒေါ်အေးစန္ဒာမွန် ၁၂/ဒပန(နိုင်) ၀၁၀၅၇၃ တို့သည် ၁-၂-၂၀၁၇ရက်တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာလာ(စဉ်-၈၅၂၀)၏ ရှေ့မှောက်၌ ဒေါ်ကေသွယ်ဦး ၁၂/သဃက(နိုင်)၀၀၄၂၀၄ နှင့် ဒေါ်စန်းစန်းဌေး ၁၂/အလန(နိုင်)၀၁၂၃၉၄ တို့ကို သက်သေထားရှိကာ တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း၊ ဦးသက်နိုင်မှ အမှတ် ၆၃၇၊ စွမ်းအင်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အိမ်၊ ခြံ၊ မြေအား ဒေါ်အေးစန္ဒာမွန်၊ သားမောင်ကျော်ဇင်လင်း၊ သမီး မဝတ်ရည်နန္ဒာတို့ထံ အပြီးအပိုင် လွှဲပြောင်းပေးအပ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
ဒေါ်အေးစန္ဒာမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)
တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉လမ်း၊
(၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဌေးကြွယ်
### အသက်(၇၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဝန်းရွာနေ ဒေါ်သန်း၏ ခင်ပွန်း ဦးခင်မောင်ကြွယ်(Managing Director, Max Highway Co.,Ltd.) - ဒေါ်အေးခိုင်တို့၏ဖခင် ဦးဌေးကြွယ်သည် ၅-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)-ဒေါ်ဌေးဌေးခိုင်**

**Max Myanmar Holding Co.,Ltd.**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ရီ အသက်(၈၈)နှစ်

အလုပ်အမှုဆောင်ဟောင်း (မြန်မာ့မီးရထား အငြိမ်းစားများအသင်း) ဦးတင်ရီ (လက်ထောက်စက်ရုံအုပ်၊ ငြိမ်း) မြန်မာ့မီးရထားသည် ၁-၂-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်း သံဝေဂယူရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာ့မီးရထားအငြိမ်းစားများအသင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးစိန်ရွှေမောင်
### (B.A, R.L) တရားရုံးချုပ်ရှေ့နေ
### လက်ထောက်ညွှန်ကြားရေးမှူး စ·စ·စ(ငြိမ်း)
### အသက်(၈၃)နှစ်

သူငယ်ချင်း ဒေါက်တာသိန်းကျော်-တွဲဖက်ပါမောက္ခ ဒေါက်တာတင်မိုးဝေ(အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဌာန၊ ရန်ကုန်ဆေးရုံကြီး)တို့၏ဖခင်ဖြစ်သူ ဦးစိန်ရွှေမောင်သည် ၄-၂-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**11/87-Batch**

**ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ရုံးရပ်ကွက်၊ ၃လမ်းနေ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်း၊ ဗိုလ်မှူးသော်ဇင်ထိုက်၊ မသဉ္ဇာထိုက်တို့၏ဖခင် မော်လမြိုင်ကောလိပ်(၇၃/၇၇)ရူပ-ကျောင်းသားဟောင်း ဦးခင်မောင်ညွန့်(ခ) ဦးချာလီ အသက်(၆၄)နှစ်သည် ၃-၂-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ

**မော်လမြိုင်ကောလိပ်(၇၃/၇၇) ရူပကျောင်းသားဟောင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား
### B.Sc (MATHS), (1984-1991) RC 3
### အသက်(၅၆)နှစ်

လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၃၅၊ ငါးလွှာနေ ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်း ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား B.Sc (MATHS),(1984-1991)RC 3 သည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**84th Maths, Group RC-3မှ သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးထွန်းအောင်ကျော် (ငြိမ်း)
### ကြည်း-၂၈၉၇၈ (ကသ-၂၂၆)
### အသက်(၅၁)နှစ်

သူငယ်ချင်း ဗိုလ်ကြီးထွန်းအောင်ကျော်(ငြိမ်း)သည် ၅-၂-၂၀၁၇ ရက် ၅း၁၅နာရီတွင် ကျောက်တန်းမြို့အနောက်ပိုင်းရပ်ကွက်၊ အောင်ပြေငြိမ်းလမ်း၊ အမှတ် ၁၉၄ နေအိမ်၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၈)မှ**
**သူငယ်ချင်းမိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာဒေါ်ကျင်လှိုင် (တောင်ငူ)
### ကလေးကျန်းမာပညာဌာန
### မန္တလေးကလေးဆေးရုံ(ခုတင်-၅၅၀)
### အသက်(၅၁)နှစ်

ဆေးတက္ကသိုလ်၊ မန္တလေး၊ ကလေးကျန်းမာပညာဌာန၊ ခုတင်-၅၅၀၊ မန္တလေး ကလေးဆေးရုံကြီးမှ ဆေးလက်တွေ့ပါမောက္ခ၊ ပါမောက္ခ ဒေါက်တာဒေါ်ကျင်လှိုင်သည် ၄-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၉နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါသဖြင့် အတန်းဖော် သူငယ်ချင်းများအားလုံးမှ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ချစ်သူငယ်ချင်းများ**
**[ဆေးတက္ကသိုလ်-၂၊ ရန်ကုန်၊**
**၁၉၈၂၊ (နိုဝင်ဘာ) ပထမနှစ်၊ အမ်ဘီဘီအက်စ်]**

---

### ဦးမောင်နီ(ခ)ဦးနီ
### (မင်္ဂလာစိန်တေးသံသွင်း)
### အသက်(၇၉)နှစ်

ပဲခူးမြို့နေ(ဦးရှပ်စီ-ဒေါ်ကျင်လွမ်း)တို့၏သား၊ ညောင်လေးပင်မြို့နေ (ဦးတိုက်ကွမ်း)-ဒေါ်မြတင်တို့၏သားသမက်၊ (ဦးဟုတ်ကြည်)-ဒေါ်ရီတို့၏တူ၊ ဦးပေါ်ထွန်း-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ဒေါ်ဌေးဌေးမြ၊ ဒေါ်ဌေးဌေးမြင့်တို့၏အစ်ကို၊ ကိုတင်အောင်လွင်-မခိုင်ယဉ်မွန်၊ မသင်းသင်းအေး၊ မောင်ဟန်ထွန်းအောင်တို့၏ဖခင်၊ မောင်ကြည်စိုးဟန်၏အဘိုး၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၁၁၉၊ ပထမထပ်နေ ဒေါ်ခိုင်ခိုင်၏ခင်ပွန်းသည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် လမ်းမတော်မြို့နယ်၊ ၂လမ်း၊ အမှတ် ၄၁ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖုကျန့် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးစိုးသိန်း(ခ)ဦးပု
### (မင်းလှမြို့)
### အသက်(၆၆)နှစ်

မင်းလှမြို့နေ (ဦးဖိုးဆောင်-ဒေါ်ညွန့်လှိုင်) မိသားစု စားသောက်ဆိုင်တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးရင်စိန် - ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ အမှတ် (၁၈) A မြေညီထပ်၊ ပုသိမ်လမ်းနေ ဒေါ်သန်းခင်၏ချစ်လှစွာသောခင်ပွန်း၊ကိုသန်းထိုက်-မယုမွန်လှိုင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဦးမြင့်ဆွေ-ဒေါ်ဝင်းဝင်းကြည်၊ (ဦးမြင့်သိန်း)-ဒေါ်အေးခန်း၊ ဒေါ်ဝင်းဝင်းရီ၊ (ဦးအောင်သိန်း)-ဒေါ်တင်တင်ဌေး၊ ဒေါ်ခင်အေးမြင့်တို့၏ညီ၊ မောင်၊ ဒေါ်ခင်အေးလွင်(မဖြူ)၊ ဦးညွန့်စိန်-ဒေါ်ခင်စန်းဝင်း၊ (ဦးမြင့်စိန်)-ဒေါ်ခင်အေးဝင်း၊ (ဦးအေးသိန်း)-ဒေါ်ကျင်အေး၊ ဒေါ်ခင်အေးရီ(မသျှောက်)တို့၏အစ်ကိုသည် ၆-၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### မဝင်းမင်းလှိုင်(ခ)
### မတိုးတိုး (မြိတ်)
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၄လမ်း၊ အမှတ် ၃၀၊ ဒုတိယလွှာနေ ဦးဖေမောင်-(ဒေါ်ရှုအင်)တို့၏သမီးသည် ၃-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မြိတ်အသင်းမှကားများနံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးတူး(ခ)ဦးကျော်လွင်
### လွင်မိသားစုကားပစ္စည်းဆိုင်
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဈေးရပ်ကွက်၊ မြို့လယ်လမ်း၊ အမှတ် ၃၁နေ ဦးကျော်လွင်သည် ၄-၂-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဦးတင်ဝင်း**
**စိန်ရွှေနန်း**

---

### ဒေါ်ကျင်လန်(ခ)ဒေါ်ကြည်ဝင်း
### (ဗဟိုစည်)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၄၉၊ အခန်း ၁၂နေ (ဦးဟုတ်-ဒေါ်ကြင်ရွှေ)တို့၏သမီး၊ (ဦးဗှာရင်-ဒေါ်ယု)တို့၏ချွေးမ၊ [ဦးမောင်မောင်လှ(ခ)ဦးကျန်စွ]၏ဇနီး၊ ဒေါ်ရှော့လိန်၊ ဒေါ်စွမ်အိန်း၊ ဦးစိန်ကျန်း၊ ဦးစိန်လော၊ ဒေါ်လျန်အိန်း၊ ဦးစိန်တိတ်၊ ဦးစိန်ပြန့်-ဒေါ်လိန်လိန်းတို့၏မိခင်၊ မောင်ဇေယျာလင်း၏အဘွားသည် ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးစိန်ဝင်း အသက်(၆၄)နှစ်
### (ဦးစီးအရာရှိ၊ ငြိမ်း)၊ (စိုက်ပျိုးရေး)

ကသာမြို့၊ (၉)ရပ်ကွက်၊ အပိုင်း(၁) ပတ္တမြားရပ်ကွက်နေ [ဦးဂျူးစီ(ခ) ဦးဘစီ-ဒေါ်သိန်းတင်]တို့၏သား၊ ဝါးခယ်မမြို့၊ သံကြိုးတိုင်ရပ်ကွက်၊ အလင်းရောင်လမ်းသွယ်(၂)နေ ဒေါ်သန်းသန်းဌေး(အထပြ၊ အထက-၂၊ ဝါးခယ်မ)၏ခင်ပွန်း၊ မောင်ညဏ်လင်းထက်(ခ)မောင်သူရ၏ဖခင်သည် ၄-၂-၂၀၁၇ရက်တွင် ၅/၇ အနောက်ကြို့ကုန်း စိုက်ပျိုးရေးမျိုးစေ့ဝင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အနောက်ကြို့ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)
### ရာသက်ပန်အသင်းဝင်အမှတ်(၇၅)
### ဒေါ်နွယ်နီသန်း(ကော့သောင်း)
### အသက်(၇၀)

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နေ (ဦးဖန်-ဒေါ်လတ်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးခင်ရှိန်-ဒေါ်ကျော့ရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်-စီ၊ အမှတ် ၁၀၀၂နေ (ဗိုလ်မှူးအုန်းကျော်)၏ဇနီး၊ (ဦးမြဘူး)၏မရီး၊ (ဦးအွန်း-ဒေါ်ရှုကြည်)၊ (ဦးလျန်-ဒေါ်ရှုလင်)၊ (ဦးကွမ်း)-ဒေါ်အေးလှိုင်၊ (ဦးကင်း)-ဒေါ်ကြင်ဟန်၊ဦးဝီ-ဒေါ်အေးလှ၊(ဦးအေး-ဒေါ်ခင်အေးသက်)၊ (ဒေါ်ဂျွန်)၊ ဦးရန်း၊ ဦးစွမ်း-ဒေါ်ကြဲ၊ ဦးအုန်းသန်း-ဒေါ်တင်ကြူဆွေ၊ ဦးသူရိန်အောင်-ဒေါ်အေးအေးစိုးတို့၏ညီမ၊ ဒေါ်မြဝေ၏အစ်မ၊ မအိအိကျော်၊ မောင်ရဲကျော်တို့၏မိခင်၊ တူ၊ တူမ ၃၃ယောက်တို့၏အဒေါ်သည် ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှအသင်းသူအသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

### ရဟန်းဒါယကာကြီး
### ဦးနေဦး
### တပ်မတော်(ရေ) (အငြိမ်းစား)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ်နုနုအေးတို့၏သား၊ (ဦးထွန်းဝေ-ဒေါ်မြအေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ဗမာအေးရပ်ကွက်၊ရေစက်လမ်း၊ အမှတ် ၄၄၁နေ မအေးအေးထွန်း၏ခင်ပွန်း၊ မသုန္ဒရီဦး(ပထမနှစ်၊ Zoo၊ အရှေ့ပိုင်းတက္ကသိုလ်)တို့၏ ဖခင်၊ ကိုအောင်မျိုးထူး - ဒေါ်သင်းသင်းလှဲ့၊ မခိုင်ခိုင်ထွန်း၊ဦးတင်မြတ်ထွန်း၊ မနီလာထွန်းတို့၏အစ်ကို၊ မချမ်းမြေ့မြတ်နိုးနိုင်၏ဘကြီးသည် ၆-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအေးမောင်(မြိတ်/ကျွန်းစု)
### ငွေစာရင်းအရာရှိ(ငြိမ်း)
### အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၁လမ်း၊အမှတ် ၂၀/၂၂နေ(ဒေါ်ထားရီ)၏ခင်ပွန်း၊ ဗိုလ်မှူးသက်ထွန်း(ငြိမ်း)၊ ဒေါ်သီသီနွယ်(သွယ်နီရတနာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်၊ဗိုလ်ချုပ်ဈေး)၊ဦးတင်ထွန်းအောင်-ဒေါ်ခင်ထွေးရီတို့၏ဖခင်၊ ဒေါက်တာဇော်မင်းဦး-ဒေါက်တာသက်သီရိနွယ်(ခေတ္တ-ဩစတြေးလျ)၊ မသက်သဉ္ဇာနွယ် (ခေတ္တ-ဩစတြေးလျ)၊ ဒေါက်တာယမင်းသက်နွယ်၊ မောင်ညဏ်ထွန်းအေး (B.P.S)၊ မနှင်းဝတ်ရည်အောင် (Grade-VI, B ထ-၅၊ ဗိုလ်တထောင်)၊ မောင်မြတ်ကောင်းသန့် (Grade-III, B ထ-၅၊ ဗိုလ်တထောင်)တို့၏အဘိုး၊ မမွှေးပုံ့ဝေ(ခ)ပေါင်ပေါင်း၏ ဘိုးဘိုးကြီးသည် ၆-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(၁၀၁လမ်း၊ အမှတ်၂၀ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအေးမောင်(မြိတ်/ကျွန်းစု)
### ငွေစာရင်းအရာရှိ(ငြိမ်း)
### အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
### အသက်(၈၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နေ ဦးအုန်းမောင်-ဒေါ်သင်တို့၏သား၊ (ဒေါ်ထားရီ)၏ခင်ပွန်း၊ ဘုတ်ပြင်းမြို့နေ (ဦးမောင်မောင်လှ)-ဒေါ်တင်စိန်၊ ကျွန်းစုမြို့၊(၄)ရပ်ကွက်နေ ဦးလှမြင့်-ဒေါ်လှကြူ၊ ဒေါ်တင်ဝင်း၊ (ဦးကြည်ဝင်း - ဒေါ်အေးကြည်)တို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ဘကြီးသည် ၆-၂-၂၀၁၇ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။(၁၀၁လမ်း၊ အမှတ် ၂၀ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တကုဏ္ဍာစက္က
### (ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌဟောင်း) (မူလဒွာရ)
### သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၂၀)

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်ရန်ကျေးရွာနေ ခမည်းတော် ဦးစိုးထွန်းဦး-မယ်တော် ဒေါ်အောင်ကြာဖြူတို့၏သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းဝိုင်း၊ သာသနာ့ဗိမာန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစက္က(ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌဟောင်း၊ မူလဒွာရ)သည် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၁၂ရက်) ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ညနေ ၃နာရီတွင် ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ရဟန်း၊ သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းနှင့်မြို့နယ်သူ၊ မြို့နယ်သားအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ဈာပနဖြစ်မြောက်ရေးကော်မတီ

သာသနာ့ဗိမာန်ကျောင်းတိုက်၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးဘဖေ(ခ)ဦးစောသိန်းကျော်
### လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
### (ဘိုကလေး-ကျွန်းညိုကြီး)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် ၁၁နေ (ဦးစပုံ-ဒေါ်လှဝင်း)(ကျွန်းညိုကြီးကျေးရွာ)တို့၏သား၊ (ဦးဘအောင်-ဒေါ်မူစိန်)တို့၏သားသမက်၊(ဒေါ်အဲမေ)၏ခင်ပွန်း၊(ဒေါ်ခင်သိန်းမေ)၊ (ဦးအောင်သိန်း)-ဒေါ်ခင်သိန်းရွှေ၊ ဦးဟယ်ရီဖိုး-နော်ရီးထာ၊ စောအော်ဇင်းနီ-နော်ဖေဖေ၊ ဦးမောင်မောင်တာ(ညွှန်ကြားရေးမှူး၊ ပို့/ဆက်)-နော်ရှီဇင်းတာ၊ ဦးတင်ထွဋ်-နော်မေသက်၊ ဦးစောမူးအယ်-နော်သီတာထွေးတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၁ယောက်တို့၏အဘိုးသည် ၅-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၈း၅၅နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၂-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၁၁-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၇နာရီတွင် ပြုလုပ်မည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
### ဦးဘိုနီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၁၀၊ မြေညီထပ်နေ ဦးဘချစ်-ဒေါ်သောင်းတို့၏သား၊ (ဒေါ်မြအေး)၏ခင်ပွန်း၊ ဦးဝင်းရွှေ-ဒေါ်နီနီမာ၊ ဦးကျော်ဇင်ဦး (ခရိုင်ဥပဒေအရာရှိ၊ မြောက်ပိုင်းခရိုင်ဥပဒေရုံး)-ဒေါ်မိုးသီတာဦး(ကညန၊ ကနဦး၊ ထောက်ကြန့်)၊ ဦးယုလွင်-ဒေါ်ခင်မြချိုတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်အဟုန်
### (ဦးကြီးကျန်-ဒေါ်အဟုန် ပွဲရုံ၊ ဘုရင့်နောင်)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၄)ရပ်ကွက်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ အမှတ် (3/B)နေ ဦးကြီးကျန်(ခ)ဦးအေးမောင်၏ဇနီး၊ ဒေါ်တင်တင်အေး-ဦးစောဝင်း၊ ဒေါက်တာလှလှအေး-ဦးမောင်မြင့်၊ ဒေါက်တာခင်ခင်အေး(U.S.A)-ဦးပိန်းရှန်(U.S.A)၊ ဒေါက်တာမြင့်ဦး-ဒေါက်တာဒေါ်ဝင်းကြည်၊ ဒေါ်တင်တင်စန်း-ဦးခင်ဇော်၊ ဒေါ်အေးအေး၊ ဦးဝင်းမြင့်-ဒေါ်သန္တာလွင်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၆-၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

### ဦးအောင်မြင့် အသက်(၆၃)နှစ်
### (Crew Manager)
### VICTORIA AGENCY (YGN) CO.,LTD

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ ၃လမ်း၊ အမှတ်(၂၄/ဘီ)(လေးလွှာ)နေ (ဦးလှတင်-ဒေါ်ကျင်စိန်)၊ (ဦးစိုးသန်း-ဒေါ်မြင့်မြင့်)တို့သား၊ ဦးသန်းစိုး-ဒေါ်ယဉ်ယဉ်စိုး၊ မောင်ဝင်းမြတ်အောင်တို့၏အစ်ကို၊ (ဦးမြသန်း)-ဒေါ်လှမြမေတို့၏သားသမက်၊ ဦးခင်မောင်ဝင်း-ဒေါ်နီနီထွန်း၊ ဒေါ်ခင်လှသွင်၊ ဦးမင်းဆွေ-ဒေါ်ခင်စန်းရီ၊ ဦးသန်းအောင်-ဒေါ်ခင်ထွေးရီ၊ ဦးသက်ဦး-ဒေါ်ခင်ဌေးရီ၊ ဦးကျော်စိုးမိုး-ဒေါ်ခင်ခင်ရီ၊ ဦးကျော်ဇေယျာနိုင်-ဒေါ်ခင်လဲ့ဝင်းတို့၏အစ်ကို၊ (ဒေါ်ခင်လေးရီ)၏ချစ်လှစွာသောခင်ပွန်း၊ ကိုကိုအောင်မြင့်၊ ထူးထူးအောင်မြင့်တို့၏ချစ်လှစွာသောဖခင်သည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၉နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးစိုးမင်း(ခ)စိုးအောင်(ခ)ကိုမော်(ခ)ဝက်သား
### B.Sc (MATHS)
### (1984-1991) RC 3
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၉၀နေ (ဦးသိန်းဦး)-ဒေါ်ကျင်စိန်တို့၏သား၊ လမ်းမတော်မြို့နယ်၊(၃)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၃၉၊ ငါးလွှာနေ ဒေါ်တင်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်သက်ပိုင်စိုး၊ မခိုင်ဇင်သင်းတို့၏ချစ်လှစွာသောဖခင်၊ (ဦးကောလိုက်)-ဒေါ်ကင်းလိန်၊ ဦးလေးမြင့်-ဒေါ်ခင်စန်းအေး၊(ဦးသိန်းထူး)-ဒေါ်ငွေခင်၊ ဦးစန်းရွှေ-ဒေါ်ကြားလျှံ၊ ဦးဝင်းနိုင်-ဒေါ်ခင်နွဲ့၊ ဦးတင်ဝင်း-ဒေါ်လှဝင်းတို့၏ညီ/မောင်၊ ဥူးဥတ္တမ၏အစ်ကို၊ ဦးသက်ထွန်း-ဒေါ်မြမြအေးတို့၏ညီ/မောင်၊ ဦးမြသန်း-ဒေါ်ဌေးဌေးခိုင်တို့၏အစ်ကိုသည် ၆-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော် ၁၃လမ်း၊ အမှတ် ၉၀ နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဆရာတော်များ အရဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းလျာများ ဆက်ကပ်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းစီမံဆောင်ရွက်ပေးရန်၊ လှူဖွယ်ပစ္စည်းများ စနစ်တကျဆက်ကပ်လှူဒါန်းနိုင်ရန်နှင့် ဆွမ်းဆန်တော်လောင်းလှူရာမှာ အချိန်ကြန့်ကြာမှုမရှိအောင် စီမံဆောင်ရွက်ပေးရန်လိုအပ်ကြောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး နာယကအဖွဲ့နှင့် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ထို့အပြင် ဒုတိယသမ္မတက ဆရာတော်ကြီးများ၏ကျန်းမာရေးကို Medical Check Up ပြုလုပ်ပေးရန်၊ အခန်းများတွင် လိုအပ်သော တိုင်းရင်းဆေးဝါး၊ အနောက်တိုင်းဆေးဝါးများ ထည့်ထားပေးရန်၊ အရေးပေါ်လူနာတင်ယာဉ်များ စီစဉ်ထားရှိရန်၊ ပတ်ဝန်းကျင်တွင် ခြင်၊ ယင်များ မရှိအောင် ဆေးဖျန်းပေးရန်တို့ကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားများသို့

*စာမျက်နှာ ၉ ကော်လံ ၁* ◆

# ဟားခါးမြို့ကွက်သစ်အနီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဟားခါးမြို့ ပညာရေးကောလိပ် တည်ဆောက်နေမှု၊ မြို့ကွက်သစ်နေရာချထားမှုနှင့် မြေပြိုမှုဖြစ်ပွားခဲ့သည့် ဟားခါးမြို့ ရှန်းတောင်အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟားခါးမြို့ ပညာရေးကောလိပ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီးက ဟားခါး ပညာရေးကောလိပ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်နှင့် ထပ်မံဖြည့်ဆည်းပေးရမည့် ဝန်ထမ်းအိမ်ရာ၊ ရေသိုလှောင်ကန်၊ ရိက္ခာသိုလှောင်ရုံနှင့် သိပ္ပံလက်တွေ့ဆောင် လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း တည်ဆောက်နေသည့် သင်တန်းသား နှစ်ထပ်စာသင်ဆောင်၊ နှစ်ထပ်အိပ်ဆောင်၊ တစ်ထပ်စားသောက်ဆောင်နှင့် စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ဧရာဝတီလင်းပိုင်စာရင်းကောက်ယူရေးရေယာဉ် မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းအနီးမှ စတင်ထွက်ခွာလာစဉ်

# လင်းပိုင်စာရင်းကောက်ယူရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် WCS တို့ ထွက်ခွာ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေး-ဗန်းမော် ဧရာဝတီလင်းပိုင် သုတေသနပြုခရီးစဉ်နှင့် စစ်တမ်းကောက်ယူခြင်းကို ဧရာဝတီလင်းပိုင် ရေယာဉ် အမှတ်-၀၀၁ ဖြင့် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက ငါးလုပ်ငန်းဦးစီးဌာနနှင့် WCS တို့ ပူးပေါင်းအဖွဲ့သည် မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းအနီး သဲသောင်ပြင်မှစတင်ကာ ဗန်းမော်ထိ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်သည် နှစ်စဉ် ဖေဖော်ဝါရီလတွင် ခရီးရှည်အဖြစ် ပုံမှန်

*စာမျက်နှာ ၉ ကော်လံ ၅* ●

**၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒ ဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ**

စာမျက်နှာ(၁၉၊ ၂၀)တွင် ဖော်ပြပါရှိသည်

**မုံရွာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ လွှတ်တော်သို့ လာရောက်လေ့လာ**

*စာ - ၅*

# ညောင်ချောင်းသာအပန်းဖြေကမ်းခြေ ဖေဖော်ဝါရီ ၈ ရက်တွင် ဖွင့်လှစ်မည်



**ထွန်းကျော်(ညောင်တုန်း)**

**ညောင်တုန်း ဖေဖော်ဝါရီ ၆**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့၏ အနောက်ဘက် ရန်ကင်းစံရာကျေးရွာတွင် သဘာဝ သဲသောင်ပြန့်ပေါ်၌ အပန်းဖြေစရာ ရန်ကင်းသာ (ညောင်ချောင်းသာ)အပန်းဖြေကမ်းခြေသည် နှစ်စဉ် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသော ကမ်းခြေတစ်ခုဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာဖွင့်လှစ်မည်**

အဆိုပါကမ်းခြေကို ယခင်နှစ်များနှင့်မတူဘဲ ကမ်းခြေသို့ ကားတိုက်ရိုက်ဆင်းနိုင်ရန်၊ ကျယ်ပြန့်သော သဲသောင်ပြန့်ပေါ်တွင် ရေကစားနိုင်ရန်၊ ဘေးအန္တရာယ်ကင်းစေရန် အစီအမံများဖြင့် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ဝင်းထံမှ သိရသည်။

